


www.burmeseclassic.com
ဟောင်ဒေါ
(တောင်ငူ)
BURMESE CLASSIC
နှ်ယိုကျား
ဝတ္ထုတိုပေါင်းချုပ်
(၁၈ နှစ်အောက်မဖတ်ရ)
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
* ပြဋ္ဌာန်းသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မောင်ဆွေ(တောင်ငူ)

# မုန်ယိုကျားနဲ့ တောရိုင်းစံပယ်

## မှုခင်းဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၂၇၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၀၁၀၆၀၉
မျက်နှာဖုံးပန်းချီ - သိုက်ဦး၊ အကြြင်နာ(Graphic)
ကွန်ပျူတာ - Deep Blue

■

**ပုံနှိပ်ခြင်း**

ပထမအကြိမ်
၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၈၀၀ ကျပ်

■

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးဆန်းထူးစိုး၊ ဆန်းသင်္ဂေပုံနှိပ်တိုက် (၀၄၆၉၈)
၁၉၈/၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဦးမင်းလွင်၊ သက်တံဆည်းဆာစာပေ (၀၄၂၂၄)
အမှတ်-၁၁/၁၂၆လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

■

**ဖြန့်ချိရေး**

သုံးနားညီစာပေ
အမှတ် ၂၀၂(ဒီ)၊ မိုးရထားရိပ်သာဝင်း၊
ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## မာတိကာ

စာရေးသူ၏အမှာ

- မုန်ယိုကျားနဲ့တောရိုင်းစံပယ် ၉
- ဇာတ်ညွှန်းနှင့်ဇာတ်သိမ်း ၂၉
- ရေကြည်ကိုမွှေနှောက်၍
  ရေနောက်ကိုသောက်ကြသည် ၅၁
- စကားတစ်ခွန်းအမှားစွန်းမိလေတယ်ကြောင့် ၇၅
- နောက်ပြန်မှန်သောမြားတစ်စင်း ၈၉
- ညမှောင်မှောင် လအရောင် မဆမ်းသော်လည်း ၁၀၇
- ပွဲစင်ကလှူပ် လှိုင်းကပုတ်သော် ၁၂၉
- ချုံပုတ်ထဲက ညည်းသံကြီး ၁၅၃
- ကိုးတောင်ကျားကို အလမ္မာယ်ပြုမိသူ ၁၈၃
- တွက်နည်းမှားသောရလဒ်များ ၁၉၉
- ဘယ်သူ့ကြက်ဖနိုင်နိုင် ၂၁၉
- ဖြစ်လေလေရာ ဘဝတိုင်းမှာဗျာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

## တာရေးသူ၏အမှာ

ယနေ့ခေတ်၌ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝလုံခြုံစိတ်ချရစေရေးတို့အတွက် ရည်ရွယ်ရေးသားတင်ပြသော မှုခင်းပညာပေးသတင်း၊ ဆောင်းပါး၊ ဝတ္ထုများတို့သည် ဆူကြုံနိမ့်မြင့်မခြား အလွှာအသီးသီးသော ပြည်သူတို့အကြားဝယ် ကျယ်ကျယ်ပြန့်ပြန့် စိမ့်ဝင်ထိုးဖောက်ပျံ့နှံ့လျက်ရှိနေကြပြီဖြစ်သည်။

ပညာပေးဖြန့်ဝေကြသည့် မှုခင်းသတင်း၊ မှုခင်းဆောင်းပါး၊ မှုခင်းဝတ္ထုတို့၏ အကျိုးကျေးဇူးတရားတို့ကြောင့် ဒုစရိုက်သမားတို့၏ခြေလှမ်းကို ပြည်သူများမှ ကြိုတင်တွက်ဆသိမြင်လာနိုင်ခြင်း၊ ရှောင့်ရဲခြင်းတရားများကို လက်ကိုင်ထားတတ်လာလျက် သတိတရားတို့ဖြင့် လောဘကို ထိန်းချုပ်လာနိုင်ခြင်းတို့ကြောင့် ဒုစရိုက်သမားတို့၏ လိမ်လည်မှုကိုခံရသောသားကောင်ဘဝမှ လွှန်မြောက်ရှောင်ရှားလာနိုင်တတ်ခြင်း၊ ဒေါသကိုထိန်းချုပ်နိုင်လာခြင်းတို့ကြောင့် မိသားစုအသိုက်အမြုံပြိုကွဲမည့်ဘေးဒုက္ခ၊ ဥစ္စာစီးပွားပျက်သုဉ်းမည့်ဘေးဒုက္ခတို့မှ ရှောင်ကွင်းလာနိုင်ခြင်း စသော ကောင်းကျိုးချမ်းသာ သုခအဖြာဖြာတို့သည် ပြည်သူတို့အတွက် ဆထက်တိုးပွား၍ လက်ငင်းအကျိုး များစေခဲ့ကြလေပြီ။

ထို့ကြောင့် တစ်စုံတစ်ခုသော မှုခင်းအသိပညာရှင်များ

www.burmeseclassic.com

ရရှိစေရန်ဆန္ဒဖြင့် မှုခင်းဝတ္ထုတိုများအား နှစ်ခြိုက်စွဲမက်စွာ ဖတ်ရှုသူတရာမိုးဖတ်ရှုတတ်ကြသည့် စာချစ်သူပရိသတ်တို့ အတွက် မှုခင်းသတိ၊ မှုခင်းအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် တိုးပွားရရှိကြစေရန် ရည်သန်၍ ကျွန်ုပ်ရေးသားခဲ့သမျှသော ပြစ်မှုမဂ္ဂဇင်း၊ မှုခင်းရှထောင့်မဂ္ဂဇင်း၊ နီလေးမောင်ဖြစ်ရပ်မှန် မဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်း၊ မှုခင်းစုံမဂ္ဂဇင်း၊ မှုခင်းအမြင် မဂ္ဂဇင်း၊ တကယ့်ဖြစ်ရပ်မဂ္ဂဇင်း အစရှိသော မဂ္ဂဇင်းအသီးသီး တို့၌ ဖော်ပြပါရှိပြီးခဲ့သည့် မှုခင်းဝတ္ထုတိုများအား စုစည်းလျက် ဤ 'မုန်ယိုကျားနဲ့ တောရှိုင်းစံပယ်' မှုခင်းဝတ္ထုတိုပေါင်းချုပ် အား စီစဉ်တင်ဆက်လိုက်ခြင်းဖြစ်ပါသည်။

သို့ရာတွင် မှုခင်းစာပေ၊ မှုခင်းဝတ္ထုတိုများသည် လူငယ်များအတွက် နားလည်မှုလွဲမှားစေနိုင်ပြီး အတုခိုးမှားစေ တတ်သည်ဟု အချို့သော သတင်းစာပညာရှင်ဆရာကြီးများ တို့မှ ဆိုမိန့်ခဲ့ကြဖူးလေရာ ကျွန်ုပ်အနေဖြင့် အဆိုပါ သတင်းစာ ပညာရှင် ဆရာကြီးတို့၏ အယူအဆ အဆိုအမိန့်များနှင့် ဝိရောဓိမဖြစ်လိုပေ။

သို့ပါ၍ ဤ 'မုန်ယိုကျားနဲ့ တောရှိုင်းစံပယ်' မှုခင်း ဝတ္ထုတိုပေါင်းချုပ်အား (၁၈)နှစ်အောက် လူငယ်မောင်မယ်များ မဖတ်ရှုကြစေလိုပါကြောင်း. . . ။

မောင်ဆွေ(တောင်ငူ)

သုံးနှားညီစာပေ



www.burmeseclassic.com

www.burmeseclassic.com

## မုန့်ယိုကျားနဲ့ တောရိုင်းစံပယ်

ကားရထားမှ ငြိမ့်ခနဲထိုးရပ်လိုက်သည်နှင့် ကျွန်တော်သည် အုတ်တွင်းဘူတာသို့ ခြေချမိပြီးသားဖြစ်နေ၏။

ဟေမာန်ဆောင်းဦး၏ လေနုအေးအေးသည် ကျွန်တော့်ပါးပြင်ကို ညင်သာစွာ တိုးဝှေ့ကျီစယ်နမ်းရှိုက်သွား၏။

လက်တို့ထုံကျင်နေသဖြင့် ဂျာကင်အိတ်အတွင်းသို့ ထည့်ကာ ရဲစခန်းဘက်သို့ ခပ်သုတ်သုတ်လျှောက်ခဲ့၏။

စခန်းအတွင်းသို့ဝင်ဝင်ချင်းပင် ဂါတ်စာရေးကြီးရဲ့အရာခံတင်လှအား တွေ့လိုက်ရသဖြင့်. .

"စာရေးကြီး. . အလုပ်တွေများနေလား"





"ထုံးစံအတိုင်းပေါ့ ဆရာဆွေရယ်. . နားရတယ်လို့ မရှိပါဘူး. . ကဲ. . ဆို. . ကျွန်တော် ဘာကူညီရမလဲ. . ကူညီပါရစေ. . ဟဲ. . ဟဲ. . ဟဲ. ."

"ဒီလို စာရေးကြီးရေ. . တလောက ရိုးမတောင်ပေါ်မှာဖြစ်တဲ့ ၃၇၆ ကိစ္စကလေး. ."

"ရိုးမတောင်ပေါ်မှာမဟုတ်ဘူးဆရာဆွေရဲ့. . ဒီဘက်တောင်ခြေမြောင်တွေထဲရောက်လာပြီ. . အမှုက တရားစွဲတင်ပြီးပါပြီ. . တိုင်ချက်ကတော့ ဒီမှာကြည့်လိုက်. . အကြောင်းအချက် အလက်အစုံသိချင်ရင်တော့ အမှုစစ်အရာရှိ ဒုရဲအုပ်စခန်းမှူး ဦးတင်မောင်စိုးနဲ့တွေ့လိုက်နော် ဆရာဆွေ"

"ကျေးဇူးပဲ စာရေးကြီး"

ကျွန်တော်သည် စာရေးကြီး အရာခံတင်လှကမ်းပေးလာသော တိုင်ချက်မိတ္တူကို လေ့လာမှတ်သားလိုက်ပြီး အမှုစစ်ဒုရဲအုပ်စခန်းမှူးတင်မောင်စိုးနှင့် တွေ့ဆုံလိုက်၏။

"သူ့ကို အရပ်ယဲဟတော့ အော့ကြောလန်တဲ့ လူမှုပ်တစ်ယောက်အဖြစ်သတ်မှတ်ထားကြတယ် သတင်းထောက်ရဲ့. . နာမည်က သက်ထွန်းတဲ့. . ဗောဓိကုန်းမှာနေတာ[illegible]

အလုပ်အကိုင် မယ်မယ်ရရမရှိပေမယ့် [illegible]

www.burmeseclassic.com



လိုလို အရက်မူးနေတတ်ပြီး ပြဿနာတစ်ခုခုကိုလည်း အမြဲရှာလေ့ရှိတယ်. . ဒါကြောင့် လူတွေက သူနဲ့တုဖက်မဖြစ်ချင်လို့ ရှောင်နေကြတယ်လေ. . ဒါကို သူက တလွဲတွေးပြီး သူ့ကို လူတွေက ကြောက်နေကြတယ်ဆိုပြီး သူ့ကိုယ်သူ လူမိုက်လို့ ကင်ပွန်းတပ်ထားတဲ့သူပေါ့။

အဲဒီစရိုက်တွေထက်ပိုဆိုးတဲ့အကျင့်ဆိုးတစ်ခုက မိန်းကလေးတွေကို ထိကပါးရိကပါးလုပ်တတ်တဲ့အကျင့်ပဲ. . ဒါကြောင့် သူ့ရွာက သမီးရှင်တွေဆိုရင် သူ့ကို ဆေးဖော်ကြောဖက် မလုပ်ကြဘူး ကိုဆွေရဲ့။

ဒီတော့ အရက်ကိုလည်းကြိုက်၊ မိန်းမဆိုလည်းလိုက်တဲ့ သက်ထွန်းဟာ တစ်နေ့ ပြည့်တန်ဆာအိမ်မှာ သွားရောက်ပျော်ပါးဖို့လုပ်နေတုန်း သတင်းရလို့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရယကလူကြီးတွေ ပြည့်တန်ဆာအိမ်ကိုဝင်ဖမ်းတော့ သက်ထွန်းဟာ မပျော်ပါးလိုက်ရဘဲ ထွက်ပြေးသွားတယ်လေ. . ကျွန်တော့်အထင်ကတော့ သက်ထွန်းဟာ မုန်ယိုနေတဲ့လူတစ်ယောက်လို့တောင် ထင်မိတယ်. . ဇာတ်လမ်းက အဲဒီမှာ စတော့တာပဲ ဆိုရမှာပေါ့ ကိုဆွေရယ်. ."

■



အချိန်က နေဝင်ဖျိုးဖျ. . ပဲခူးရိုးမတောင်ကြီးပေါ်ရှိ နေရာအနှံ့အပြား၌ သစ်ခုတ်၊ ဝါးခုတ်စခန်းများ သူ့အစုနှင့်သူ ရှိနေကြ၏။

'မြောင်ရှည်တဲစု' ဝါးခုတ်စခန်းသို့ ဈေးလာရောင်းကြသော အမျိုးသမီး (၃)ဦးမှာ ရွာကိုအပြန် မှောင်မည်စိုး၍ ကတိုက်ကရိုက် ရောင်းဝယ်ဖောက်ကားမှုပြုနေကြ၏။

"ဟဲ့. . ရွှေရည်နဲ့မခိုင်. . အဆင်သင့်ဖြစ်ရင် ပြန်ကြရအောင်. . လမ်းမှာ မှောင်နေမယ်"

"ရပါတယ်ကွယ်. . တို့က (၃)ယောက်တောင်. . လူများတာပဲ. . စိုးရိမ်စရာမရှိပါဘူး"

"ဟဲ့. . တောကောင်တွေ ဘာတွေနဲ့တိုးနေမှာစိုးလို့"

"အိုအေ. . ရိုးမတောမှာ သားကောင် ဒီလောက်မပေါပါဘူး၊ ကြောက်စရာရှိရင် လူကိုပဲကြောက်ရမှာ"

"ဒါကတော့ ရွှေရည်ရယ်. . ညီမတို့ကို ဒီနယ်တစ်ဝိုက်မှာ မသိသူမှမရှိတာ. . ဒီအတွက်လည်း စိတ်မပူပါနဲ့. . ပြီးတော့ တို့က (၃)ယောက်ဆိုတော့ တော်ရုံလူ အနားကပ်ရဲမှာ မဟုတ်ပါဘူး"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အားပေး



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်း ရိုးမတောင်တန်းကြီးပေါ်မှ ခပ်သုတ်သုတ်ပြန်လာကြ၏။

နေလုံးနီနီကြီးမှာ ရိုးမတောင်တန်းကြီးပေါ်မေးတင်ထားရာမှ ညောင်းညာလာပြီထင်၏။ တဖြည်းဖြည်းနှင့် ငုပ်လျှိုးပျောက်ကွယ်စပြုလာချေပြီ။

နေလုံးနီနီ ကွယ်ပျောက်ငုပ်လျှိုးသွားခါနီး ပါရမီဖြည့်ဖက် လစန္ဒာမှာ ငွေရောင်တို့ ဖိတ်ဖိတ်ပြာလျက် အရှေ့ဆီအရပ်မှ ပေါ်ထွက်လာချေပြီ။

ရိုးမတောကြီးများသည် မြန်မာနိုင်ငံသားတို့အတွက်ငွေတော၊ ရွှေတောကြီးများဖြစ်ကြ၏။

နွေဦးပေါက်၍ လယ်ယာလုပ်ငန်းခွင်များပြီးဆုံးသွားသောအခါ ကျေးလက်နေလူတန်းစားတို့မှာ ရိုးမတောပေါ်တက်၍ ငွေရှာကြ၏။

ထင်းတိုက်ရောင်းရန် အားသန်သူက ရိုးမတောပေါ်မှသစ်ပင်ခြောက်များရှာဖွေ၍ ခုတ်လှဲကာ လိုအပ်သည့်အရွယ်အစားများ ခွဲခြမ်းစိတ်ဖြာ၍ ရွာသို့ နွားလှည်းများဖြင့် ပြန်လည်သယ်ဆောင်ကာ အလိုရှိသူများထံ ရောင်းချကြ၏။

သစ်တိုက်ရန် အားသန်သူများက သစ်များကို တရား





မဝင်ခိုးခုတ်ပြီး တရားမဝင်သစ်ခွဲစက်များသို့ မှောင်ခိုဈေးဖြင့်သယ်ပို့ရောင်းချကြ၏။

ထို့အတူ ဝါးခုတ်ရန် အားသန်နေသူများက ဝါးခုတ်ပြီးလှည်းနှင့်တိုက်(သယ်ပိုး)၍ ဝါးကုန်သည်များထံ ရောင်းချကြ၏။

ထိုသို့ တောင်ပေါ်တက်၍ ကိုယ့်တဲစုနှင့်ကိုယ်နေကြသော သစ်ခုတ်ဝါးခုတ်သမားများထံ ညိုမတို့ကဲ့သို့ ဈေးသည်များက မိမိတို့ကျေးရွာမှထွက်မသော ဆန်၊ ပဲ၊ ငရုတ်များအပြင်မြို့မှတစ်ဆင့် ဝယ်ယူရရှိသော ငါးခြောက်၊ ငါးပိ၊ မုန့်ပဲသရေစာမျိုးစုံနှင့် ဆေးလိပ် အစရှိသည့် ကုန်ပစ္စည်းရိက္ခာများ သွားရောက်ရောင်းချလေ့ရှိကြရာ ရိုးမတောကြီးမှာ ကျေးရွာသူ၊ကျေးရွာသားတို့၏ ခေါင်းအုံးအိပ်၍ငွေရှာရာ ငွေတောငွေတောင်၊ ရွှေတောရွှေတောင်ကြီးဖြစ်နေတော့၏။

နွေဦးလွန်မြောက်၍ မိုးရာသီရောက်သောအခါတွင်လည်း အချို့မှာ လယ်ယာလုပ်ငန်းခွင်မရှိ၍ တောင်ပေါ်၌ပင်စခန်းချကာ ရေလမ်းခရီးအသုံးပြု၍ သစ်ဖောင်မျှောခြင်း၊ ဝါးဖောင်မျှောခြင်းလုပ်ငန်းများဖြင့် ငွေရှာကြပြန်သေး၏။

ညိုမ၊ မခိုင်၊ ရွှေရည်တို့သုံးဦးမှာ ပဲကြီးခုံရွာအစ်ရွာ

www.burmeseclassic.com



တည်း အတူနေသူများဖြစ်ကြပြီး အားလုံးမှာ မိဘကိုလုပ်ကျွေး နေသူများဖြစ်ကြ၏။

မိဘများက အသင့်အတင့် ပြေလည်ကြသော်လည်း ကျေးရွာနေသူတို့၏ဓလေ့စရိုက်အတိုင်း အလုပ်ရှိမှ ကျေနပ်ကြသူများဖြစ်၍ တောင်ပေါ်နှင့် မြေပြန့် ခြေလျင်ဈေးရောင်းထွက် နေကြသူများဖြစ်ကြ၏။

ကျေးလက်တောသူများဖြစ်သော်ငြားလည်း သုံးဦးစလုံးမှာ အသားဖြူကြ၏။ သို့သော် နေပူမရှောင် ဈေးရောင်းထွက်နေသူများဖြစ်၍ ဖြူသောအသားမှာ နီကျင်ကျင်အရောင်သန်းနေကြပြီး နေ့စဉ်နှင့်အမျှ တောင်ဆင်းတောင်တက် ခရီးကြမ်းနှင်၍ ဈေးရောင်းထွက်နေသူများဖြစ်ပြန်ရာ သလုံးသားနှင့် ပေါင်တံ၊ တင်ပဆုံဖွံ့ဖြိုးမှုတို့မှာ မြို့သူများကဲ့သို့ အရေးဗစ်သင်တန်းတက်ရန်မလိုဘဲ ကျစ်လျစ်ဖွံ့ထွား လှချင်တိုင်းလှနေကြတော့၏။

ထို့ကြောင့်လည်း ၎င်းတို့သုံးဦးအား ရွာနီးချုပ်စပ်ကာလသားများက တောပန်းစံပယ်သုံးပွင့်ဟု အမည်ပေး တင်စားခေါ်ဝေါ်ကြလေသည်။

"ဟေ့. . မခိုင်ရေ. . ဆည်မြောင်းလမ်းဘက်ကသွားရင် ပိုကောင်းမယ်ထင်တယ်"

သုံးနားညီတာပေ



"ဟုတ်တာပေါ့. . ခပေါင်းချောင်းမြောက်ဘက်ကမ်းကဆို လျှိုမြောင်တွေပေါလို့ လမ်းကလည်းဆိုးသေးတယ်. . တော်တော်နဲ့ ရွာပြန်ရောက်မှာမဟုတ်ဘူး. . ရွှေရည်ရော ဘယ်လိုသဘောရသလဲ"

"ညည်းတို့ပြောသလို ဆည်မြောင်းလမ်းကပဲ သွားကြပါအေ"

သုံးဦးသား ခပေါင်းချောင်းတောင်ဘက်ကမ်း ဆည်မြောင်းလမ်းမှ ပြန်လာကြ၏။ ပြောစရာစကားလည်း မရှိ၊ တောတောင်၏ သစ်ရိပ်ဝါးရိပ်များကြောင့် အမှောင်ထုကြီးစိုးလာသည်နှင့်အမျှ အအေးဓာတ်ကပါ ဝင်စွက်လာပြန်ရာ တစ်ယောက်ကိုတစ်ယောက်ထုတ်မပြောဝံ့၍သာ မျိုသိပ်နေကြရသော်လည်း မိန်းမသားတို့သဘာဝအတိုင်း စိုးရွံ့ထိတ်လန့်မှုတို့ကိုယ်စီ၏ရင်တွင်း၌ ကိန်းအောင်းလာကြ၏။ ထို့ကြောင့်လည်း တစ်ဦးနှင့်တစ်ဦး မတိုင်ပင်ထားပါဘဲနှင့် ပျောက်တိပျောက်ကျားထိုးကျလာသော လရောင်အားကိုးဖြင့် လမ်းကိုသာ ဂရုစိုက်ကာလျှောက်လှမ်းရင်း ခြေလှမ်းများမှာ တဖြည်းဖြည်း မြန်သည်ထက် ပို၍မြန်လာကြတော့၏။

■

www.burmeseclassic.com



နဘူးမြောင်အရက်ဝိုင်းက ခြောက်ကပ်ကပ်နိုင်လှ၏။ အရက်တစ်လုံးကုန်သွားသည်နှင့် ဇာတိပြလာသောသက်ထွန်းအား ဝေးလူများက ဝိုင်းဝန်းကြိမ်းမောင်းကြ၍ သက်ထွန်းတစ်ယောက်တည်း နဘူးမြောင်အရက်ဆိုင်က ပြန်လာခဲ့၏။ အကြောင်းက ထုံးစံအတိုင်း မူးမူးနှင့် အရက်ရောင်းသူ မတိုးအား သက်ထွန်းက ထိကပါးရိကပါးပြောမိခြင်းပင်။

ပါးစပ်ကလည်း စည်းမစောင့်၊ လက်ကလည်း စည်းမစောင့်သော သက်ထွန်းအား လူတိုင်းက နှာခေါင်းရှုံ့ကြ၏။ ဒီတစ်ခါတော့ သက်ထွန်း ခေါင်းမတောင်ရဲ။ လက်တွင် ငှက်ကြီးတောင်ဓားတစ်လက်ပါသော်လည်း အရက်ဆိုင်တွင် အရက်ထိုင်သောက်နေကြသူတိုင်း၌လည်း ကိုင်းခုတ်ဓား ကိုယ်စီပါနေ၍ သက်ထွန်း ဓားစွမ်းမပြရဲခဲ့။ ထို့ကြောင့် မကျေမချမ်းနှင့် ခြေလှမ်းတို့ကိုရေရင်း ရိုးမတောင်တန်းကြီးကို ကျောခိုင်း၍ ဇောမိကုန်းဘက် ပြန်လာခဲ့၏။

ခုတလော ကံမကောင်းဟု သက်ထွန်း ထင်မိ၏။ ဟိုတလောကလည်း ပြည့်တန်ဆာအိမ်သို့ရောက်ကာမှ ရဲများဝင်ဖမ်းသည်နှင့်တိုး၍ အပျော်မကြူးလိုက်ရဘဲ ထွက်ပြေးခဲ့ရသည်။

သုံးနှားညီတာဝပ



ခုလည်း မတိုးကိုသွားစ,မိတာ ကံကြီးလို့ ဓားနဲ့ဝိုင်းခုတ်မခံရခြင်းဖြစ်၏။

ပြန်သာပြန်ခဲ့ရသည်။ နဘူးမြောင်အရက်ဆိုင်တွင် အရက်ရောင်းနေသည့် ကိုကျော်ကြီး၏ဇနီး မတိုးမျက်နှာကို သွားရင်းလာရင်း မြင်ယောင်နေဆဲ။

တောထဲတောင်ထဲ ဆံကေသာဖရိုဖရဲနှင့် အဝတ်အစားတို့မှာ ကဗျစ်ကညစ်နိုင်လှစွာဖြင့်ဝတ်ထားသော မတိုး၏ သဘာဝအလှမှာ သက်ထွန်းကို ရင်ခုန်စေခဲ့၏။

"ဟင်း. . တောက်. ."

ကျိတ်မနိုင်ခဲမရစွာဖြင့် သက်ပြင်းကို အခါခါချရင်း ခြေလှမ်းလိုက်တိုင်း တစ်မျိုးတစ်ဖုံစီအသွင်ပြောင်းမြင်နေရသည့် ကိလေသာအာရုံတို့ကို အဖော်ပြု၍ သက်ထွန်း ခရီးဆက်လာခဲ့၏။

ရှင်ပင်ကြွက်သောက်လမ်းခွဲသို့အရောက် မိမိရှေ့မှ ဖြတ်ဆင်းသွားသော အမျိုးသမီးသုံးယောက်၏ပုံရိပ်ကို လရောင်အောက်၌ ထင်ထင်ရှားရှားတွေ့လိုက်ရသဖြင့် အညှီရှာနေသော ယင်ကောင်ကဲ့သို့ သက်ထွန်းသည် အရှေ့ဆီမှ အမျိုးသမီးသုံးယောက်နောက်သို့ မပြေးရုံတမယ် ခပ်သွက်သွက် လှမ်းကာ လိုက်သွားတော့၏။

သုံးနှားညီတာဝပ

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်. . ဘယ်ကပြန်လာကြတာလဲ"

"အို. ."

"အမေ့. ."

"အမယ်လေး. ."

ရှင်ပင်ကြက်သောက်လမ်းခွဲသို့အရောက် ဘယ်အချိန်ကတည်းက နောက်ကကပ်၍လိုက်လာမှန်းမသိရသော လူကစ်ယောက်က အသံဩဩကြီးဖြင့် အနားကပ်၍မေးလိုက်သံကြောင့် ညီမတို့သုံးဦးလုံး ရုတ်တရက် ထိတ်လန့်သွားကာ အာမေဋိတ်များပြုမိကြတော့၏။

မေးလာသူထံမှ ချဉ်စူးစူးအရက်နံ့က အော့နှလုံးနာစရာကောင်းလောက်အောင် စူးစူးဝါးဝါးရှိလှသည့်အပြင် အရက်ခိုးများဝေ၍ အဆီပြန်နေသောမျက်နှာက မပီဝိုးတဝါး လရောင်အောက်တွင် ဘီလူးသဘက်တစ်ကောင်၏မျက်နှာအလား ကြောက်စရာကောင်းလှတော့၏။

ထိုသူကို ညီမတို့သုံးဦးလုံးမသိ။ ထိုသူ၏လက်တွင်းမှ အရောင်တလက်လက်တောက်နေသော ငှက်ကြီးတောင်ဓားက ညီမတို့ကို အကြောက်ပိုစေခဲ့၏။





"ကျွန်မတို့ ဈေးရောင်းကပြန်လာတာ"

"ဘယ်ရွာပြန်မှာလဲ"

"လက်ပံရွာပြန်မှာ"

"အဟီး. . ဟီး. . ဟီး. . မဖြီးနဲ့။ ငါ လက်ပံရွာသားဆိုတာ မသိတဲ့လူမရှိဘူး"

"လက်ပံရွာကဟုတ်ဟုတ်,မဟုတ်ဟုတ် ရှင့်အလုပ်မဟုတ်ပါဘူး။ ဖယ်ပါ။ ကျွန်မတို့ ရွာအပြန်နောက်ကျနေပြီ"

"ချစ်စရာလေးတွေပါလား. . ချစ်လို့ပါကွာ. . သုံးယောက်လုံး အမိုက်စားလေးတွေချည်းပဲ. . ငါနဲ့အတူ ချစ်တမ်းကစားကြရအောင်လေ"

"ဟင်. . ရှင် လူမဟုတ်ဘူးလား. . မိုက်ရိုင်းလှချည်လား. . ရှင့်မှာ အမေတွေ၊ နှမတွေ မရှိဘူးလား"

"အလဲ့. . မင်းစကားကြာ နားထောင်လို့ကောင်းသားပဲ. . မင်းက ပိုမိတယ်. . ဒီတော့ မင်း ငါနဲ့လိုက်ခဲ့. . မလိုက်ရင် ဒီမှာ တွေ့လား"

သက်ထွန်းသည် အရက်မူးနေသော်လည်း ရမ္မက်နှင့်ပတ်သက်လာလျှင် အမြဲ သွက်လက်ဖျတ်လတ်နေသဖြင့် ယော်ရန်ဟန်ပြင် ပါးပျဉ်းထောင်နေသည့် မြွေဟောက်အား ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆတ်ခနဲဖမ်းယူလိုက်သည့်နှယ် ဖေါ်သတကြီးရန်တွေ့နေသော ရွှေရည်၏ဆံပင်ကို ဆတ်ခနဲ ဆောင့်ဆွဲ၍ ရွှေရည့်တစ်ကိုယ်လုံး လက်တစ်ဖက်ဖြင့်သိုင်းဖက်လိုက်ပြီး ကျန်လက်တစ်ဖက်မှ ဓားဖြင့်ထိုးခုတ်မည့်ဟန်ပြုကာ ချိန်ရွယ်ထောက်ထားလိုက်၏။

"မခိုင်ရေ. . . ကယ်ပါဦး။ လူယုတ်မာ. . လွှတ်. . လွှတ်"

"အဲသလိုမလုပ်ပါနဲ့ရှင်. . ကျွန်မသူငယ်ချင်းကို လွှတ်လိုက်ပါ"

"ဟုတ်ပါကယ်ရှင်. . ကျွန်မတို့သူငယ်ချင်းကို လွှတ်ပေးပါ"

"ပါးစပ်ထဲရောက်ကာနီးသမင်ကိုများ ဘယ်ကျားက ပြန်လွှတ်ပေးရိုးထုံးစံရှိသလဲ. . နင်တို့ မသေချင်ရင် ပြန်. . ဒီမှာတွေ့လား. . ဓားစာမိသွားမယ်"

အရက်ခိုးနှင့် ရမ္မက်ခိုးတို့ ပြိုင်တူဆူဝေနေသော သက်ထွန်းမှ ဓားကို ဝှေ့ရမ်းနေရာ မခိုင်၊ ညိုမတို့မှာ ကြောက်လန့်ပြီး ထိုဓားကို အသွားဘက်မှ ဝင်၍အတင်းဆွဲလုရာ၏။ အရိုးဘက်မှကိုင်ထားသော ယောကျ်ားနှင့် အသွားဘက်မှလုနေသော





မိန်းမသားတို့ အားချင်းမယှဉ်နိုင်။ ညိုမနှင့် မခိုင်တို့လက်မှာ ဓားပြတ်ပြီး သွေးများထွက်လာ၏။

"ဒါလောက်ဖြစ်လှတဲ့ လူယုတ်မာ. . ကဲဟယ်. ."

ညိုမ၏ မထင်မှတ်သော လက်သည်းဒဏ်ကြောင့် သက်ထွန်း၏မျက်လုံးများ ကြယ်တွေလတွေမြင်ကုန်၏။

"အား. ."

ရွှေရည်အားပွေ့ထားသောလက်ကို ယောင်ယမ်း၍ လွှတ်လိုက်ပြီး မိမိမျက်နှာကို စမ်းကြည့်လိုက်၏။

လက်သည်းဒဏ်ရာကြောင့် သက်ထွန်း၏မျက်နှာ၌ သွေးများ ဖြိုင်ဖြိုင်ကျလာ၏။

ရှိုးမတောတွင်းတစ်နေရာ၌ မုန်ယိုနေသော အရက်သမား လူရမ်းကားသက်ထွန်းနှင့် တောပန်းစံပယ် အပျိုရိုင်းတို့ အသက်နှင့်အရှက်ကိုလုသည့်ပွဲ ဆင်နွှဲကြချေပြီ။

ကောင်းကင်ယံမှ ဖိုးရွှေလသည် ပျောက်တိပျောက်ကျား သစ်ရိပ်ဝါးရိပ်များအောက်မှ မပီဝိုးတဝါးမြင်တွေ့နေရသောမြင်ကွင်းကို စိတ်မချမ်းမြေ့စွာဖြင့် ကြည့်နေ၏။

"မခိုင်. . ရွှေရည်. . ပြေး. . ပြေး"

ညိုမသည် လက်တွင်ရထားသော ဓားဒဏ်ရာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အံကိုတင်းတင်းကြိတ်ကာ အရက်သမားလူရမ်းကား သက်ထွန်း၏လက်တွင်းမှဓားကို ဝင်လုရင်း ကျန်တစ်ဖက်မှလည်း သက်ထွန်း၏မျက်နှာကို လက်သည်းဖြင့်ကုတ်ခြစ်တိုက်ခိုက်ကာ နှုတ်မှလည်း ခံအော်ဟစ်လျက် မခိုင်နှင့်ရွှေရည်တို့အား ထွက်ပြေးခိုင်းလိုက်၏။

သက်ထွန်း၏အာရုံသည် ညိုမဘက်သို့ မြားဦးလှည့်သွားပြီး လွတ်နေသော ဘယ်ဘက်လက်သီးဖြင့် ညိုမ၏ပါးချိတ်ဆီသို့ ထိုးချလိုက်၏။ ခွပ်ခနဲအသံနှင့်အတူ ညိုမမှာ မြေပြင်ပေါ်သို့ ပုံခနဲ လဲကျသွား၏။

မခိုင်နှင့် ရွှေရည်တို့မှာ ကိုက် ၄၀၀ ခန့်ဝေးသော တဲစုများဆီသို့ အမောတကောပြေးထွက်သွားကြချေပြီ။

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . "

ညိုမ၏ ရုန်းကန်အော်ဟစ်သံ၊ ငိုရှိုက်သံနှင့်အတူ ရမ္မက်ဘီလူးစီးနေသော သက်ထွန်း၏ရယ်မောသံတို့က ရိုးမတောကြီးတစ်နေရာ၌ ပဲ့တင်ထပ်ခဲ့ချေပြီ။ ထိုနည်းတူ တောစံပယ်တစ်ပွင့်၏ပွင့်ဖတ်တို့ ညှိုးလျှခဲ့ချေပြီ။

"ဘကြီးဦးကြီးမောင်. . ဘကြီးဦးကြီးမောင်. . "





"ဟေ. . ကလေး. . မခိုင်. . ထိတ်ထိတ်ပျာပျာနဲ့ ဘာဖြစ်လာလဲ"

"ဟို. . ဟိုမှာ လူတစ်ယောက် ကျွန်မတို့ကို စော်ကားဖို့လုပ်နေလို့"

"ဟေ. . ဘယ်မှာလဲ"

"လမ်းခွဲမြောင်ထဲမှာ"

"တောက်. . ဂန်းမသား. . ဘယ်ကကောင်လဲ. . ဟေ့. . တင်ဝင်း၊ မြင့်မောင်၊ ထွန်းတင်. . တို့တဲစုထဲကလူတွေ အကုန်လုံးခေါ်စမ်း. . ဟိုမှာ ဘယ်ကသကောင့်သားလဲမသိဘူး. . ဈေးသည်တွေကို စော်ကားမော်ကားလုပ်လို့တဲ့. . မြန်မြန်"

"ဘကြီးမောင်. . သွားမယ်၊ ချမယ်။ အယုတ်တမာကောင် အသေသတ်"

တဲစုနေလူများ တုတ်၊ ဓားများကိုယ်စီကိုင်ကာ မခိုင်နှင့် ရွှေရည်တို့ခေါ်ရာနောက် အပြေးလိုက်လာကြ၏။

ရိုးမတောတစ်လျှောက် လက်နှိပ်ဓာတ်မီးရောင်များ ထိန်ထိန်ဖြာနေ၏။

"ဘယ်မှာလဲ. . ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကမူအတက်ကလေးကွယ်နေ၍ ရမ်းချင်တိုင်း ရမ်းနေသော အရက်သမားလူရမ်းကားနှင့် ၎င်း၏လက်တွင် ကျန်နေသော ညိုမတို့နှစ်ယောက်အား ရှာမတွေ့၍ ဘကြီးဦးကြီးမောင်မှာ အဆောတလျင်မေးလိုက်သည်။

"ဒီနေရာပဲ . . ဒီနေရာမှာ"

ရွှေရည်နှင့် မခိုင်တို့မှ အခင်းဖြစ်နေရာအား ညွှန်ပြ၍ပြောနေခိုက် . .

ဆူဆူညံညံလူသံများကိုကြားလိုက်ရပြီး ခေတ်မီးရောင်များ နေရာအနှံ့ဖြာနေသည်ကိုတွေ့လိုက်ရသဖြင့် မုန်ယိုနေသော အရက်သမားလူရမ်းကားမှာ ညိုမ၏ကိုယ်ပေါ်မှ ဖယ်ခွာလျက် မတ်တစ်ရပ်လိုက်ပြီး မြေတွင်စိုက်ထားသော ငှက်ကြီးတောင်ဓားကိုဆွဲနုတ်ကာ အရိုးကိုစုံကိုင်၍မြှောက်လျက် ချိန်ရွယ်လိုက်ပြီး . .

"ယား . ."

ကျယ်လောင်သော ဝမ်းခေါင်းသံကြီးဖြင့်အော်လျက် လူအုပ်ကြီးဆီသို့ တစ်ရှိန်ထိုး ပြေးဝင်သွား၏။

"ဟော . . ဟိုမှာ ခွေးမသား . . အမျိုးယုတ် . . အသေသတ်ကွာ"





"ဖုန်း . ."

"ထိုင်း . ."

"ခွပ် . ."

"ဂုတ် . ."

"ဂုတ် . ."

ပြေးဝင်လာသော သက်ထွန်းအား ရွာသူရွာသားများမှ ဝိုင်းဝန်း၍ လေးခွများ၊ တုတ်များဖြင့် ဆီးကြိုပစ်ခတ်နှိမ်နင်းလျက် ဖမ်းဆီးပြီး ရဲစခန်းသို့ ပို့အပ်လိုက်တော့၏။

"အဲဒါပဲ ကိုဆွေရေ . . မိန်းကလေးတွေအနေနဲ့ တောထဲတောင်ထဲ ခရီးသွားတာ အဖော်နဲ့သွားမိလို့ အခုလောက်လေးပဲ ကြုံတွေ့လိုက်ရတာပါ။ အဖော်သာမပါရင် ဒီလိုလူစားမျိုးက လက်စတောင် ဖျောက်ချင်ဖျောက်ပစ်ဦးမှာ။ ခုဟာက အဖော်တွေကောင်းလို့ မိန်းကလေးရဲ့အသက်အန္တရာယ်ကို ကာကွယ်လိုက်နိုင်တာပါပဲ"

"ဒါနဲ့ သက်ထွန်းရောဆရာ"

"သက်ထွန်းကို ကျွန်တော်တို့ ဖမ်းဆီးတရားစွဲပို့လိုက်လို့ ထောင်ဒဏ် (၇)နှစ် အပြစ်ကျသွားပြီလေ။ ဓားခုတ်မှုက (၂)နှစ်၊ တရားမဝင် လက်နက်ကိုင်ဆောင်မှုက (၁)နှစ်၊ အင်း

www.burmeseclassic.com



(၁၀)နှစ် ထောင်ဒဏ်အပြစ်ရသွားတယ်လေ”


“ဒါဆိုရင် ရှိုးမတောက မုန်ယိုနေတဲ့ကျားတစ်ကောင် ဇာတ်ငြိမ်းသွားပြီပေါ့နော်”

“ဒါပေါ့ဗျာ. . အခု ရှိုးမတောကြီးကတော့ အေးအေး ချမ်းချမ်း၊ သာသာယာယာပါပဲ ကိုဆွေရေ. .”

ဒုရဲအုပ်စခန်းမှူး ဦးတင်မောင်စိုး၏စကားအဆုံးဝယ် ကျွန်တော်သည် အဝေးဆီမှ ပဲခူးရိုးမတောင်တန်းကြီးကို မျှော် မှန်း၍ ကြည့်လိုက်မိ၏။

ပဲခူးရိုးမတောတန်းကြီးမှာ ဟေမာန်ဆောင်းဦး၏ နေခြည်နုနုထွေးထွေးအောက်၌ တည်ငြိမ်ရင့်ကျက်ခြင်း ဣန္ဒြေ ကြီးမားစွာဖြင့် ခန့်ညားစွာရှိနေလေသည်တကား။ ။

■



www.burmeseclassic.com

## ဇာတ်ညွှန်းနှင့် ဇာတ်သိမ်း

ကျွန်ုပ်၏ မှုခင်းသတင်းထောက်ဘဝ သက်တမ်းတစ်လျှောက်၌ ရဲစခန်းမှူးများ၊ အမှုစစ်အရာရှိများ၊ ဆားပုလင်းခေါ် နယ်ထိန်းခေါင်းဆောင် ရဲအရာရှိပေါင်းများစွာနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည့်နည်းတူ ရာဇဝတ်ဖြစ်မှုကြီးများ ဖြစ်ပွားတိုင်း တရားခံဖမ်းမိရေး၊ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးတို့အတွက် အဆိုပါရဲအရာရှိများမှ ဖော်ထုတ်စုံစမ်းဖမ်းဆီးသောအခါတိုင်း အခါအားလျော်စွာ ကျွန်ုပ်မှ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ပေးရခြင်း၊ သတင်းဖြစ်ရပ်မှန်များ ရေးသားသတင်းထုတ်ပြန်ရခြင်း စသည့်ကိစ္စရပ်များ ကူညီဆောင်ရွက်ပေးခဲ့ရ၏။





ထို့ကြောင့်လည်း ကျွန်ုပ်၏အိမ်နံရံထက်၌ သက်ဆိုင်ရာ နိုင်ငံတော်အကြီးအကဲများမှ ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာဆုလက်မှတ်များ၊ မှတ်တမ်းဝင်ဆုရဓာတ်ပုံများကို ဂုဏ်ယူဝင့်ကြွားစွာ အစီအရီချိတ်ဆွဲထားနိုင်ခဲ့ချေပြီ။

အဆိုပါဆုလက်မှတ်များ၊ ဆုရဓာတ်ပုံများအား ကျွန်ုပ်အနေဖြင့် ပိုင်ဆိုင်ရရှိခြင်း သို့မဟုတ် သက်ဆိုင်ရာနိုင်ငံတော်အကြီးအကဲများထံမှ ချီးမြှင့်မှုခံရခြင်းသည် အဆိုပါ ရဲအရာရှိများ၏ကျေးဇူးကြောင့် ရရှိခြင်းဖြစ်သည်ဟု ကျွန်ုပ် ဝန်ခံရပေမည်။

ထို့ကြောင့် ကျွန်ုပ်အနေဖြင့် မိမိနှင့်သိကျွမ်းရင်းနှီးခဲ့သော ရဲအရာရှိများ အခြားသော အရပ်တစ်ပါးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သွားကြ၍ အနေဝေးသွားကြစေကာမူ တစ်ဦးတစ်ယောက်ကိုမျှ မေ့လျော့သွားခဲ့သည်ဟု စိုးစဉ်းမျှ မရှိခဲ့ပါချေ။

အဘယ်ကြောင့်ဆိုသော် နာရီစက္ကန့်မလပ် အချိန်နှင့်အမျှ လောဘ၊ ဒေါသ၊ မောဟများကိုသာ အခြေခံ၍ လူသားများသည် ရာဇဝတ်မှုကြီးငယ်များအား ကျူးလွန်ခြင်း၊ ကျူးလွန်ရန်ကြံဆောင်ကြံစည်ခြင်းတို့ပြုလုပ်နေကြပေရာ ရဲတပ်ဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



များအနေဖြင့် ထိုသို့အမျိုးမျိုးအထွေထွေသော ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်း၊ စည်းရုံးဟောပြောပြီး ဖြစ်ပွားပြီးသော ရာဇဝတ်ပြစ်မှုမှ တရားခံများကို တရားဥပဒေနှင့်လျော်ညီစွာ အပြစ်ပေးနိုင်ရေးအတွက် အရေးယူဆောင်ရွက်ရခြင်းတာဝန်များကို (၂၄)နာရီကာလပတ်လုံး ထမ်းဆောင်နေကြရသည်။ ထိုနည်းတူစွာ ကျွန်ုပ်အနေဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့ မှုခင်းသတင်းထောက်များအနေဖြင့်လည်းကောင်း၊ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် အများပြည်သူတို့ဆင်ခြင်သတိရဖွယ် မှုခင်းနှင့်ပတ်သက်၍ အမြင်ကျယ်လာစေရေးတို့အတွက် သတင်းများထုတ်ပြန်ပေးရခြင်းတာဝန်ကို ဆောင်ရွက်နေကြရပေရာ မိမိတို့နှင့်ရင်းနှီးကျွမ်းဝင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များကို မမေ့မလျော့နိုင်သကဲ့သို့ အများပြည်သူတို့ မှုခင်းအမြင်ကျယ်စေရေးအတွက် မှုခင်းသတင်းများ ထုတ်ပြန်ခြင်း၊ ဝတ္ထုစာတမ်းများရေးသားတင်ပြခြင်းတာဝန်ကိုလည်းမစွန့်လွှတ်နိုင်ခဲ့ပါချေ။

သို့ပါ၍ ကျွန်ုပ်နှင့်ရင်းနှီးကျွမ်းဝင်ခဲ့သော ရဲအရာရှိများထဲမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းစိန်(ယခုဒုရဲမှူး) နှင့် ဖုင်းဖော်ထုတ်ခဲ့ရသည့် လောဘကိုအခြေခံ၍ဖြစ်ပေါ်





လာသော လုယက်မှုကြီးတစ်ခုအကြောင်းကို သင်ခန်းစာယူဖွယ် ရေးသားတင်ပြလိုက်ရပါတော့သတည်း။

■

"ဦးလေးဦးခင်မောင်. . ဒီကိစ္စ စိတ်ချရပါ့မလား"

"ငါ့တူမကြီးရယ်. . နိုးလိုက်ပါဘိတော့. . အခု ဦးလေးပေးတဲ့နှစ်ရာတန်ငွေစက္ကူ ညည်း ဘယ်နှရွက်သုံးပြီးပြီလဲ"

"ဆယ်ရွက်သုံးပြီပါပြီ"

"အေး. . ဘာပြဿနာပေါ်လဲ"

"ဘာမှ ပြဿနာမပေါ်ပါဘူး. . အေးအေးဆေးဆေးပါပဲ"

"ဒါပဲပေါ့. . ပြဿနာ ဘယ်ပေါ်မှာတုံး. . ဒါတွေက အတုတွေမှမဟုတ်ဘဲ. . တကယ့်အစစ်တွေပဲ. . ဒါပေမဲ့ ဦးလေးရဲ့သူငယ်ချင်းက ဝန်ထမ်း. . သူ့ဆရာက ငွေစက္ကူယုတ်တဲ့စက်ရုံကအရာရှိဆိုတော့ ငွေစက္ကူတစ်ရွက်တစ်ရွက်ထုတ်တိုင်း အဲဒီငွေစက္ကူနဲ့ နံပါတ်တူနှစ်ရွက်နှစ်ရွက် ဘေးလူတွေမသိအောင် ထုတ်လိုက်တယ်. . ပြီးတော့ ကိုယ့်အတွက် တစ်ရွက်စီဖယ်ထားတယ်. . အဲဒီ ဖယ်ထားတဲ့ပိုက်ဆံတွေအားလုံး သိန်းနှစ်ဆယ် ရှိတယ်. .



www.burmeseclassic.com

www.burmeseclassic.com



ဒီငွေအသစ်စက်စက်တွေကို သူ့အနေနဲ့ ဒါလောက် အများကြီးထုတ်သုံးရင် သူတို့နောက်မှာ ရှုံးလိုက်နေတဲ့ စုံထောက်တွေက တန်းပြီးကုပ်သွားမှာပေါ့. . ဒါကြောင့် သူတို့က ငွေစက္ကူအဟောင်းတွေလိုချင်တယ်. . သူတို့ဆီက အသစ်တွေကိုပေးမယ်. . အဲဒီအတွက်ငွေသိန်းနှစ်ဆယ် အသစ်စက်စက်တွေကို အဟောင်း ဆယ်သိန်းပဲ ဦးလေးကို တူမကြီးတို့က ပေးရမှာ. . ဆယ်သိန်းပေးရုံနဲ့ သိန်းနှစ်ဆယ်ရမယ့်ကိစ္စ. . ငါ့တူမကြီး အတွေးမချော်စမ်းပါနဲ့. . ဦးလေးကို လုပ်ငန်းအောင်မြင်ရင် ပွဲခအနေနဲ့ ငါ့တူမကြီးသာ ကြည့်ပေး"

"ကျွန်မက ဘေးလူတွေပေါက်ကြားမှာစိုးလို့ပါ"

"အဲဒါအတွက် မပူပါနဲ့. . ဦးလေးတို့ဘက်က ဦးလေးနဲ့ ငါ့တူမကြီးနှစ်ယောက်တည်းပဲသိတာ. . သူတို့ဘက်ကလည်း တာဝန်ရှိသူတွေဆိုတော့ပိုပြီးပေါက်ကြားမှာကြောက်တာပေါ့"

"ဒါဆိုရင်လည်း ဦးလေးသဘောပဲလေ. . ငွေကတော့ ကျွန်မ ဦးနီပွဲရုံကသွားမှာရမှာ"

"ဟုတ်ပြီ. . ဒါဆို ဦးလေး သူတို့ကို မနက်ဖြန်ချိန်းလိုက်မယ်. . သူတို့က ဒီကိစ္စမြန်နိုင်သမျှ မြန်မြန်ပြီးချင်တာ"

"ဟင်း. ."





မချိုမာသည် ကျောခိုင်းထွက်သွားသော ဦးခင်မောင်အား မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ ကြည့်လိုက်ပြီးနောက် သက်ပြင်းကို မသိမသာချ၍ အာရုံလွှဲလိုက်ကာ မိမိရှေ့စားပွဲပေါ်ရှိ ငွေစက္ကူအသစ်ကျပ်ချွတ်အရွက်အချို့ကို တစ်လှည့်ကြည့်လိုက်မိသည်။

အသစ်ရှဲရှဲငွေစက္ကူများက မချိုမာ၏ရင်ကို အခုန်မြန်စေနေလေပြီ။ ငွေစက္ကူအဟောင်း ဆယ်သိန်းပေးရုံမျှနှင့် အသစ်သိန်းနှစ်ဆယ်ရမည့်ကိစ္စ ဘယ်သူ ရင်မခုန်ဘဲနေနိုင်ပါအံ့နည်း။ မနက်ဖြန်ဆိုရင်. .

မချိုမာသည် ကုလားထိုင်ကျောမှီပေါ်သို့ ဦးခေါင်းကို နောက်လှန်တင်၍ မျက်စိအစုံကိုမှိတ်ထားလိုက်ရင်း အတွေးအာရုံထဲ၌ ချာချာလည်နေသော ပါကင်ထုတ်ငွေစက္ကူများကို အာရုံထဲမှပယ်ပျောက်ပစ်ရန် ကြိုးစားလိုက်၏။

သို့သော် ငွေစက္ကူများက စိုးမိုးနေဆဲပင်။

"မနက်ဖြန်ရယ် မြန်မြန်ရောက်ချင်စမ်းပါဘိ"

မချိုမာသည် နှုတ်မှ တီးတိုးဖွဖွ ရေရွတ်လိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရှေ့ကလက်ဖက်ရည်ဆိုင်ကလေးသို့ မချိုမာ ဝင်လိုက်သည်နှင့် မျက်နှာချင်းဆိုင် တစ်ဝိုင်းတည်းအတူထိုင်နေသော လူစိမ်းတစ်ယောက်ကို သတိပြုမိလိုက်၏။

"လာ. . တူမကြီး. . ထိုင်"

"ဟုတ်ကဲ့ ဦးလေး"

ဦးခင်မောင်ညွှန်ပြသောထိုင်ခုံတွင် အလိုက်သင့်ဝင်ထိုင်ရင်း လက်ထဲမှငွေအိတ်ကို ပေါင်ပေါ်တင်ထားလိုက်၏။

"ဘာသောက်မလဲ. . မှာလေ တူမကြီး"

"မသောက်တော့ပါဘူး ဦးလေးရယ်. . ကျွန်မတို့ကိစ္စလေးသာ မြန်မြန်. ."

"မလောပါနဲ့ တူမကြီးရယ်. . လူတစ်ယောက် မလာသေးလို့. . ဪ. . ပြောရင်းဆိုရင် ဟိုမှာ လာပြီ. . လာ. . ဆရာကြီး. . ထိုင်"

"ဆရာ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်"

"ဟာ. . ခင်ဗျား ဘယ်လိုလုပ်တာလဲ. . လူကြားထဲမှာ ဘာလို့ အလေးပြုရတာလဲ. . ကျွန်တော် လူသိမခံချင်လို့ အရပ်ဝတ်နဲ့တာမင်လာခါမှ. ."

"ခွင့်လွှတ်ပါ. . ကျွန်တော်မှားသွားပါတယ်"





"ဟာ. . ခင်ဗျား. . ထပ်ခေါ်ပြန်ပြီ။ ခက်တော့တာပဲ. . ဒီမှာမဖြစ်ပါဘူး. . တို့ တစ်နေရာရွှေ့ရအောင်"

ဆိုင်ထဲသို့ဝင်ဝင်လာချင်း ဦးခင်မောင်မှ ဆရာကြီးဟု ကင်ပွန်းတပ်ခေါ်လိုက်သူက ဦးခင်မောင်အား အသာပြုံး၍ အသိအမှတ်ပြုပြီး ဦးခင်မောင်နှင့် တစ်ဝိုင်းတည်း မျက်နှာချင်းဆိုင်ထိုင်နေသူသို့ အလေးပြုကာ ပြောလိုက်သည့်စကား၊ အပြုအမူအပေါ် ဆရာဟု အခေါ်ခံရသူမှာ ဘဝင်မကျဟန်ဖြင့် ပြစ်တင်ပြောဆိုကာ နေရာရွှေ့ရန်ပြောဆိုသဖြင့် မချိုမာမှာ ဦးခင်မောင်အား ဘယ်လိုလဲဟု အဓိပ္ပာယ်ပါသောအကြည့်ဖြင့် ကြည့်လိုက်၏။

ဦးခင်မောင်မှလည်း စိတ်ချပါဟူသောအဓိပ္ပာယ်ဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်၍ မချိုမာမှာ ဦးခင်မောင်၏ အရိပ်အခြေကိုသာကြည့်နေရလေ၏။ နဂိုကတည်းကလည်း ဦးခင်မောင်အားကိုးဖြင့် ဤကိစ္စကို သဘောတူခဲ့ခြင်းပင်မဟုတ်ပါလော။

လေးယောက်သား လက်ဖက်ရည်ဆိုင်မှထွက်ခဲ့ပြီး လမ်းတွင်အသင့်တွေ့ရသော ဆိုက်ကားနှစ်စီးကိုငှားကာ ဦးခင်မောင်နှင့် နောက်ရောက်လာသူတို့က တစ်စီး၊ မချိုမာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဆိုသူတို့ကတစ်စီး လှူခဲ့၍စီးလာခဲ့ကြ၏။

ဆိုက်ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် အတူထွက်လာခဲ့ပြီး ရန်ကုန်-မန္တလေးလမ်းအတိုင်း တောင်ဘက်သို့ ဦးတည်နင်းလာကြ၏။ 'မောင်သောင်းစားသောက်ဆိုင်' ရှေ့နားသို့ရောက်သောအခါ ဆိုက်ကားများရပ်နိုင်းလိုက်ပြီး ငွေအိတ်ချင်းလဲလိုက်ကြ၏။

ငွေများကို စစ်ဆေးရန်မလို။ လက်ဖက်ရည်ဆိုင်ထဲ၌ ထိုသူထံမှ ငွေသိန်းနှစ်ဆယ်ပါသောအိတ်ကို မချိုမာ မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ငွေစက္ကူပါကင်ထုပ်များက အထပ်လိုက်မချိုမာအား မျက်စပစ်ပြနေကြ၏။

မချိုမာမှလည်း မိမိရှာခဲ့သော ငွေဆယ်သိန်းမှာ သုံးသောင်းလိုနေကြောင်း၊ ကိုးသိန်းခုနစ်သောင်းသာရှိကြောင်း ပွင့်ပွင့်လင်းလင်းပြောပြခဲ့ရာ ထိုသူမှ ကျေနပ်ကြောင်း ကြိုတင်ပြောခဲ့ပြီးဖြစ်၍ အခက်အခဲမရှိခဲ့ချေ။

ထို့ကြောင့် ငွေထုပ်ချင်းလဲပြီးနောက် ဆိုက်ကားပေါ်ပြန်တက်၍ လမ်းခွဲကြရန် ဆိုက်ကားများပြန်အလှည့် မထင်မှတ်သောဖြစ်ရပ်တစ်ခုက ရုတ်ချည်း ပေါ်ပေါက်လာခဲ့၏။

မချိုမာတို့ ဆိုက်ကားများပေါ် အသီးသီးပြန်ရောက်





နေခိုက် အနီရောင်ပါပလေကာကားကလေးတစ်စီးမှာ ဆိုက်ကားများဘေးသို့ ရုတ်တရက်ထိုးဆိုက်လာပြီး ကားပေါ်မှဆင်းလာသူလူတစ်ဦးက ဦးခင်မောင်၏ဇက်ပိုးကို လက်ဝါးဖြင့် ပြင်းထန်စွာရိုက်ချလိုက်၏။

"ဖြောင်း. ."

"အား. . ကျွန်တော် ဘာလုပ်. . . ဘာလုပ်လို့လဲ. . ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

ဇက်ပိုးနှင့်လက်ဝါးတို့ ထိတွေ့၍ ဖြောင်းခနဲဟူသော ကျယ်လောင်သောအသံ၏နောက်ဆက်တွဲအဖြစ် ဦးခင်မောင်မှ အားခနဲအော်လိုက်ပြီး ကျောကိုတွန့်လိန်ကာ လက်နှစ်ဖက်ဖြင့် နာနေသောဇက်ပိုးကိုပွတ်သပ်ရင်းမှ လက်ဝါးဖြင့် ရိုက်လာသူအား ပြန်လည်မေးခွန်းထုတ်လိုက်၏။

"မင်းတို့ဘာလုပ်နေတယ်ဆိုတာ ငါတို့သိတယ်. . လာကားပေါ်အားလုံးတက်. . ထောက်လှမ်းရေးရုံးကိုလိုက်ခဲ့. . ငါ ထောက်လှမ်းရေးက အရာရှိပဲ. . ဟော့ကောင်တွေ လက်ထိတ်ခတ်စမ်း. . ဟိုကျမှ ဒီကောင်တွေကို ရိုက်စစ်မယ်"

အားလုံးမှ အံ့အားသင့်၍ ကြက်သေသေနေစဉ် ဦးခင်မောင်၏မေးခွန်းကို ပြန်လှန်ပြောဆိုရင်းမှ တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တည်း အမိန့်ပေးပြောလိုက်သော ထိုသူ၏စကားကြောင့် မချိုမာမှာ အထိတ်ထိတ်အလန့်လန့်ဖြစ်ကာ အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားပြီး. .

"ကျွန်မ ဘာမှမသိဘူး. . ကျွန်မ ဘာမှမသိဘူး. . ဒါ. . ဒါ. . ကျွန်မပိုက်ဆံထုပ်မဟုတ်ဘူး"

မချိုမာမှာ လက်တွင်းမှ ငွေထုပ်အားပစ်ချခဲ့ပြီး ထိုနေရာမှဝေးရာသို့ ကိုယ်လွတ်ရုန်း၍ပြေးထွက်သွားတော့၏။

"ဟေ့. . မပြေးနဲ့"

နောက်ကျောဘက်မှအော်ဟစ်တားမြစ်သံကို မသိကျိုးကျွံပြုလျက် ဝေးနိုင်သမျှဝေးရာသို့ အမောတကောပြေးလွတ်လာရင်းမှ အရှုံးမကြီးသဖွယ် ချုံးပွဲချငိုကြွေးနေမိ၏။ ငွေကိုးသိန်းခုနစ်သောင်း ဆုံးရှုံးခဲ့ရချေပြီ။ ထိုငွေများနှင့် တန်ဖိုးညီမျှသော မိမိ၏လက်ဝတ်ရတနာများ တစ်ပါးသူထံမှ ပြန်ရွေးနိုင်ဖွယ်ရာလမ်းမမြင်တော့ချေ။

ကားကလေးမြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ မောင်သောင်း စားသောက်ဆိုင်အနီးဝန်းကျင်မှ လူများနှင့် ခရီးသွားရင်း စပ်စပ်စုစုနိုင်လှသော လူအုပ်ကြီးမှာ မျက်စိတစ်ဆုံးကြည့်ရင်း တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြတော့၏။





ထိုနေရာတစ်ဝိုက်၌ ရုပ်ရှင်ရိုက်နေသည့်ဖြစ်ရပ်အလား လူအုပ်ကြီးမှ ဝိုင်းအုံကြည့်ရှုနေ၏။

ပါပလေကာကားအနီလေးပေါ်သို့ ဦးခင်မောင်တို့သုံးယောက်နှင့် ငွေထုပ်နှစ်ထုပ်အား ရုန်းရင်းဆန်ခတ်တွန်းထိုးတင်ခေါ်ပြီး ကားကလေးမှာ ကြာနီကန်လမ်းဆုံသို့အရောက်အရှေ့ဘက်သို့ဦးတည်၍မောင်းသွားချေပြီ။

"ဘာဖြစ်တာလဲ မသိဘူး"

"ထောက်လှမ်းရေးက ဖမ်းတာနဲ့တူတယ်"

"ဒါဆိုရင်. . ဘိန်းဖြူမှောင်ခိုတွေများလားမသိဘူး"

"ဟုတ်မှာပေါ့. . ဟိုအမျိုးသမီးကတော့ ထွက်ပြေးပြီ"

"သုံးယောက်တောင် မိထားပြီပဲ. . အဲဒီအမျိုးသမီးတင်မကဘူး. . သူတို့မိသားစုနောက် မီးခိုးကြွက်လျှောက်လိုက်တော့မှာပေါ့"

■

"ကလင်. . ကလင်. . ကလင်. ."

"ဟလို. . အမိန့်ရှိပါ. . ရဲစခန်းက ကျွန်တော်နယ်ထိန်းဝင်းစိန်ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"xxxx"

"ပြော်. . ပြောအစ်မ"

"xxxx"

"မထူးဘူး အစ်မ ဘာဖြစ်လို့လဲ"

"xxxx"

"ကောင်းပြီလေ. . ကျွန်တော် ခုချက်ချင်း လာခဲ့ပါ့မယ်"

"စာရေးကြီး ကျွန်တော် သတင်းစုံစမ်းစရာရှိလို့ မြို့ကြီးဘက် ခဏသွားဦးမယ်. . ဂျိဒီအတွက်ပြပေးပါဦး"

"ကဲ. . ဆိုအစ်မ. . ဘာထူးလို့လဲ"

"ဒီလို. . ကိုဝင်းစိန်ရေ. . သူက မချိုမာတဲ့. . ကျွန်မ ညီမဝမ်းကွဲပေါ့. . ဒီကနေ့ နေ့ခင်းလောက်မှာ သူ့ဆီက ငွေဆယ်သိန်းနီးပါး အဟိအကျပြောရရင် ကိုးသိန်းခုနစ်သောင်းကို ဦးခင်မောင်နှင့်အတူလာရင်း ကားတစ်စီးပေါ်က လူတချို့က အတင်းဖမ်းခေါ်သွားလို့. . အဲဒါ ဘယ်အဖွဲ့အစည်းကများလဲ. . ပြီးတော့ အစ်မ၊ ညီမလေးကိုလည်း ထပ်ဖမ်းမှာ စိုးရိမ်





လို့၊ ဦးခင်မောင်ကြီးကလည်း ကြားထဲကဆိုတော့ ဦးခင်မောင်ကြီးကိုလည်း သနားနေတယ်တဲ့လေ"

"မဟုတ်သေးပါဘူး. . ဇာတ်လမ်းက တစ်မျိုးကြီးပါလား"

"ပြဿနာဆိုတာဖြစ်လာရင်. . မထိန်မချန် ဘဲဖြစ်ကြောင်းကုန်စင် အမှန်အတိုင်းပြောမှ ကျွန်တော်တို့က ဖော်ထုတ်လို့ရမှာ"

နယ်ထိန်းအရာရှိဝင်းစိန်၏အမေးကြောင့် မချိုမာသည် ခေါင်းငိုက်စိုက်ကျသွားပြီး တွေတွေကြီးဖြစ်နေ၏။ အတန်ကြာမှ. .

"ကျွန်မအမှန်အတိုင်း ပြောပါ့မယ် ဆရာ. . အဖြစ်က ဒီလိုပါ"

"xxxxx"

"ခင်ဗျား အလိမ်ခံရပြီ"

"ရှင်. ."

"ဟုတ်တယ်. . ခင်ဗျား ကောင်းကောင်းကြီး တစ်ပတ်အရိုက်ခံရပြီ"

မချိုမာပြောပြသော ဇာတ်လမ်းဆုံးသည်နှင့် နယ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



အရာရှိဝင်းစိန်မှ မဆိုင်းမတွမှတ်ချက်ချလိုက်၏။

"မဖြစ်နိုင်ပါဘူးရှင်. . ဦးလေး ဦးခင်မောင်က ဒီလိုလုပ်မဲ့လူစားမျိုးမဟုတ်ပါဘူး"

"အေးလေ. . ဒါကြောင့် ခင်ဗျား အခုလိုခံရတာပေါ့"

"ကျုပ်တို့ ရဲတွေပြောတာကိုကျတော့ ခင်ဗျားတို့ မယုံဘူးမဟုတ်လား. . ကျုပ်ထပ်ပြောမယ်. . ခင်ဗျားကို လူတစ်စုက အကွက်ကျကျ စနစ်တကျစီစဉ်ပြီး သရုပ်ပါပါနဲ့လိမ်ယူသွားတာပဲ"

"ဟုတ်ရဲ့လားရှင်"

"သိပ်ဟုတ်တာပေါ့. . ကဲ. . ကျုပ်မေးမယ်. . အဲဒီဦးခင် မောင် ဘယ်မှာနေသလဲ"

"ဟို. . ဟို. . ဘယ်မှာနေမှန်းတော့ မသိဘူး. . ရုံးတစ်ရုံးမှာတော့ အလုပ်လုပ်တယ်ပြောတာပဲ"

"ဘယ်ရုံးမှာလုပ်တာတဲ့လဲ. . ဘယ်သူပြောတာလဲ"

"ဘယ်ရုံးလဲတော့ အတိအကျမသိဘူး. . ဦးခင်မောင်ကိုယ်တိုင်ပဲ ပြောတာပဲ"

"ဟင်. . ဒါဆို ခင်ဗျားနဲ့ ဘယ်လိုလုပ်သိသလဲ"

"လက်ဖက်ရည်ဆိုင်မှာစပြီးခင်ခဲ့တာ"





"ကောင်းရော. ."

"ဒါနဲ့ နေပါဦး. . အဲဒီဆရာကြီးဆိုတဲ့ သူတို့ဆရာဆိုတဲ့ လူတို့၊ နောက်ကားပေါ်က ဆင်းလာတဲ့လူတို့၊ ဆိုက်ကားသမားတို့ဆိုတဲ့လူတွေကိုရော ခင်ဗျားသိလား၊ မြင်ဖူးလား"

"မသိပါဘူး ဆရာရယ်"

"ဟင်. . ခင်ဗျား နည်းနည်းမှ မမှတ်မိဘူးလား"

"အဖြစ်တင်လည်း ခံရမှာပါ ဆရာရယ်. . ကျွန်မလည်း ကြောက်လန့်နေတော့ မမှတ်မိတော့ပါဘူး"

"ဟူး. . ခင်ဗျားကိစ္စက ဘဲဥအစရှာရတာကမှ လွယ်လိမ့်ဦးမယ်ထင်တယ်. . ငွေစက္ကူထုတ်လုပ်တယ်ဆိုတာ သူတို့ပြောသလို လွယ်လွယ်ပေါ့ပေါ့ ကလေးကစားသလိုလုပ်လို့ရတဲ့ကိစ္စမျိုးမဟုတ်ဘူးဗျ. . ဘယ်လိုလုံခြုံရေးနဲ့ ဘယ်လောက်ထိကြပ်မတ်မှုရှိတယ်ဆိုတာကိုရော ခင်ဗျားတို့သိသလား"

"မသိပါဘူးဆရာ"

"ကဲ. . ကဲ. . သိပ်လည်းစိတ်ပူမနေပါနဲ့ဗျာ. . ကျုပ်ကြိုးစားပြီးဆောင်ရွက်ပေးပါ့မယ်. . နောက်ကို လောဘမကြီးကြနဲ့ပေါ့ဗျာ. . ကိုယ့်ရှိတာလေးနဲ့ပဲ ရောင့်ရဲတတ်ကြစမ်းပါ"

■

www.burmeseclassic.com



နယ်ထိန်းအရာရှိ ဝင်းစိန်သည် မြို့ကြီးမှပြန်လာပြီး အခင်းဖြစ်နယ်မြေ မောင်သောင်း ထမင်းဆိုင်အနီးမှ သက်သေများအား စုံစမ်းထောက်လှမ်းလိုက်၏။

“မျက်နှာစိမ်းတွေချည်းပဲဆရာရဲ့.. ဒီမြို့က ဟုတ်ဟန်မတူဘူး”

“ကားကတော့ ကိုချို့ကားပါ.. ဒီမြို့မှာ ဆာဝါဒီ စာလုံးနဲ့ အဲဒီကားတစ်စင်းပဲ ရှိပါတယ်”

“အဲ..လူတစ်ယောက် စပို့ရှပ်နဲ့ ရှူးကောင်းကောင်း ထောင်ထောင်မောင်းမောင်းတစ်ယောက်တော့ မြင်ဖူးသလိုရှိတယ်”

“ဆံပင်အလယ်ခွဲနဲ့လား.. အသားဖြူတယ်လေ”

“ဟုတ်တယ်ဆရာရေ..ဟုတ်တယ်.. အဲဒီကောင် ဆံပင်အလယ်ခွဲနဲ့ အသားဖြူတယ်”

“ခွေးမသား လှသန်း တွေ့ကြရောပေါ့ကွာ”

■

လှသန်းဆိုသူကို နယ်ထိန်းဝင်းစိန် ကောင်းကောင်း သိပါသည်။ လှသန်းမှာ ဂျင်ကစားသည့် လောင်းကစားသမား တစ်ဦးဖြစ်၏။ နယ်ထိန်းတစ်ယောက်အနေဖြင့် မိမိအပိုင်





နယ်မြေအတွင်း ခိုးဆိုးလုယက်တတ်သော လူဆိုးများအား မျက်ခြည်မပြတ်စောင့်ကြည့်ရန်လိုသကဲ့သို့ လောင်းကစားမှုဖြင့် ထင်ရှားကျော်စောသူများအားလည်း တစ်ဦးမကျန် သိထားရန် လိုအပ်လှပေသည်။

လောင်းကစားသမားများဆိုသည်မှာ အချိန်မရွေး စာရိတ္တပျက်ပြားနိုင်သော လူတန်းစားမျိုးဖြစ်ရကား ရဲတပ်ဖွဲ့ဝင်နယ်ထိန်းရဲအရာရှိများအနေဖြင့် ၎င်းတို့အား မေ့မေ့လျော့လျော့ ပေါ့ဆစွာ မတွက်ချက်သင့်ပါချေ။

ထို့ကြောင့်လည်း ယခုဖြစ်ရပ်၌ မြို့ခံလူအနည်းဆုံး တစ်ယောက်တော့ပါရမည်ဟု နယ်ထိန်းဝင်းစိန်မှ ကြိုတင်တွက်ဆခဲ့ပြီး ပတ်ဝန်းကျင်သက်သေများထံမှရရှိသော သတင်းအချက်များကို ထောက်ချင့်၍လှသန်းဆိုသူအား သံသယစာရင်းတွင် ထည့်သွင်းစဉ်းစားခဲ့ခြင်းဖြစ်ပါတော့သည်။

“ဟေ့..လှသန်း”

“ဗျာ..ဆရာဦးဝင်းစိန်”

“ဗျာတွေဘာတွေ လုပ်မနေနဲ့.. ငါနဲ့ ရဲစခန်းလိုက်ခဲ့”

“ကျွန်တော် ဘာအပြစ်ရှိလို့လဲဆရာ”

“ဟိုရောက်တော့ သိမှာပေါ့ကွာ”

■

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ပြောစမ်း. . မင်းဘာတွေလုပ်ခဲ့လဲ"

"ကျွန်တော် ဘာမှမလုပ်ရပါလား ဆရာ"

"မင်းကို ငါလိုအပ်ရင် သက်သေပြမယ်. . ဒါပေမဲ့ အဲဒီအခါကျရင် မင်းနာလိမ့်မယ်နော်. . အဲဒီတော့ အခုထဲက အမှန်အတိုင်း ဖြေရင် ကောင်းမယ်. . ကဲ. . ပြောစမ်း. . မင်း ဘာတွေလုပ်ခဲ့လဲ. . မင်း ဘယ်လောက်ရသလဲ"

နယ်ထိန်းဝင်းစိန်၏ မေးခွန်းအဆုံးဝယ် လူသန်း တစ်ယောက် ခေါင်းငိုက်စိုက်ကျသွားလေပြီ။ ထို့နောက် သက်ပြင်း တစ်ချက်ကို ချလျက်. .

"ဟင်း. . ကျွန်တော်ပြောပါ့မယ် ဆရာ. . ကျွန်တော် ငွေသုံးသောင်းပဲရပါတယ်. . အဲဒီဇာတ်လမ်းမှာ ဒါရိုက်တာက ဦးခင်မောင်လို့ခေါ်တဲ့လေဝဲခင်မောင်ပါ. . အရာရှိဟန်ဆောင် တာက အောင်ဒွေးလို့ခေါ်တဲ့ အာစရိကအောင်ဒွေးပါ. . နောက်တစ်ယောက်က အောင်ငွေပါ. .

အားလုံးဟာ ဂျင်လောင်းကစားသမားတွေချည်းပါ ပဲ. . တစ်နေ့ ဂျင်လောင်းကစားရင် အကြီးအကျယ်ရှုံးသွား တဲ့ လေဝဲခင်မောင်က ငွေရှာမယ်ပြောပြီး ဒီအကြံအစည်ကို





အကောင်အထည်ဖော်ခဲ့တာပါ. . . လောဘကြီးတဲ့လူတွေကို လှည့်စားဖို့ ရာထူးဂုဏ်ရှိန်တွေလိုတာမို့ မချိုမာအထင်ကြီး အောင် လူကြားထဲမှာ အရပ်ဝတ်နဲ့ တမင် အလေးပြုဖို့ တိတ် တဆိတ်ကြိုမှာထားပြီး တကယ်အလေးပြုတဲ့အခါ မကြိုက် လေဟန်နဲ့ မာန်မဲပြခဲ့တာ ကြိုတင်စည်းဝါးရိုက်ထားတဲ့လုပ် ရပ်ပါ. .

ပိုက်ဆံတွေက အစစ်တွေချည်းပါပဲ. . အပေါ်က ငွေ စက္ကူနည်းနည်းစီအုပ်စည်းထားပြီး အောက်က သတင်းစာ စက္ကူဖြတ်ထည့်ထားတာပါ. .

ပိုက်ဆံအတု၊ နံပါတ်ထပ်ရိုက်ထားတယ်ဆိုတာဟာ ညာပြောတာပါ. . ဒါမှလည်း မချိုမာဆီက ငွေဆယ်သိန်းကို လိမ်ယူလို့ရမှာမို့ပါ ဆရာ"

"ဇာတ်လမ်းကတော့ ပိရိလွန်းလှပါတယ် လူသန်းရာ. . ခင်းတို့ ဇာတ်ညွှန်းလေးကတော့ ကောင်းပါတယ်. . ဒါပေမဲ့တို့ လို ရဲတပ်ဖွဲ့ဝင်တွေအဖို့ကတော့ ဒီဇာတ်လမ်းမျိုးတွေ ရိုးအီနေ ပါပြီ. . ဇာတ်သိမ်းကိုလည်း ကြိုသိနေပါပြီ. . ဒီတော့ အချုပ် ခန်းထဲဝင်ပြီး အနားယူလိုက်ပေဦးတော့ လူသန်းရေ. . ငါ ကျန်တဲ့လူတွေ လိုက်ဖမ်းရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



'ဂျိုင်းခနဲ' မြည်သံကြီးနှင့်အတူ အချုပ်ခန်း တံခါးကြီး ပိတ်သွားပေပြီ။ လှသန်းတစ်ယောက်အချုပ်ခန်းအတွင်း နံရံကို မှီ၍ စိတ်ပျက်လက်ပျက်ထိုင်ချလိုက်ပါတော့သတည်း။

■




www.burmeseclassic.com

www.burmeseclassic.com

## ရေကြည်ကိုမွှေနှောက်၍ ရေနောက်ကိုသောက်ကြသည်

တစ်နေ့သ၌ 'စက်ရှင်ရုံး' ဟု အများခေါ်နေကြသော တရားရုံးရှိ CRO ခေါ် မှုခင်းမှတ်တမ်းရုံးခန်း၌ မှုခင်းမှတ်တမ်းအရာရှိ ရဲအုပ်စံထူးအောင်၊ တရားရုံးအချုပ်တာဝန်ခံအရာရှိ ဒုရဲအုပ်ဆန်းဝင်းတို့နှင့်အတူ ကျွန်ုပ်သည် ရောက်တတ်ရာရာ စကားများပြောနေကြခိုက် အတော်အတန်ဝဖိုင့်ပြီး အရပ်အမောင်း အတော်အသင့်ကောင်းမွန်သည့် ရဲအရာရှိတစ်ဦးသည် ၎င်း၏နောက်လိုက်ငယ်သားတစ်ဦးနှင့်အတူ အမှုတွဲဖြစ်ဟန်တူသော စက္ကူအထပ် ဖိုင်တွဲကြီးတစ်ခုကိုကိုင်ဆောင်လျက် မောကြီးပန်းကြီး ရောက်ရှိလာ၏။





၎င်း၏ပုံပန်းကိုကြည့်ရုံမျှနှင့် အလွန်အလှမ်းဝေးကွာသော နယ်စခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း အံကဲခတ်မိသော မှုခင်းမှတ်တမ်းအရာရှိ ရဲအုပ်စံထူးအောင်က နှုတ်ဆက်စကားဆိုလိုက်၏။

"ဆရာကြီး ဘယ်စခန်းကလဲ"

"မုန်းစခန်းကပါ.. ထိုင်မယ်နော်"

"ထိုင်ပါ.. ထိုင်ပါ.. ဘာအမှုလဲ"

"လူသတ်မှုပါ.. အဲဒီအမှုတွဲ အကြံတောင်းချင်လို့ ဘာများလိုအပ်သေးသလဲဆိုတာ တစ်ဆိတ်လောက် ကြည့်ရှုစစ်ဆေးပေးပါဦး ဆရာ"

အမှုခင်းကြီးများ ဖြစ်ပွားမှုနှုန်း နည်းပါးသည့် ကျေးရွာနယ်စခန်း၌ တာဝန်ထမ်းဆောင်နေရသော ရဲတပ်ဖွဲ့ဝင်များအနေဖြင့် စေ့စပ်သေချာစွာ ဆောင်ရွက်ခဲ့ကြသော်လည်း ရံဖန်ရံခါ၌ မထင်မှတ်သောအားနည်းချက်များ ဖြစ်ပေါ်တတ်သောကြောင့် ဘက်ပေါင်းစုံမှ စေ့စပ်သေချာမှုရှိစေရန် ဥပဒေအကြံတောင်းတင်မည့် အမှုတွဲများ၊ တရားရုံးတော်သို့ တရားစွဲတင်မည့် အမှုတွဲများအား လိုအပ်သည်များကို ထောက်ပြဖြည့်စွက်နိုင်ရန် ယခုကဲ့သို့ အကူအညီတောင်းခံကြရစမြဲဖြစ်သတဲ့ဗျို့

www.burmeseclassic.com



မှုခင်းမှတ်တမ်းအရာရှိ ရဲအုပ်စံထူးအောင်မှလည်း အမှုတွဲများအား အခါမလပ် ကူညီကြည့်ရှုလျက် လိုအပ်သည်များကို ရှင်းလင်းပြောပြအကြံပေးရစ်မြဲဖြစ်၏။

ရဲအုပ်စံထူးအောင်နှင့် မုန်းစခန်းမှရဲအရာရှိတို့ အပြန်အလှန်စကားပြောနေကြခိုက် သတင်းထောက်ပီပီ အမြဲ နားစွင့်နေသော ကျွန်ုပ်၏အာရုံတို့မှာ နိုးကြားလှုပ်ရှားလာကြပြီး ထိုစကားဝိုင်းသို့ ဝင်ရောက်စပ်စုလိုက်မိ၏။

"ဘိုးတော်မအမှုထင်တယ်"

မှုခင်းမှတ်တမ်းတာဝန်ခံအရာရှိ ရဲအုပ်စံထူးအောင်က လိုအပ်သော လုပ်ဆောင်ရန်အချက်အလက်များ ဖြည့်စွက်ကူညီပြောကြားပြီး ၎င်းအရာရှိထွက်ခွာသွားချိန်ကျမှ ဒုရဲအုပ်ဆန်းဝင်းအား အမှုအကြောင်းအခြင်းအရာကို ဆက်လက်စပ်စုလိုက်မိပြန်၏။

"ဆရာဆန်းဝင်း ဘယ်လိုလဲ.. အတော်ဆိုးလား"

"ကျွတ်.. မချိမဆန့်ပဲ ကိုဆွေရေ.. နားထဲကို စပုတ်တံနဲ့ထိုးတာဗျ"

"အို.. ကျွတ်.. ကျွတ်.. ဘယ်ဘဝက ဝဋ်ကြွေးတွေများပါလိမ့်"





ကျွန်တော်သည် ဒုရဲအုပ်ဆန်းဝင်းနည်းတူ သေဆုံးသူ အမျိုးသမီးခံစားခဲ့ရမည့်ဝေဒနာအား သနားကရုဏာသက်စွာဖြင့် စုတ်သပ်ညည်းတွားကာ ပြောကြားမိလိုက်၏။

ဆရာဆန်းဝင်း(ဒုရဲအုပ်ဆန်းဝင်း) ၏ပြောပြချက်အရ အမှုအကြောင်းအခြင်းအရာကို အကြမ်းဖျဉ်းမျှသိရသော်လည်း လုံးစေ့ပတ်စေ့မသိရသေးသဖြင့် ထိုအမှုအကြောင်းအခြင်းအရာအား သတင်းထုတ်ပြန်ရေးသားနိုင်ရန် အတိအကျသိရှိရန် လိုအပ်သော ကျွန်ုပ်မှာ ခရိုင် (CRO) မှုခင်းမှတ်တမ်းရုံးသို့ သွားရောက်လျက် ခရိုင်မှုခင်းမှတ်တမ်းအရာရှိ ဒုရဲမှူးတင်ဝင်းနှင့်တွေ့ဆုံကာ ကျွန်ုပ် အလွန်သိလိုလှသော မုန်းကျေးရွာလူသတ်မှုကြီးအကြောင်းနှင့်ပတ်သက်၍ အကူအညီတောင်းရာ ယခုအခါတွင်မှ လွန်စွာထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော၊ လွန်စွာ စိတ်ချောက်ချားဖွယ်ကောင်းသော၊ လွန်စွာမှပင် သင်ခန်းစာယူဖွယ်ကောင်းသော မုန်းကျေးရွာလူသတ်မှုကြီးအကြောင်းကို အလုံးစုံ သိရှိခွင့်ရလိုက်ပါတော့၏။

ပညာရည်နိမ့်ပါးမှု၊ အတွေ့အကြုံဗဟုသုတနည်းပါးမှုနှင့် ခေတ်ပညာတတ်လူတန်းစားနည်းပါးမှုအပေါ် အကြောင်းပြု၍ မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးကွာသော ကျေးရွာ၊

www.burmeseclassic.com



နယ်ပယ်၊ ဇနပုဒ်များတို့၌ စုန်း၊ ဖုတ်၊ ကဝေ၊ တစ္ဆေ၊ သရဲနှင့် လူအစွဲပြုစားသည်ဟူသည့် ရှေးဆန်သော အယူသည်းမှုအစွဲ အလမ်း၊ ပယောဂအယူအဆများသည် ယနေ့တိုင် လွှမ်းမိုးနေဆဲဖြစ်၏။

လက်တွေ့မဆန်သော သိပ္ပံနည်းမကျသော အဆိုပါ အတွေးအခေါ် အဟောင်းအနွမ်းတို့သည်တိုးတက်သော ယနေ့ခေတ်သစ်ကမ္ဘာနှင့် လုံးဝမလိုက်ဖက်တော့သော်လည်း ရေများရေနိုင်၊ မီးများမီးနိုင် ဆိုသကဲ့သို့ ခေတ်ပညာတတ်ကျွမ်းမှုနည်းပါးသော တွေးခေါ် မြော်မြင်မှု အရည်အသွေး နိမ့်ပါးသော လူနည်းစုလောက၌ ကျင်လည်ကျက်စားနေကြသော ဘိုးတော်၊ ဘွားတော်၊ နတ်ကတော်၊ ဂိုဏ်းဆရာဟူ၍ မိမိတို့ကိုယ်ကို အမည်ခံကင်ပွန်းတပ်ထားကြသူများမှာ အမှန်တကယ် ဘာအစွမ်းအစမျှမရှိပါဘဲ၊ အမှန်တကယ် ဘာတစ်ခုမျှတတ်ကျွမ်းနားလည်ခြင်းအလျဉ်းမရှိပါဘဲနှင့် မိမိတို့၏ စားဝတ်နေရေးဝမ်းစာရှာဖွေမှု အဆင်ပြေစေနိုင်ရေးအတွက် ဟိတ်ဟန်အပြည့်ထုတ်ကာ လိမ်ညာဖြီးဖြန်းနေကြဆဲ၊ အိုက်တင်ခံကာကြွားဝါဟန်ဆောင်နေကြဆဲဖြစ်ရာ ထိုအထဲတွင် မိစန်းအမည်ရှိ ဘိုးတော်မတစ်ဦးလည်းအပါအဝင်ဖြစ်ခဲ့လေသည်။





မိစန်းသည် မှန်းကျေးရွာ၌ နေထိုင်သည့် အသက်(၂၀)ကျော်အရွယ် အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦး ဖြစ်လေသည်။

ငယ်စဉ်ကပင် ဆင်းရဲနွမ်းပါးသဖြင့် ကျောင်းမနေနိုင်ဘဲ စာပေသင်ကြားခဲ့ရခြင်းမရှိသော မိစန်းမှာ အရွယ်ရောက်လာသည့်အခါ တစ်ရွာတည်းအတူနေ အင်းလုပ်ငန်းလုပ်ကိုင်သောမိသားစုတစ်စု၏ သားတစ်ယောက်ဖြစ်သော ကိုနိုင်ဆိုသူနှင့် အိမ်ထောင်ကျခဲ့လေသည်။

ကိုယ်ပိုင်လုပ်ငန်း မည်မည်ရရမရှိသော ကိုနိုင်မှာ မိသားစု၏အင်းလုပ်ငန်းကို ဝိုင်းဝန်းလုပ်ကိုင်ရင်း မိဘများပေးကမ်းစွန့်ကြဲ၍ လုပ်အားခအဖြစ်ရရှိသည့် ငါးအချို့ကို မိစန်းက ရွာနီးချုပ်စပ်လှည့်လည်ရောင်းချခြင်းဖြင့် လင်စုံမယားဖက် ဇနီးမောင်နှံနှစ်ဦး၏ ဝမ်းရေးကို ဖြေရှင်းကြရလေသည်။

ထို့ကြောင့် ကိုနိုင်နှင့်မိစန်းတို့၏စီးပွားရေးမှာ ရရစားစား လက်လုပ်လက်စားမျှသာဖြစ်ခဲ့ခြင်းကြောင့် အရွယ်ငယ်သေးသဖြင့် အများသူငှာ မိန်းမသားများနည်းတူ ဝတ်ချင်စားချင်သော၊ လှချင်ပချင်သော မိစန်းမှာ စီးပွားဥစ္စာမျှော်လင့်ချက်ဖြင့် မိမိတို့နေထိုင်ရာတဲအိမ်ရှိ ဘုရားစင်ရှေ့၌ ညနေ



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန် ပုတီးစိပ်၊ ဘုရားရှိခိုးဆုတောင်းခြင်း၊ အသက်သတ်လွတ်စားအမိဌာန်ဝင်ခြင်းများ ပြုလုပ်ခဲ့လေသည်။

ထိုသို့ စီးပွားလာဘ်လာဘ တိုးပွားစေရန် မျှော်လင့်ချက်ဖြင့် သက်သတ်လွတ်စား၊ အမိဌာန်ဝင်၊ ပုတီးစိပ်ခြင်းအမှုကိစ္စများပြုခဲ့သော်လည်း ခင်ပွန်းဖြစ်သူ ကိုခိုင်မှာ မိဘများ၏ အင်းလုပ်ငန်း၌ ဝိုင်းဝန်းလုပ်ကိုင်သောအဆင့်မှ ထို့ထက်ပိုမိုကောင်းမွန်သည့် အခြားလုပ်ငန်းတစ်ခုခုသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သော အခြေအနေမရှိခြင်းနှင့် မိစန်းကိုယ်တိုင်လည်း ငါးဗန်းခေါင်းပေါ်ရွက်၍ ငါးရောင်းရသောငါးစိမ်းသည်ဘဝမှ မလွတ်ကင်းနိုင်ခြင်းတို့ကြောင့် ၎င်းတို့ဇနီးမောင်နှံ၏ စီးပွားရေးမှာ တိုးတက်ပြောင်းလဲလာခြင်းမရှိခဲ့ပါချေ။

ထို့ကြောင့်လည်း အကြံကြီးသူ မိစန်းမှာ ဈေးဗန်း (ငါးဗန်း)ခေါင်းပေါ်ရွက်ရင်းမှပင် မိမိကိုယ်ငိုမိ ပုတီးစိပ်အမိဌာန်ဝင်သောအကျိုးတရားကြောင့် ဘိုးတော်စောင့်ရှောက်သယောင်ယောင်၊ အကြားအမြင်တို့ပင် ရနေသယောင်ယောင် ရှာစဉ်လျှောက်၍ပြောလေတော့၏။

ရံဖန်ရံခါ ဈေးရောင်းသွားရင်း နာမကျန်းဖြစ်နေသည့် လူနာအိမ်နှင့်ကြုံလျှင် ဘိုးတော်ခာတ်စီး၍ ဆေးကုပေး





သယောင်ပြု၍ ဈေးဗန်းခေါင်းမှချကာ လူနာရှိသောအိမ်၌ ပယောဂကုသကဲ့သို့ ရေမန်းတိုက်ခြင်း၊ ရေမန်းများနှင့် အိမ်ခြံဝင်းအနှံ့ ပက်ဖျန်းခြင်းများ အခမဲ့ပြုပေးလေရာ လူနာ၏ ရောဂါဝေဒနာပျောက်ကင်းသက်သာမှုမရှိသည်၊ ရှိသည်ထက် ပညာရည်နိမ့်ပါးပြီး ဗဟုသုတခေါင်းပါးကာ ရိုးသားလွန်းလှသည့် ကျေးလက်တောရွာပြည်သူများအကြား၌ အရိုးစွဲလျက်ရှိသော စုန်း၊ ဖုတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ ပယောဂ အမှောင့်တို့ ပြုစားခြင်းအကြောင်းတရားမှန်သမျှကို မုန်းကျေးရွာနေ မိစန်းက ဘိုးတော်ခာတ်စီး၍ ဆေးကုပေးနေသည်ဟု သတင်းပျံ့လွင့်သွားလေတော့၏။

ထိုအချိန်မှစ၍ မုန်းကျေးရွာနေ မိစန်း၏အမည်ရှေ့၌ ဘိုးတော်မဟူသော ဘွဲ့ထူးဂုဏ်ပုဒ်တစ်ခု ပိုက်ဆံမပေးရ၊ ပညာစိုးစဉ်းမျှမသင်ရဘဲ ဟန်တစ်လုံးထုတ်ရုံမျှအကျိုးဖြင့် ရရှိခဲ့ပြီး ဘိုးတော်မ မိစန်းဟူ၍ တစ်စတစ်စ နာမည်သတင်းပျံ့လွင့် လူအသိများခဲ့လေသည်။

အမှားကိုအမှန်ထင်၍ မျက်ကန်းလမ်းလျှောက်နေကြသော လူတစ်စု၏အလယ်၌ ဘိုးတော်မ မိစန်းသည်လည်း မိမိ၏ နာမည်တန်ခိုးကြီးထွားရေးအတွက် မည်းမည်းမြင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



သော လူနာတို့အား ၎င်းတို့လက်ခံယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ သူတစ်ပါး၏ပြုစားခြင်းကိုခံရသည့် ပယောဂဝေဒနာရှင်ဟု အမည်တပ်ကာ အုန်းပွဲ၊ ငှက်ပျောပွဲ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ကန်တော့ပွဲပေး၍ ဦးဖွဲ့ဆရာကြီးလုပ်ကာ အတင်းအဓမ္မ အခမဲ့ကုစားပြလေတော့၏။

သိပ္ပံနည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ခေတ်မီတတ်ကျွမ်းနားလည်သော စနစ်တကျ နှစ်ရှည်လများ သင်တန်းတက်ရောက်လေ့လာဆည်းပူးခဲ့ကြသော ကျန်းမာရေးဆိုင်ရာဆရာဝန်ကြီးများ၊ ကျေးလက်ကျန်းမာရေးမှူးများတို့သည် ယနေ့ခေတ်၌ ကျေးလက်တောရွာများအထိတိုင် သွားရောက်အခြေချ၍ ဆေးရုံဆေးခန်းများ၌ တာဝန်ထမ်းဆောင်ကာ နေ့စဉ်နှင့်အမျှ လူနာပေါင်းများစွာတို့အား စေတနာ၊ ဝါသနာ၊ အနစ်နာတရားများရှေ့ထား၍ ပြုစုကုသပေးနေကြပါသော်လည်း ရှေးရိုးအစွဲ စုန်း၊ ဖုတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ အယူရှိကြကုန်သော ပညာမဲ့လူတန်းစားတို့အတွက် ကျွဲပါးစောင်းတီးသကဲ့သို့ စေတနာ၊ မေတ္တာတို့ အရာမဝင်ခဲ့ပါချေ။

အညီရှိရာယင်အုံဆိုသောစကားနှင့်အညီ အဆိုပါပယောဂအစွဲသမားတို့အလယ်၌ ဘာတစ်ခုမျှ အမှန်တကယ်





မစွမ်းဆောင်နိုင်သော နတ်ကတော်၊ ဘိုးတော်၊ ဂိုဏ်းဆရာနှင့် ယုတ်တန်းရမ်းတုတ်ကြသည့် ဦးဖွဲ့ဆရာများသည်သာ ညာစားဝါစားလျက် ခြေချင်းလိမ်နေခဲ့ကြလေ၏။

ထိုသို့ ကျေးလက်ဇနပုဒ်၊ တောရွာများ၌ ထိခိုက်ကျိုးပဲ့သည့် ဒဏ်ရာဝေဒနာရှင်များ သွေးသားဖောက်ပြန်မှုကြောင့်ဖြစ်သော ဝေဒနာရှင်များ၊ ၉၆ ပါးသော ရောဂါဝေဒနာတစ်မျိုးမျိုးကြောင့်ဖြစ်သော ဝေဒနာရှင်များမှာ စနစ်တကျ တတ်ကျွမ်းနားလည်သော ဆရာဝန်ကြီးများ၊ ကျန်းမာရေးမှူးများထံ၌ ဆေးဝါးကုသမှုမခံယူဘဲ လိမ်ညာဖြီးဖြန်း၍ ယုတ်တန်းရမ်းတုတ်နေကြသော ဒေါက်တာရမ်းကုယောင်ယောင်၊ ဂိုဏ်းဆရာယောင်ယောင်၊ နတ်ကတော်ယောင်ယောင်နှင့် ဘိုးတော်ဘွားတော်ယောင်ယောင်တို့လက် ဝကွက်၍ အပ်ခဲ့ကြမှုကြောင့် အကျိုးမဲ့စွာ မရှုမလှသေဆုံးခဲ့ရသည့်လူဦးရေများမှာ လက်ချိုးရေတွက်၍ပင်မရနိုင်ပါတော့ချေ။

ယခုလည်း အတန်းပညာ စာပေ ဟူ၍ စိုးစဉ်းမျှမတတ်၊ နားမလည်သည့်အပြင် တိုင်းရင်းသမားတော်တို့၏ ဆေးကျမ်းဝါးကျမ်းများကိုလည်း စိုးစဉ်းမျှ သင်ယူတတ်သိထားခြင်းမရှိလေသော မိစန်းသည် စိပ်ပုတီးကိုင်၍ ဘုရားစင်

www.burmeseclassic.com



ရွှေထိုင်ဖူးရုံမျှနှင့် ဘိုးတော်ခေတ်စီးသည်ဟုဆိုကာ ဘိုးတော်မ မိစန်းအမည်ခံလျက် ရပ်ထဲရွာထဲ၌ ပယောဂအစွဲများ ကုစား ပေးနေသည်ဆိုခြင်းသတင်းစကားများကြောင့် ဆွေမျိုးနီးစပ် အဒေါ်လည်းတော်စပ်ပြီး တစ်ရွာတည်းအတူနေသည့် ဒေါ်တင် အမည်ရှိ အမျိုးသမီးကြီးတစ်ဦး နှစ်ရှည်လများခံစားနေရ သော သွေးသားကြောင့်ဖြစ်ရသည့် နာတာရှည်ရောဂါအား ဘိုးတော်မ မိစန်းနှင့်ပြသကုသကြည့်ရန်ဆွေမျိုးသားချင်းများ ကလည်း ဝိုင်းပြီးမဲဆွယ်တိုက်တွန်းသကဲ့သို့ ဘိုးတော်မမိစန်း ကိုယ်တိုင်မှလည်း. .

"ကိုယ့်အဒေါ်ပဲ အလကားကုသပေးရမှာပေါ့"

ဟူသည့် နှုတ်မြွက်ဆိုလာ ချိုသာသည့်စကားတို့ ကြောင့် ဒေါ်တင်သည် မိမိ၏ဝေဒနာပျောက်ကင်းသက်သာ စေရေးအတွက် ဘိုးတော်မ မိစန်းနှင့် ပယောဂရှိ၊မရှိ စစ်ဆေး ကုသရန် သဘောတူညီလိုက်၏။

အချိန်က နံနက် (၁၀)နာရီခန့်ရှိပေပြီ။ လေးပင်စိုက် တဲငယ်တစ်ခုပေါ်၌ အိမ်ရှင်ဖြစ်သူ ဘိုးတော်မ မိစန်းသည် ဒေါ်တင်အား ပယောဂစစ်ပေးရန်ဟုဆိုကာ ဘုရားစင်ရှေ့၌ ခြေဆင်းထိုင်ခိုင်းလျက် မျက်စိစုံမှိတ်ကာ လက်အုပ်ချီစေပြီး ဘုရားကို အာရုံပြုခိုင်းထား၏။





၎င်းတို့နှစ်ဦး၏အနီး၌ မောင်ငယ်၊ မောင်ဝင်း၊ ဒေါ်တင်မြ၊ မအုန်းမြင့်၊ ကိုထွန်းစိန်ဆိုသည့် ဆွေမျိုးသားချင်း များရောက်ရှိနေကြပြီး ဘိုးတော်မ မိစန်း ဘိုးတော်ခေတ်စီး၍ ဆေးကုမည့်လုပ်ရပ်ကို အထူးအဆန်းမြင်ရဘိအလား ဝိုင်းအုံ ကြည့်ရှုနေကြ၏။

"အဟမ်း. . လူတွေရဲ့ စုန်း၊ ဖုတ်၊ ကဝေတွေ၊ နတ်တွေ ဖြုစားတဲ့ ပယောဂအဖျက်အမှောင့်တွေအကြောင်းကို ဆရာဝန် တွေဆိုတာက နားလည်ကြတာမဟုတ်ဘူး. . သူတို့သင်ရတဲ့ ဆေး ပညာတွေဆိုတာကလည်း ဒီလိုနေရာမျိုးမှာ ဘာမှသုံးစားလို့ မရဘူး. . ဒါမျိုးတွေဆိုတာက အဘတွေကမှ တတ်နိုင်တာ. .

တချို့တွေက သူတို့ကိုယ်သူတို့ ခေတ်ပညာတတ်ယောင် ယောင် ဘာယောင်ယောင်နဲ့. . သိပ္ပံနည်းနဲ့ မဖော်ထုတ်နိုင်သေး တဲ့ လောကီပညာရပ်တွေ အများကြီးရှိသေးတယ်ဆိုတာ လက် မခံချင်ကြဘူး. . အခုပဲကြည့်လေ. . ဒေါ်လေးခံစားနေရတဲ့ ရောဂါဆို အနောက်တိုင်း အင်္ဂလိပ်ဆရာဝန်တွေ ဘာတတ်နိုင် လို့လဲ. . သူတို့သာတတ်နိုင်ရင် ဒေါ်လေးရောဂါ ပျောက်တာ ကြာလှပေါ့. . ဘယ်နနှစ်၊ ဘယ်နလရှိနေပြီလဲ. .

အစကတည်းကသာ အဘတို့ဆီမှာအပ်ပြီး စောစော



www.burmeseclassic.com

www.burmeseclassic.com



စီးစီးကုလိုက်ရင် ဒေါ်လေးရောဂါ ပျောက်တာကြာလှပေါ့. . အခုလည်း မပူပါနဲ့. . ပယောဂမှန်လို့ကတော့ အဘနဲ့ တွေ့ရင် တုန်ဆင်းသွားစေရမယ်. . ဟင်း. . ဟင်း. . ဟင်း. . ”

ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ခုနစ်ပါးအုပ်စုထဲသို့ ဘိုးတော်မမိစန်းတစ်ယောက် ထပ်မံတိုးသွားချေပြီတည်း။

ပညာတတ် လူတန်းစားနည်းပါးသော စုန်း၊ ဖုတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ ဟူသည့် ရှေးအယူအစွဲရှိကြသော ကျေးလက် လူတန်းစားအကြား၌ ပညာမဲ့သော မိစန်းသည် ဘိုးမင်းခေါင် အယောင်ပြ၍ ဟိတ်ဟန်လုပ်ကာ ကြွားဝါနေလေပြီ။

လိမ်ညာခြင်းဟူသည် အချိန်တန်လျှင်တော့ အလိမ် ပေါ်စမြဲဖြစ်ကြောင်း ပညာမဲ့သော ဘိုးတော်မ မိစန်းတစ်ယောက် ကြိုတင်တွေးဆသိမြင်နားလည်နိုင်စွမ်းမရှိခဲ့ပါချေ။

မိမိ၏အရည်အချင်းအစစ်အမှန်ကိုသိလိုက်ရသော အချိန်၌ မိစန်းအဖို့ ထိုအမှားကိုပြုပြင်ရန် အချိန်များစွာနှောင်း ခဲ့ပြီဖြစ်ကြောင်း မကြာမီ သိရပေတော့မည်။

ထို့အတူ လက်ဆုပ်လက်ကိုင်သက်သေမပြနိုင်သော၊ လက်တွေ့မဆန်သော စုန်း၊ ဖုတ်၊ ကဝေ၊ တစ္ဆေ၊ သရဲနှင့် ဘိုးတော်၊ နတ်ကတော်၊ ဂိုဏ်းဆရာတို့ဟူသည် မည်သို့သော





အတတ်ပညာရပ်ဆိုင်ရာ ပညာသင်ကျောင်းတော်တစ်ခုခု၌ သတ်မှတ်ထားသည့်ကာလအတိုင်းအတာအထိ စနစ်တကျ ပညာ ဆင့်ပွားသင်ကြားတတ်မြောက်ထားကြသူများမဟုတ်ဘဲ ဘုရား စင်ရှေ့ လက်အုပ်ချီရှိခိုး လိမ်ညာ၍ ဥဖွဟု မန်းတတ်မှုတ်တတ် ရုံမျှနှင့် ဘိုးတော်၊ ဘွားတော်၊ နတ်ကတော်၊ ဂိုဏ်းဆရာဘွဲ့ အလွယ်တကူခံယူခဲ့ကြသော ဟန်တစ်လုံးပိုင်ရှင်များဖြစ် ကြောင်း၊ ဒေါ်တင်နှင့် ဆွေမျိုးသားချင်းတစ်သိုက်တို့ သိလိုက် ကြရသည့်အခိုက်ဝယ် ပြန်လည်အစားထိုးပြုပြင်၍မရနိုင်သော အမှားကြီးတစ်ခုကို တန်ဖိုးကြီးစွာနှင့် ရင်းနှီးပေးဆပ်လိုက်မိ ကြပြီဖြစ်ကြောင်း သိရှိနားလည်ကြရပေတော့မည်။

“ကဲ. . အဘကိုယ်တိုင်ကြွလာပြီး ဓာတ်စီးကုပေးမယ် ဒေါ်တင်ရေ. . မူလစိတ်ပျောက်ပြီး ပြုစားထားတဲ့ အစွဲမှန်သမျှ ဝင်ခဲ့စမ်း၊ ဝင်ခဲ့စမ်း. . ဟင်း. . ဟင်း. . ဘာရမလဲ”

ဘိုးတော်မမိစန်း၏စကားအဆုံး၌ ကြောက်ရွံ့တုန်လှုပ် ၍လော၊ သို့တည်းမဟုတ် ထိုင်ရတာကြာပြီဖြစ်၍ အကြော အခြင်တို့ တောင့်တင်းညောင်းညာလာ၍လော မဆိုနိုင်ချေ။ ဒေါ်တင်၏ကိုယ်လုံးကြီးမှာ ထိုင်နေလျက်နှင့် အနည်းငယ် ဘယ်ညာယိမ်းထိုးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . ပြောစမ်း . . နင် ဘယ်သူလဲ . . နင် ဘာကြောင့် လိပ်ပြာရှင်ကို အခုလိုလုပ်ရတာလဲ . . ပြောစမ်း . . ငါ ဘိုးတော် အမိန့်ပေးနေတယ် . . အောင်မာ . . ငါမေးတာ မဖြေဘူး . . ဒီလောက်ခေါင်းမာလှတာ တွေ့ကြသေးတာပေါ့ . . အုန်းပွဲ၊ ငှက်ပျောပွဲပြင်ထားတဲ့ ကန်တော့ပွဲသံဇလုံနဲ့ ငါ ဆောင့်လိုက်ရ . . ကဲဟာ . . ကဲဟာ . ."

"ဒုတ် . . ဒုတ် . . ဒုတ်"

ငှက်ပျောသီးငါးဖီးနှင့် အုန်းသီးတစ်လုံးတို့ထည့်ထားသော ကြေးရည်သုတ်ဇလုံဖြင့် မိစန်းမှ ဒေါ်တင်၏နဖူးအား သုံးချက်ဆောင့်လိုက်ရာ ဒုတ်ခနဲ ဒုတ်ခနဲ အသံနှင့်အတူ ဒေါ်တင်၏နဖူး၌ ကွမ်းသီးလုံးခန့် ဖူးရောင်သော ဘုကြီးတစ်ခု ဖြစ်ပေါ်လာ၏။

သံဇလုံဖြင့်အတိုက်အဆောင့်ခံရမှုကြောင့် နာကျင်သွားသော ဒေါ်တင်မှ ဘိုးတော်မ မိစန်းအား . .

"ကျွန်မ မတင်ပါ"

ဟု အကြိမ်ကြိမ်အဖန်ဖန်ပြန်ဖြေလိုက်၏။

သို့ရာတွင် ဘေးမှဝိုင်းကြည့်နေသော လူပုံအလယ်၌ မိမိ၏လုပ်ရပ်မှာ ထူးခြားသောပြောင်းလဲမှုမရရှိသည့်အတွက် ရှက်စိတ်မွန်သလိုဖြစ်သွားသော ဘိုးတော်မမိစန်းက . .





"ဒီကောင်က အတော်ရင့်နေပြီ . . အစွယ်တောင်ထွက်နေပြီပဲ . . လွယ်လွယ်နဲ့တော့မရဘူး . . ကဲ . . ကြမ်းပြင်ပေါ် ပက်လက်လှန်လှဲလိုက်စမ်း . . ဘုရားစင်ဘက်ကို ခြေထောက်ထားလိုက်"

"လေးလေးဒေါ်တင် မိစန်းပြောသလိုလုပ်လိုက်လေ"

ဘုရားစင်ဘက်ခြေဆင်းရန်ဝန်တာလေးနေသော ဒေါ်တင်အား ဘေးမှဝိုင်းအုံကြည့်နေသူများက ဝင်ရောက်စွက်ဖက်ပြောလိုက်မှုကြောင့် ဒေါ်တင်မှာ ဘိုးတော်မမိစန်း အမိန့်အတိုင်း လိုက်နာဆောင်ရွက်လိုက်၏။

"ကန်တော့ပွဲနဲ့နဖူးကိုတိုက်တာတောင် မဖြုတဲ့အကောင် နောက်တစ်နည်းစမ်းလိုက်မယ် . . ပါးစပ်ဟစမ်း . . မင်းကွတ်သီးကို ပါးစပ်ထဲထိုးထည့်လိုက်မယ် . . ကဲ . . ပြောစမ်း . . နင် ဘယ်သူလဲ"

"အူး . . ဝူ . . ဝူ"

ပါးစပ်အတွင်း မင်းကွတ်သီးအထည့်ခံထားရ၍ တအူးအူးဖြစ်နေသော ဒေါ်တင်မှ ခြေဟန်လက်ဟန်ဖြင့်ပြသဖြင့် မိစန်းက ဒေါ်တင်၏ပါးစပ်အတွင်းမှ မင်းကွတ်သီးကို ထုတ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ဖြေစမ်း . . နင်ဘယ်သူလဲ . . ဘယ်ကလဲ"

"ကျွန်မ မတင်ပါ . . ဟောဟဲ . . ဟောဟဲ . . "

မင်းကွတ်သီး ပါးစပ်အတွင်းအထည့်ခံရ၍ အသက်ရှုကျပ်ပြီး ဒေါ်တင်ခမျာ မောဟိုက်နေ၏။ ဝေဒနာအခံရှိသော ဒေါ်တင်မှာ ရိုက်နှက်ခြင်းပါခံရ၍ ထိတ်လန့်ကြောက်ရွံ့ကာ ဇောချွေးများပင် ပြန်နေ၏။

ခက်သည်က ဘေးဝန်းကျင်မှ ဝိုင်းဝန်းကြည့်ရှုနေကြသောလူအုပ်ကြီးကပင်လျှင် ဘိုးတော်မ မိစန်း၏လုပ်ရပ်ကို ဝိုင်းဝန်းအားပေးထောက်ခံလျက်ရှိနေသောကြောင့် ဒေါ်တင်မှာ မိမိကိုယ်တိုင်ခံစားသိရှိနေရသော လက်ရှိအနေအထားကို ဘိုးတော်မမိစန်းအပါအဝင် မည်သူ့ကိုမျှ ပြောပြဖြေရှင်းရန် အခွင့်မရခဲ့ပါချေ။

ထို့ကြောင့်လည်း မိမိ၏ခံစားနေရသည့်ဒုက္ခကို အဆုံးသတ်ရန် ကိုယ်တိုင်အဆုံးအဖြတ်ပေးရန် ကြိုးစားလိုက်၏။

"ဟဲ့ . . မိစန်း . . ငါ မတင်ဟဲ့ . . ငါ ဘာမှမဖြစ်ဘူး . . ငါ ဆေးမကုတော့ဘူး"

"အောင်မာ . . ငါလိုဘိုးတော်ကို ဒါမျိုးလာစမ်းလို့ ဘာရမလဲ . . ဘာ မတင်လဲ . . နင် မှန်မှန်ပြော . . နင့်လျှာ ထုတ်စမ်း"





"မထုတ်ဘူး"

"မထုတ်ရင် ငါ ဆွဲထုတ်လိုက်မယ် . . ပါးစပ်ဟစမ်း"

"ငါ့ပါးစပ်ကို နင်ကဖြဲတော့ နင့်လက်ကို ငါက ကိုက်လိုက်မယ် မိစန်းရဲ့ . . ကဲ . . မှတ်ပြီလား"

"အား . . ငါ့ကိုကိုက်တယ် . . ဟုတ်လား . . ကဲ . . တိုက်ဦး . . နင့်နားရွက်ကို ငါက ပြန်ကိုက်လိုက်မှာပေါ့ဟဲ့ . . တဲ . . ကဲ . . နားရွက်ပြတ်စမ်း"

"အား . . အောင်မယ်လေး . . သေပါပြီ . . နားရွက်ပြတ်ပါပြီ"

"မှတ်ထား . . အဲဒါ ဘိုးတော်ကိုယ်တိုင် ဓာတ်စီးပြီး အပြစ်ပေးတာ"

"ကဲ . . သားတော်ကြီး ခေါင်းမိုးမှာထိုးထားတဲ့ စပုတ်တံ သုံးချောင်းလုံးပေးစမ်း"

ဘိုးတော်မမိစန်းနှင့် ဒေါ်တင်တို့ တစ်ယောက်တစ်ပြန် နပန်းသတ်နေသည်ကို အဘဘိုးမင်းခေါင်ဓာတ်စီးဆေးကုပေးသူ မိစန်းနှင့် ဒေါ်တင်၏ကိုယ်၌ ပူးကပ်ပြုစားထားသော ဝညာသည်တို့ ဘတစ်ပြန်ကျားတစ်ပြန် ပညာပြိုင်နေကြသည် အထင်နှင့် ဝိုင်းအုံကြည့်ရှုနေကြသော လူအုပ်ကြီးထဲမှ သား



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးဟုအခေါ်ခံရသူက မိစန်းအလိုရှိသော စပုတ်တံများအား ပေးအပ်လိုက်၏။

"ဒါလောက်တောင် ငါ့ကို စမ်းလှတာ. . နင့်နားအဝထဲ စပုတ်တံတွေနဲ့ဆောင့်ထိုးလိုက်မယ်. . ကိုင်း. . သေစမ်း. . သေစမ်း. ."

ခက်ထန်သော ဒေါသစိတ်ရိုင်းတို့ကို ချွန်းဖွင့်သကဲ့သို့ အားကုန်ပြုမူနေသော ဘိုးတော်မမိစန်းကြောင့် ဒေါ်တင်မှာ ငယ်သံပါအောင်အော်ဟစ်ရင်း နားနှင့်နှာခေါင်းတို့ထဲမှ သွေးများယိုစီးကျလာလျက် မချိမဆန့်ဝေဒနာကိုခံစားရင်း သတိလစ် မေ့မြောသွားလေတော့၏။

"အောင်မယ်လေး. . သေပါပြီတော်"

"ဟိတ်. . မင်းတို့အားလုံး ဘာလုပ်နေကြတာလဲ. . ဒါ. . ဆေးကုနေတာမဟုတ်ဘူး. . လူသတ်နေတာ သိကြရဲ့လား. . ဒါလောက်ပဲ ရိုးကြ အ,ကြရသလား"

"ဟင်. . ဥက္ကဋ္ဌကြီး. ."

"အခုမှ ဥက္ကဋ္ဌကြီးတွေ ဘာတွေ လုပ်မနေကြနဲ့၊ အောက်က ဒေါ်တင်က သေတော့မယ်. . ဟဲ့. . မိစန်း. . ဖယ်စမ်း"





"ဘာ မိစန်းလဲ. . ငါ ဘိုးတော်ဟဲ့. . ငမိုက်သားတွေ ရဲ့"

"အံမာ. . ငါ နားရင်းတီးလိုက်ရ. . မကောင်းဘူးရှိရော့မယ်. . ဒီမယ်မိစန်း. . နင့်လို မလောက်လေးမလောက်စား အသိဉာဏ်နဲ့ ငါ့ကို လာဖြီးဖြန်းမနေနဲ့ နင် ဒီလူနာသေလို့ကတော့ နင်ထောင်ကျပြီသာမှတ်"

ကျေးရွာရယကဥက္ကဋ္ဌ၏စကားကြောင့်မိစန်းမှာ ထိတ်လန့်သွားပြီးဒေါ်တင်၏ကိုယ်ပေါ်ခွစီးထားရာမှ ဘေးဖယ်ပေးလိုက်၏။

"ဟိတ်. . မင်းတို့ ဘာကြောင်ကြည့်နေတာလဲ. . လာစမ်း. . ဒေါ်တင်ကို ဆေးရုံမြန်မြန်ပို့ကြစမ်း. . အချိန်နောက်ကျလို့ မဖြစ်ဘူး"

"အလာကောင်းပေမယ့် အခါနှောင်းသွားပြီ ဥက္ကဋ္ဌကြီးရေ. . ဥက္ကဋ္ဌကြီးတို့လူနာနားထဲကို စပုတ်ထံထိုးထည့်တဲ့ဒဏ်ကြောင့် ထွက်လာတဲ့သွေးတွေ ဦးနှောက်ထဲရောက်သွားပြီး သေဆုံးနေပါပြီ"

"ဟင်. . . ဖြစ်မှဖြစ်ရလေကွာ. . ဖြစ်မှဖြစ်ရလေ ဒေါ်တင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . ကြားကြလားဟင်. . အခုတော့ ကောင်းကြသေးရဲ့လား. . ဒီမှာ ခေတ်မီတတ်ကျွမ်းတဲ့ဆရာဝန်ကြီးတွေနဲ့ စိတ်ရှည်လက်ရှည်ဆေးကုသရင် ပျောက်ကင်းနိုင်ပါလျက်နဲ့ ဘာနကန်းတစ်လုံးမှမတတ်တဲ့ မိစန်းလိုလူမျိုးကို ဆေးကုခိုင်းရတယ်လို့. . ခုတော့ ဒေါ်တင်ခမှာ မချိမဆန့်နဲ့ သေရပြီ. . အဲဒီ ဘိုးတော်မယောင်ယောင်၊ ဘာယောင်ယောင်လည်း လူသတ်မှုနဲ့ ကျိန်းသေပေါက် ထောင်ကျဦးမယ်. .

မင်းတို့လည်း ဒီလူသတ်ပွဲကြီးကို ဝိုင်းပြီးအားပေးနေတာ အလိုတူအလိုပါတွေပဲ. . မင်းတို့ပါ ရောပြီး အရေးယူခံရမယ်"

"ဗျာ. . ကျွန်တော်တို့ ဘာမှမသိပါဘူးခင်ဗျာ"

"ဟုတ်ပါတယ် ဥက္ကဋ္ဌကြီးရယ်. . ကျွန်မတို့လည်း ဘာမှမသိရပါဘူးရှင်. . မမြင်ဖူးလို့ သွားကြည့်မိတာပါ"

"အေး. . အဲဒါတော့ ငါလည်းမသိဘူး. . တရားရုံးကျမှ သက်ဆိုင်ရာတွေကို ပြောပြကြ. . အခုတော့ လူသတ်မှုနဲ့ မိစန်းကိုအရေးယူပေးဖို့ ရဲစခန်းကို ငါ အမှုသွားဖွင့်ရဦးမယ်. . ဟဲ့. . မိစန်း၊ ငါနဲ့ ရဲစခန်းလိုက်ခဲ့"





"အောင်မယ်လေး. . ကိုခိုင်ရဲ့. . ကျွန်မကို မကယ်နိုင်တော့ဘူးလားတော့. . အဟင့်. . ဟင့်. . အီး. . ဟီး. . ဟီး"

ရဲစခန်းသို့လိုက်ခဲ့ရမည်ဆိုသော ကျေးရွာရယက ဥက္ကဋ္ဌ၏အမိန့်စကားသံကြောင့် ဘိုးတော်မအမည်ခံ မိစန်းမှာ ရင်း၏ခင်ပွန်းယောကျ်ားအားပြေးဖက်၍ ရှိုက်ကြီးတငင်ငိုကြွေးလိုက်ပါတော့သည်။


ပြုလုပ်မှုတစ်ခုအတွက် ထိုက်သင့်သောအပြစ်ဒဏ်ပေးနိုင်ရန် ပြုလုပ်မှုကျူးလွန်သူတရားခံအား တရားဥပဒေနှင့်အညီအရေးယူဆောင်ရွက်ကြရမြဲဖြစ်ပေရာ ဘိုးတော်မအမည်ခံ မိစန်းမှာ အဒေါ်ဖြစ်သူအား သတ်ဖြတ်မှုဖြင့် အပြစ်ဒဏ်ကျခံခဲ့ရချေပြီ။

အဆုံးသတ်၌မူ ဘိုးတော်မဟူသောအမည်ကို အများသူငါ ရေလဲသုံးစွဲနေကြသကဲ့သို့ သုံးစွဲခဲ့သော မိစန်းမှာ အမှန်တကယ် ဘာအစွမ်းအစမျှမရှိခဲ့၍ ရှေးရှေးက ဘိုးတော်၊ ဘွားတော်၊ နတ်ကတော်၊ ဂိုဏ်းဆရာများနည်းတူ အလိမ်အညာပေါ်အရှက်ကွဲပြီး ထောင်နန်းစံခဲ့ရချေပြီတည်း။

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## စကားတစ်ခွန်းအများစွန်းမိလေတယ်ကြောင့်

စကား စကား ပြောပါများတော့ စကားထဲက ဇာတိပြဆိုသကဲ့သို့ ဒေါသတကြီး တစ်ယောက်နှင့်တစ်ယောက် အနိုင်အထက်ပြုပြောဆိုကြသောအခါ ယုတ်ရင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာမှုများကြောင့် နှုတ်ဖြင့်ကြမ်းသူက နှုတ်ဖြင့်အနိုင်ယူသောအခါ လက်ဖြင့်ကြမ်းသူက လက်ရောက်အနိုင်ယူတတ်ကြ၏။

ထိုသောအခါဝယ် မဖြစ်သင့်သော အဖြစ်ဆိုးများ ဒွန်တွဲ၍ဖြစ်ပေါ်လာတတ်ကြပြီး ထိုအကျိုးဆက်များမှာ. .

"ဟာ. . ဆရာလည်း ရောက်နေတာကိုး။ ဟိုမှာ လူသတ်မှုဖြစ်နေလို့"





ရဲစခန်းဝင်းအတွင်း စက်ဘီးကိုယ်စီဖြင့် ရေးကြီးသုတ်ပျာ ဒုန်းစိုင်းစီးဝင်လာသူနှစ်ဦးအနက် တစ်ဦးက ရဲစခန်းရှေ့ဦးအောင်နိုင်လက်ဖက်ရည်ဆိုင်အနီး ရပ်နေသော ကျွန်တော့်အား ပြုံးပြနှုတ်ဆက်ပြီး သတင်းပေးသွားသဖြင့် ကျွန်တော်ပါ ရောယောင်၍ ရဲစခန်းအတွင်း လိုက်ပါသွားမိ၏။

ရဲစခန်း၌ တာဝန်မှူးမှာ ဒုရဲအုပ်စိုးမိုးဦးဖြစ်ပြီး ကျွန်တော့်ကိုတွေ့သည်နှင့် "ဟဲ. . ဟဲ. . သတင်းထောက်ကိုဆွေ. . ခင်ဗျားနဲ့ကျွန်တော်တော့ တွဲမိပြီ. . ကျွန်တော်တို့နှစ်ယောက်တွဲမိတဲ့နေ့ ဟဲဗီးအမှုတွေချည်း ဖော်ထုတ်နေရတာပဲ"

ဟု ဆိုလာသည်။

မှန်ပါသည်။ တာဝန်မှူး ဒုရဲအုပ်စိုးမိုးဦးနှင့် ကျွန်တော်သည် အတူလက်တွဲ၍ ရာဇဝတ်မှုခင်းကြီးအတော်များများအား စုံစမ်းဖော်ထုတ်ခြင်း ပေါ်ပေါက်လာသောအမှုအခင်းများအား ကျွန်တော်က တာဝန်ယူ၍ မှုခင်းသတင်းဂျာနယ်များသို့ သတင်းပို့လျက် သတင်းထုတ်ပြန်ပေးရခြင်း ကြိမ်ဖန်များစွာ ဆုံခဲ့ဖူးလေရာ ကျွန်တော်နှင့် လုပ်ငန်းသဘောအရ အပြန်အလှန် ရိုင်းပင်းမှုများ ရှိခဲ့လေသည်။

ဒုရဲအုပ်စိုးမိုးဦးသည် ကျွန်တော်၏ညီအရင်း ဒုအုပ်



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်ဦးနှင့်အတူတွဲ၍ တာဝန်ထမ်းရွက်ခဲ့ဖူးခြင်းကြောင့် ကျွန်တော့်အား လူပုဂ္ဂိုလ်ရေးအရ ခင်မင်မှုလည်းရှိပါသည်။

သို့နှင့် သတင်းလာပို့သောလူများ၏ပြောပြချက်အရ လူသတ်မှုမမြောက်သေးဘဲ ပေါက်တူးနှင့် အခုတ်ခံရခြင်းသာ ဖြစ်ကြောင်းနှင့် အခင်းဖြစ်အရပ်မှာ ရွှေဟင်္သာရွာ၌ဖြစ် ကြောင်း သိရသောကြောင့် ကျွန်တော်သည် စီးတော်ယာဉ် စက်ဘီးကို မိုးပျံဂီယာသွင်း၍ မြေကုန်သုတ်ကာ ပိုလ်မှူးဖိုးကွန်း လမ်းအတိုင်း အခင်းဖြစ်နေရာသို့ ဦးစွာအလျင် ခရီးထွက်ခဲ့ ပါတော့သည်။ ဒုရဲအုပ်စိုးမိုးဦးမှာ စခန်းမှူးထံ အလျင်အမြန် သတင်းပို့ပြီး စခန်းမှူး ရဲအုပ်ဝင်းမြင့်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်ဦး၊ ဒုရဲအုပ်စိုးမိုးဦးတို့ (၃)ဦးသည် ဆိုင်ကယ်ကိုယ်စီ ဖြင့် အခင်းဖြစ်အရပ်သို့ သွားရောက်ကြတော့၏။

ကျွန်တော်၏စက်ဘီးမှာ လွန်စွာကောင်းသောစက်ဘီး ဖြစ်၏။ ကုန်းဆင်းများတွင် လုံးဝနင်းစရာမလိုဘဲ သူ့အလိုလို လိမ့်ဆင်းသွားပြီး ကုန်းအတက်တွက် လုံးဝ နင်းရန်မလိုဘဲ ဆင်း ၍တွန်းရန်သာလိုတော့၏။ ထို့အပြင် အချက်ပေးခေါင်းလောင်း မှလွဲလျှင် အကုန်မြည်သောကြောင့် လွန်စွာငြိမ့်ညောင်းသော တေးသွားကို စက်ဘီးနင်းရင်း နားထောင်နေရသကဲ့သို့ သာယာ





ကြည်နူးစိတ်ညစ်ညူးဖွယ်ကောင်းလှချေတော့၏။

ရွှေဟင်္သာရပ်ကွက်မှာ တောင်ငူမြို့၌ အထင်ကရ မြို့ ပိုင်လက်ခြောက်ဖက်အရှင်ကြီးနတ်နန်းတည်ရှိရာ နတ်ကြီး တံခါး၏နောက်ကျောဘက်ကျေးရွာပင်ဖြစ်ပါသည်။ တစ်နည်း ဆိုရပါလျှင် မြို့ရိုးဟောင်းများ၏ ဘေးကျုံးများ၏တစ်ဖက်ကမ်း ရှိ မြို့ပြင်ရွာကလေးသာဖြစ်ပါသည်။

အမှုအခင်းတစ်ခုဖြစ်သည်ဆိုလျှင် တစ်ပြိုင်နက် စပ်စပ်စုစုနိုင်လှသော လူအုပ်ကြီးမှာ တာဝန်ရှိသူများထက် အလျင်ဦးစွာရောက်နှင့်နေကြပြီး ထင်ကြေးအမျိုးမျိုးပေးကာ ဝေဖန်လေကန်မှုများလုပ်ရင်း ရုံဖန်ရံခါ ငြင်းကြခုံကြလျက် တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်နေကြသေး၏။ အခင်း ဖြစ်နေရာသို့ စစ်ဆေးရန် တာဝန်အရ လာရောက်ကြသူများမှာ အဓိကအလုပ်တာဝန်ကိုပင် မလုပ်ဆောင်နိုင်သေးဘဲ ၎င်းတို့ ကိစ္စ ဦးစွာဖြေရှင်းပေးကြရသေးပြန်၏။

ယခုလည်းကြည့်ပါဦး။ ကာယကံရှင်များအား စုံစမ်း စရာမလိုအပ်ဘဲနှင့် ဝေဖန်လေကန်သူများ စပ်စပ်စုစုပြုသူ များ၏ ဝေဖန်ပြောဆိုမှုများနှင့်ပင် အတော်အသင့် သိရလေ ပြီ။ သေဆုံးသူမှာ ဗေဒင်ဆရာမကလေး မရွှေစင်အောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ၎င်းအား ပေါက်တူးနှင့်ခုတ်သူမှာ အိမ်နီးချင်းနေ ဟန်မင်းထွန်းဆိုသူဖြစ်ကြောင်း သိရ၏။ သို့ရာတွင် ကျွန်တော်သည် အခင်းဖြစ်အိမ်သို့ မှတ်တမ်းဓာတ်ပုံရိုက်ရန် ရောက်ရှိသွားပြီး မှတ်တမ်းဓာတ်ပုံများရိုက်နေသည့်အချိန်ထိ မရွှေစင်အောင်မှာ သေဆုံးခြင်းမရှိသေးဘဲ ဒဏ်ရာများဖြင့် သတိလစ်မေ့မြောနေသည်မှအပ အသက်ပြင်းပြင်းရှူနေသည်ကို တွေ့ခဲ့ရပါသည်။

စခန်းမှူး ရဲအုပ်ဝင်းမြင့်၊ ဒုရဲအုပ်စိုးမိုးဦး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်ဦးတို့သည် မရွှေစင်အောင်အား ဆေးကုသမှုအချိန်မီခံယူနိုင်စေရန် ထော်လာဂျီတစ်စီးကို အမြန်မှာယူပြီး ဆေးရုံသို့ ထော်လာဂျီဖြင့် ပို့လိုက်ရတော့၏။

ဤနေရာတွင် တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်များက အဆိုပါထော်လာဂျီအား တောင်းတောင်းပန်ပန်နှင့် ချော့ခေါ်လာပြီး သွေးသားမတော်စပ်သူ လူနာတစ်ဦး အချိန်မီ ဆေးကုသမှု ရရှိစေရေးအတွက် စေတနာအရင်းခံဖြင့် ကူညီဆောင်ရွက်နေပါသော်လည်း ထော်လာဂျီမောင်းသူမှာ စက်သုံးဆီရရှိရေးကိုသာ အတင်းဂျီကျတောင်းခံနေသဖြင့် ကြားထဲမှ ကျွန်တော့်မှာ စိတ်မသက်မသာဖြစ်မိတော့၏။





ကျွန်ုပ်တို့ မြန်မာနိုင်ငံနေ တိုင်းရင်းသားအများစုမှာ စေတနာထက်သန်လှသည်ဆိုသော်လည်း အချို့မှာ မပြောပလောက်သော ကိစ္စအသေးအဖွဲ့ကို ဈေးတွက်တွက်၍ ကက်သီးကတ်ဖဲ့လုပ်ကြသည်မှာ စိတ်ပျက်ဖွယ်ကောင်းလှတော့၏။ ဆေးရုံနှင့် ထိုခရီးအသွားအပြန် ဒီဇယ် နှစ်ပုလင်းမကုန်ပါချေ။ ထိုစဉ်က ဒီဇယ်နှစ်ပုလင်းမှာ ၂၀ဝိ ပင် မပြည့်ပါချေ။

ပတ်ဝန်းကျင်သက်သေများ၏ထွက်ဆိုချက်အရ ဟန်မင်းထွန်းသည် မရွှေစင်အောင်အား ပေါက်တူးနှင့်ခုတ်ပြီး အဆိုပါပေါက်တူးကို လက်မှကိုင်ဆွဲ၍ အရှေ့အရပ်သို့ ထွက်သွားကြောင်း သိရသဖြင့် တရားခံကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များအားလုံးမှာ လူစုခွဲ၍ ချက်ချင်း ခြေရာခံလိုက်ကြပြန်တော့၏။

ဟန်မင်းထွန်းသည် ရဲစခန်းအတွင်း မကြာခဏ ပြစ်မှုတစ်မျိုးမျိုးဖြင့် ရောက်တတ်မှုကြောင့် ရဲအတော်များများက ၎င်းအား မှတ်မိနေကြ၍ ၎င်းအားဖမ်းဆီးရေးမှာ အခက်အခဲမတွေ့လှချေ။

ထို့ကြောင့် တေဇာခင်ဦး (၅)လမ်း ဗိုဒီယိုရုံပေါင်းခြံအတွင်း ပုန်းခိုနေသော တရားခံ ဟန်မင်းထွန်းအား ရဲတပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဝင်းနှင့် တပ်သား သန်းထွန်းဦးတို့က ဖမ်းဆီးရမိခဲ့ကြ၏။

စခန်းသို့ မှုခင်းမှတ်တမ်းဓာတ်ပုံများ သွားရောက်ပို့ဆောင်သောအခါ စခန်းမှူး ရဲအုပ်ဝင်းမြင့်နှင့်တွေ့ဆုံသောကြောင့် လူသစ်ဖြစ်သော စခန်းမှူး ရဲအုပ်ဝင်းမြင့်အား ကျွန်တော်က နှုတ်ခွန်းဆက်စကား လေးစားစွာဆိုလိုက်၏။

“ဆရာ. . . ကျွန်တော့်နာမည် မောင်ဆွေလို့ခေါ်ပါတယ်. . ဒီမြို့က မှုခင်းသတင်းထောက်တစ်ယောက်ပါ. . ကျေးဇူးပြုပြီး ရွှေဟင်္သာနယ်မြေက ပေါက်တူးနဲ့ခုတ်တဲ့အမှုကလေး ကူညီပါလားဆရာ”

“သြော်. . သတင်းထောက်လား. . ကူညီပါ့မယ်. . အမှုစတင်ဖြစ်ပွားပုံကတော့ အကြမ်းဖျင်းသိပြီးရောပေါ့. . အသေး စိတ်လိုအပ်ရင်တော့ ကျွန်တော် ပြောပြပါ့မယ်”

“မရွှေစင်အောင်ဟာ ဗေဒင်ဟောတဲ့အလုပ်ကို လုပ်တယ်လို့ ဆိုကြတယ်ဗျ. . သူ့ခင်ပွန်းကတော့ မြို့ထဲက ပွဲရုံတစ်ရုံမှာ အလုပ်လုပ်တယ်. . အခင်းဖြစ်ချိန်မှာတော့ သူ့ခင်ပွန်း အလုပ်သွားနေခိုက်မို့ အိမ်မှာ မရွှေစင်အောင်နဲ့ သမီးကလေး ပဲရှိနေတယ်လေ. .

မရွှေစင်အောင်ဟာ တစ်ချိန်က ဟန်မင်းထွန်းတို့





မိသားစု အခုနေတဲ့ခြံကို ရောင်းခဲ့တယ်ဗျ. . အဲဒီခြံကိုရောင်းတော့က လေးထောင့်စပ်စပ်နယ်နိမိတ်သတ်မှတ်ပေးပြီး ရောင်းခဲ့တာမို့ လက်ရှိအနေအထားထက် ပိုကျယ်တယ်ပေါ့ဗျာ. . အဲ. . ဒါပေမဲ့ လယ်သမားကြီးတစ်ယောက်က ဟန်မင်းထွန်းအမေဝယ်ထားတဲ့ခြံဟာ သူပိုင်ဆိုင်တဲ့ လယ်မြေတွေပါတယ်ဆိုပြီး နေရာပြန်သတ်မှတ်တာကြောင့် ဟန်မင်းထွန်းတို့ခြံဟာ စွေစွေစောင်းစောင်းနဲ့ အခုမြင်ရတဲ့အတိုင်း ကျဉ်းမြောင်းသွားခဲ့တယ်လေ. . ဒါကို ဟန်မင်းထွန်း အမေက မကျေနပ်လို့ လယ်သမားကြီးကိုပြောတဲ့အခါ မရွှေစင်အောင်ဆီကဝယ်တာလို့ ပြောမိတဲ့အတွက် မရွှေစင်အောင်က ဆဲဆိုသတဲ့လေ. . ဇာတ်သမ်းက အဲဒီမှာစတာပဲဗျို့”

■

“ဒီကောင်မ. . လူပါးဝကိုဝတယ်. . စီးပွားရေးအဆင်ပြေတယ်ဆိုပြီး မောက်မောက်မာမာနဲ့”

“အမေ. . တော်တော့ဗျာ. . ပြောမနေနဲ့တော့”

ဟန်မင်းထွန်းသည် စကားကြောမပြတ်နိုင်သော မိခင်ဖြစ်သူအား မြေကြီးပေါ်ကနေရင်းမှဟန့်တားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . နင့်ကောင်မကမှ မတော်ဘဲ. . ဂါက လူကြီး"

"ဟင်. . နင်က ငါ့ကို နင့်သားနဲ့ပေးစားတယ်. . ဟော့. . ဒီမှာ ငါ့လင်မဟုတ်ဘူး. . အဲဒါ နင့်လင်. . နင့်လင် သိလား"

မရွှေစင်အောင်သည် မိမိအား ၎င်း၏သား ဟန်မင်းထွန်းနှင့်ပေးစားပြောဆိုနေသည့် ဖေါ်ကြည်အောင်အား ခွန်းတုံ့ပြန်လိုက်၏။

မိခင်နှင့် ပေးစားဆဲဆိုခံရသဖြင့် ဟန်မင်းထွန်းမှာ သီးမခံနိုင်တော့ဘဲ အော်ကြီးဟစ်ကျယ်ပြောနေသော မရွှေစင်အောင်အိမ်ပေါ်သို့တက်သွားပြီး လက်တွင်ကိုင်ဆောင်ထားသည့် ပေါက်တူးဖြင့် အားပါးတရ ခုတ်ချလိုက်တော့၏။

ဒုတ်ခနဲ ဒုတ်ခနဲ ခပ်အုပ်အုပ်အသံနှစ်ချက်မျှ ဆင့်ပေါ်လာပြီး မရွှေစင်အောင်မှာ အသံပင်မထွက်နိုင်ဘဲ ငြိမ်ကျသွား၏။ ဦးခေါင်းမှ သွေးတို့သည် စေးထန်းထန်း ပျစ်ချွဲချွဲဖြင့် ယိုစီးလာပြီး ကြမ်းပေါက်မှတစ်ဆင့် မြေပြင်ပေါ်သို့ အိုင်ထွန်းစွာ ကျဆင်းလာတော့၏။

အိမ်ပေါ်တက်သွားသော ဟန်မင်းထွန်းကို အစအဆုံး စောင့်ကြည့်နေကြသော အနီးပတ်ဝန်းကျင်နေသူများနှင့် မိသားစုဖုတ်သမားများသည် ဟန်မင်းထွန်း မရွှေစင်အောင်၏





နေအိမ်ပေါ်မှ ပေါက်တူးကိုင်၍ ပြန်ဆင်းလာသည်ကိုမြင်ရသောအခါတွင်မှ ကြောက်ကြောက်လန့်လန့်နှင့် အဝေးကို ထွက်ပြေးကုန်ကြတော့၏။

ဟန်မင်းထွန်းသည် ဘေးဘီဝဲယာကိုကြည့်လိုက်ပြီး မိခင်ဖြစ်သူအား လှမ်း၍. .

"အမေ. . ကျွန်တော် ရဲစခန်းမှာသွားအဖမ်းခံမယ်"

ဟုပြောဆိုလျက် ပေါက်တူးကိုကိုင်ဆောင်၍ ကျုံးနယ်မြေကိုဖြတ်ကျော်ပြီး အရှေ့အရပ်သို့ မှန်းဆထွက်ခွာလာတော့၏။

သွေးဆူဆူဖြင့် ဒေါသအလျောက် ပေါက်တူးဖြင့် ခုတ်ခဲ့ပြီးနောက် တကယ်တမ်း ရဲစခန်းသို့သွားရန်မူ ခြေလှမ်းတို့မှာ တုံ့ဆိုင်းနေသဖြင့် ဟန်မင်းထွန်းသည် (၅)လမ်းဘက်မှလှည့်ဝင်ပြီး တေဇခင်ဦး (၅)လမ်း ဗိဒိယိုရုံဟောင်းခြံထဲသို့ ဝင်ရောက်ပုန်းခိုရန် ဟန်ပြင်လိုက်စဉ်. .

"ဟေ့ကောင် ဟန်မင်းထွန်း. . ပြေးဖို့မကြိုးစားနဲ့. . ဟောဒီမှာတွေ့လား. . "

ရဲတပ်ကြပ်ဇော်ဝင်းက လက်တွင်ကိုင်ဆောင်ထားသော စတီးလက်ထိတ်ကို ဟန်မင်းထွန်းအား မြင်သာအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြပြီး ဟန့်တားလိုက်မှုကြောင့် ဟန်မင်းထွန်းမှာ ရှေ့ဆက်ခြေ မလှမ်းရဲတော့ဘဲ ရဲတပ်ကြပ်ဇော်ဝင်းထံ အဖမ်းခံလိုက်တော့၏။

ရဲတပ်ကြပ်ဇော်ဝင်းသည် ဟန်မင်းထွန်းအား ဖမ်းဆီးပြီး တပ်သားဆန်းထွန်းဦးနှင့်အတူ ရဲစခန်းသို့ပြန်လာခဲ့ကြ၏။

“ရဲအောင်သုံးရှိသလား.. ဌာနေမှာ သားကောင်ကို ဖမ်းမိထားပါပြီ”

မနရရှိုး ဆက်သွယ်ရေးစက်မှ အကြောင်းကြားဆက်သွယ်မှုကြောင့် ရဲအုပ်ဝင်းမြင့်အပါအဝင် အရာရှိအားလုံးသည် ရဲစခန်း၌ တရားခံကိုဖမ်းမိထားပြီဖြစ်ကြောင်း ချက်ချင်းသိလိုက်ပြီး စခန်းသို့ ချက်ချင်းပြန်လည်စုရုံးရောက်ရှိလာကြလျက် စစ်ကြောရေးများလုပ်နိုင်ခဲ့တော့၏။

“ဒါပါပဲ ကိုဆွေရေ.. မူလကတော့ ပုဒ်မ ၃၂၆ အရ အမှုဖွင့်ခဲ့ပေမယ့် ခုတော့ မရွှေစင်အောင်ဟာ ရရှိထားတဲ့ ဒဏ်ရာနဲ့ပဲ ဆေးရုံပေါ်မှာ သေဆုံးသွားပြီဖြစ်ကြောင်း သိရလို့ ပုဒ်မ ၃၀၂ နဲ့ ပြောင်းလဲအမှုစစ်ဆေးခဲ့တယ်လေ.. ပြီးတော့ တရားခံကိုယ်တိုင်ကလည်း လိုလိုလားလား ဖြောင့်ချက်ပေးနေတာနဲ့ တရားသူကြီး ဦးဝင်းတင့်ရှေ့မှောက်မှာ ဖြောင့်ချက်





ပေးနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်.. နောက်ဆုံးတော့ဗျာ မရွှေစင်အောင်ဟာ စကားတစ်ခွန်း အမှားစွန်းမိတာကြောင့် လူ့ဘဝမှ အချိန်တိုတိုနဲ့ ကျောခိုင်းထွက်ခွာသွားရတာ သင်ခန်းစာယူစရာပေါ့ဗျာ.. အခင်းဖြစ်ကိစ္စကို အချိန်မီ သတင်းပေးကူညီတဲ့ ကျေးရွာရယကလူကြီးတွေကြောင့် တရားခံကို ချက်ချင်းမိခဲ့တာကိုလည်း ကျေးရွာလူကြီး ဦးသိန်းထွန်းတို့၊ ဦးဇော်မြင့်တို့ကိုရော၊ ဦးမြင့်ငွေတို့ကိုပါ ကျေးဇူးတင်ရမှာပေါ့ဗျာ”

“ကျွန်တော့်ကိုရောဆရာ”

“ခင်ဗျားကိုတော့ ဓာတ်ပုံဖိုးတွေဈေးများလို့ ဈေးလျှော့ခိုင်းရမယ်.. ဟဲ..ဟဲ..ဟဲ..”

စခန်းမှူး၏စကားသံအား ဆုံးအောင်ပင်နားမထောင်နိုင်တော့ဘဲ ရင်း၏အပါးမှ လျင်မြန်စွာ ကျွန်တော် ပြေးထွက်လာမိပါတော့သတည်း..။

“ကြောက်ပါပြီဗျ..”

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## နောက်ပြန်မှန်သော မြားတစ်စင်း

"မင်းဝှက်ထားတဲ့ပစ္စည်းတွေရှိသေးလား"

"ရှိပါသေးတယ်ဆရာ. . ပလာယာရယ်၊ သံကြိုးခွေတွေရယ်၊ အားလုံးကို ကိုင်းတောတွေထဲမှာ ဝှက်ထားပါတယ်"

"မင်းလိုက်ပြပေးနိုင်မှာလား. . ဖြစ်ပြီးတာ၂လည်း ဖြစ်ပြီးပြီဆိုတော့ တို့ကို မှန်မှန်ကန်ကန်လေးတော့ ကူညီပေးစေချင်တယ်ကွာ"

"စိတ်ချပါ ဗိုလ်လေးခင်ဗျာ. . ကျွန်တော် ယောကျ်ားပါ. . လုပ်ရဲရင် ခံရဲပါတယ်. . အားလုံးကို မှန်မှန်ကန်ကန်လိုက်ပြပေးပါ့မယ်"





"ကိုင်း. . ဒါဆို မင်း ခဏနေဦး. . ငါ စခန်းမှူးကို သတင်းပို့လိုက်ဦးမယ်"

"ဗိုလ်ကြီး. . စိုးလှိုင်ကို ကျွန်တော်တို့ခေါ်သွားပြီး လက်ကျန်ပစ္စည်းတွေ သွားသိမ်းဦးမယ်"

"ကောင်းပြီ ဗိုလ်ဝင်းနိုင်ရေ. . တရားခံကို လုံခြုံစိတ်ချရလောက်အောင်စစ်ဆေးပြီးမှ ခေါ်သွား. . စေ့စေ့စပ်စပ်ရှာဖွေပြီး စနစ်တကျသိမ်းယူခဲ့. . မှတ်တမ်းဓာတ်ပုံတွေ တစ်ခါတည်း ရိုက်ခဲ့. . ဓာတ်ပုံဆရာပါခေါ်သွား"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ဒုရဲအုပ်ဝင်းနိုင်သည် စခန်းမှူး ရဲအုပ်တင်ထွန်းထံမှ ခွင့်ပြုမိန့်ရသည်နှင့် တရားခံစိုးလှိုင်အား လက်ထိတ်အသေအချာခတ်လျက် ဆိုင်ကယ်ပေါ်တွင် တင်ဆောင်ပြီး တပ်ကြပ်ကြီးစိုးနိုင်နှင့်တစ်စီး၊ ဒုရဲအုပ်ဇော်ဝင်းနိုင်နှင့် ကံရိုးရဲကင်းမှ ရဲတပ်သားတစ်ဦးတို့က ဆိုင်ကယ်တစ်စီး၊ ဒုရဲအုပ်ဝင်းနိုင်နှင့် မှုခင်းသတင်းထောက်တို့က တစ်စီး၊ ဆိုင်ကယ်သုံးစီးဖြင့် အမှတ် (၁)ရဲစခန်းမှ ထွက်ခွာလာခဲ့ကြသည်။

ဗိုလ်တို့ဦးတည်ရာအရပ်ကား တောင်ငူမြို့၏မြောက်ဘက်အရပ် ကံမှိုးကျေးရွာအလွန် ရေအရင်းအမြစ်ဦးစီးဌာန အနီး ကိုင်းတောကြီးများဆီသို့. .။

www.burmeseclassic.com



'ကံရှိးကျေးရွာ. .'

တောင်ငူမြို့၏မြောက်ဘက် (၂)မိုင်ခန့်ဝေးကွာသော အရပ်တွင်ရှိပြီး ရန်ကုန်-မန္တလေးကားလမ်းနံဘေးရှိ ကျေးရွာကလေးတစ်ရွာဖြစ်သည်။

တောင်ငူမြို့တွင်းမှ ရင်းကျေးရွာကလေးသို့ ရန်ကုန်-မန္တလေးလမ်းအတိုင်းသွား၍ရသကဲ့သို့ မြို့တွင်းဘုရားလမ်းအတိုင်းလည်း သွား၍ရလေသည်။ ထိုမြို့တွင်းဘုရားလမ်းအား ထီးလှိုင်အရပ်တွင် အဆုံးသတ်၍ ထီးလှိုင်နှင့် ကံရှိးကြား ဆက်သွယ်ထားသောလမ်းကို ဂျပန်လမ်းဟုခေါ်ကြောင်း သိရ၏။ ယခင် ဂျပန်ခေတ်က ဂျပန်စစ်တပ်များစစ်ချီရာတွင် အသုံးပြုခဲ့သောလမ်းဖြစ်၍ "ဂျပန်လမ်းဟုခေါ်ခဲ့ဟန်တူသော်လည်း အမှန်စင်စစ်တွင်မူ တောင်ငူမြို့တွင်းမှလာသော ဘုရားလမ်းနှင့် တစ်ဆက်တည်းသာဖြစ်လေသည်။

ကံရှိးကျေးရွာသည် ရွာကြီးတစ်ရွာဖြစ်၏။ ယခင်က ဖျဉ်ထောင်ဖျဉ်ခင်း၊ ထရံကာ၊ သက်ငယ်မိုး၊ အင်ဖက်မိုး အိမ်ရာများဖြစ်သော်လည်း ဂျီတီစီကျောင်း(အစိုးရနည်းပညာကောလိပ်) ကျောင်းတစ်ကျောင်း ကံရှိးရွာ၏မြောက်ဘက်တွင် ဖွင့်လှစ်ပညာသင်ကြားချိန်မှစ၍ ကံရှိးကျေးရွာ၌ တိုက်တာ





အဆောက်အအုံများ၊ ဟော်ဒါဆောင်များ၊ ကျောင်းသူကျောင်းသားများ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များနှင့် ပြည့်နှက်စည်ကားဖွံ့ဖြိုးလာခဲ့ချေပြီ။

ရဲတပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ်များအားလုံး ကံရှိးကျေးရွာလမ်းနံဘေးရှိ နေအိမ်တစ်အိမ်၌ ခေတ္တဝင်ရောက်ရပ်နားလိုက်ကြပြီး အမှုအကြောင်းအချင်းအရာနှင့်ပတ်သက်၍ လိုအပ်သော သတင်းအချက်အလက်များအား ဒုရဲအုပ်ဝင်းနိုင်မှ စုံစမ်းမေးမြန်းထောက်လှမ်းပြီးနောက် ကံရှိးကျေးရွာမြောက်ဘက် ရေအရင်းအမြစ်ဦးစီးဌာနသို့ ဆက်လက်ထွက်ခွာသွားကြ၏။

■

"ကျွန်တော့်နာမည် ဒုရဲအုပ်ဝင်းနိုင်လို့ခေါ်ပါတယ်. . ကျွန်တော်ဟာ ဟောဒီ တရားခံစိုးလှိုင်ရဲ့အမှုနဲ့ပတ်သက်ပြီး တာဝန်ယူစစ်ဆေးရတဲ့ အမှုစစ်အရာရှိပါ. . ဒါကြောင့် ရေအရင်းအမြစ်ဦးစီးဌာနက တာဝန်ရှိသူတွေအနေနဲ့ ဓာတ်အားလိုင်းကြိုးတွေပျောက်ဆုံးမှုအခြေအနေနဲ့ ပျောက်ဆုံးရတဲ့အကြောင်းရင်းတွေကို ကူညီပြီးပြောပြပေးစေလိုပါတယ်"

"ဒီလိုရှိပါတယ်ဆရာ ဦးဝင်းနိုင်. . ကျွန်တော်တို့ဌာနပိုင် ဒီပျောက်ဆုံးခိုးယူခံရတဲ့ ဓာတ်အားလိုင်းကြိုးတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



သဖန်းပင်ကျေးရွာမှာရှိတဲ့ မြစ်ရေတင်စီမံကိန်းဌာနအတွက် သွယ်တန်းပေးထားတာပါ. . . ပျောက်ဆုံးခိုးယူခံရတဲ့ ကြိုး အရေအတွက်ဟာ ပေပေါင်း လေးထောင်ကျော်ရှိပါတယ်. . ကျွန်တော်တို့ရုံးကနေစပြီးရေတွက်ရင် ဓာတ်အားလိုင်းတိုင် အမှတ် (၅)တိုင်ကကျော်ပြီး အမှတ် (၆)ကနေ အမှတ် (၁၂) တိုင်အထိ အခိုးခံရတာပါ. . လွန်ခဲ့တဲ့တစ်ပတ်လောက်ကမှ သိရတယ်လို့ ဆိုရမှာပါပဲ"

"လျှပ်စစ်ဓာတ်အားလိုင်းကြိုးတွေ သွယ်တန်းထားပေမယ့် တစ်နှစ်ပတ်လုံး ဓာတ်အားတွေပေးလွှတ်ထားတာမျိုး မဟုတ်ဘဲနဲ့ အခုလိုရာသီချိန်ရောက်မှ ဓာတ်အားပေးလွှတ်ကြတာဆိုတော့ တစ်နှစ်ပတ်လုံးမှာ ဓာတ်အားလွှတ်တဲ့အချိန်ဟာ (၅)လလောက်ပဲရှိပါတယ်. . ဒါကြောင့် ဓာတ်အားလိုင်းကြိုးဖြတ်တောက်ခိုးယူခံရခြင်းပါပဲ. . ဒါပေမဲ့ ဒီလိုကိစ္စမျိုးဟာ အင်မတန်ဖြစ်ခဲပါတယ်. . ကျွန်တော်တို့လည်း အခုလို ပျောက်ဆုံးခိုးယူခံရတယ်ဆိုတော့ အတော်အံ့ဩမိပါတယ် ဆရာဝင်းနိုင်"

ရေအရင်းအမြစ်ဦးစီးဌာနတာဝန်ရှိသူများမှ ရင်းလင်း ပြောကြားတွက်ဆိုချက်များအား အမှုစစ်အရာရှိမှ လိုအပ်





သည်များကို သက်သေအစစ်ခံချက်များအဖြစ် မှတ်တမ်းပြုစုပြီးနောက်. .

"ကိုင်း. . စိုးလှိုင်ရေ. . မင်းအလှည့်ရောက်ပြီ. . မင်း ဖြတ်တောက်ခိုးယူခဲ့တဲ့ ဓာတ်အားလိုင်းကြိုးတွေ ဘယ်မှာဝှက်ထားတယ်ဆိုတာရယ်၊ အဲဒီလိုင်းကြိုးတွေကို ဖြတ်တောက်ဖို့ အသုံးပြုခဲ့တဲ့ ပလာယာဘယ်မှာဝှက်ထားတယ်ဆိုတာ ဟောဒီ ကျေးရွာရယကရှေ့မှာ လိုက်ပြပေတော့. . မင်း နေရာတွေ မှတ်မိတယ်နော်"

"မှတ်မိပါတယ် ဆရာ. . ကျွန်တော် ဟောဒီနယ်တစ်ခွင်မှာ ငါးရှာ၊ ဖားရှာ အလုပ်လုပ်လာတာ နှစ်ပေါင်းမနည်းတော့ပါဘူး. . မျက်စိမှိတ်ပြီးတောင် သွားလို့ရပါတယ်"

"တယ်ဆိုတဲ့ စာပါလား"

"ဟုတ်တယ် ဂိုလ်လေးရေ ဒီကောင်ပြောတာ. . ကျွန်တော့်ရွာသားပဲ၊ ကျွန်တော်သိပါတယ်. . ဒီနယ်မှာ စိုးလှိုင်လုပ်စားလာတာ နှစ်ပေါင်းမနည်းတော့ဘူး. . အဲရင်က ဒီအင်းကို သူပဲ နှစ်စဉ်လေလံဆွဲပြီး လုပ်ခဲ့တာလေ"

"ကိုင်း. . ဒါဆိုလည်း သွားကြတာပေါ့. . စိုးလှိုင်ရေ မင်းရှေ့ကသာ လမ်းပြပေရော့"



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နေမွန်းတည့်ချိန်ဖြစ်သည်မို့ ကျဲကျဲတောက်ပူနေသော နေရောင်အောက်၌ ရဲတပ်ဖွဲ့ဝင်များ၊ သက်သေရယကလူကြီးများ၊ ဌာနမှ ဝန်ထမ်းများတို့သည် လူတစ်ရပ်ကျော်မျှမြင့်မားသော ကိုင်းတောများကြား တိုးဝှေ့ဝင်ရောက်လျက် တရားခံစိုးလှိုင်ခေါ်ဆောင်လမ်းပြသည့်အတိုင်း လိုက်ပါသွားကြတော့၏။

နေရာတစ်ခုအရောက်၌ တရားခံ စိုးလှိုင်သည် ရပ်တန့်လိုက်ပြီး. .

"ဒီနေရာမှာသံကြိုးခွေတွေဝှက်ထားပါတယ်ဗိုလ်လေး"

"ဘယ်မှာလဲ မင်းဟာ မတွေ့ပါလား"

"ဒီအောက်မှာ ဝှက်ထားတာပါ. . ဒီမှာလေ"

"ဟာ. . အများကြီးပဲ"

တရားခံ စိုးလှိုင်မှ ရေစပ်စပ်ရှိသော အိုင်စပ်နံဘေးရှိ အမှိုက်သရိုက်သဏ္ဌာန် ကိုင်းပင်အဆွေးအမြေ့များအား ဖယ်ရှားလိုက်သောအခါ ၎င်းအောက်၌ သံချေးရောင်ပြောင်းစပြုနေပြီဖြစ်သော သံကြိုးခွေများကို တွေ့လိုက်ရသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေလူကြီးများအားလုံး တအံ့တသြဖြစ်သွားကြတော့၏။





"ကဲ. . ဓာတ်ပုံဆရာရေ. . ထုံးစံအတိုင်း မှတ်တမ်းဓာတ်ပုံလေးတွေ ရိုက်ထားလိုက်ပါဦး"

အမှုစစ်အရာရှိ၏ ဆန္ဒအတိုင်း သတင်းထောက်မှ မှတ်တမ်းဓာတ်ပုံ တဖျပ်ဖျပ်ရိုက်လိုက်ရင်းမှ. .

"ဒီကြိုးတွေကို စိုးလှိုင်က ခိုးယူတယ်ဆိုတဲ့အကြောင်း ဘယ်လိုလုပ်ပြီးသိခဲ့တာလဲ ဆရာဝင်းနိုင်"

"ဒီလိုလေ. . သတင်းထောက်ရဲ့. . ဒီနယ်မြေကရဲကင်းမှူး ဒုရဲအုပ်ဝင်းဆွေရဲ့နယ်မြေမဟုတ်လား. . နယ်မြေရဲကင်းမှူးတစ်ယောက်အနေနဲ့ သူ့နယ်မြေထဲမှာ ဘာတွေထူးခြားဖြစ်ပျက်နေတယ်၊ ပြည်သူလူထုတွေ ဘယ်လိုနေရတယ်. . ဘယ်လိုလူတန်းစားတွေက ဘာတွေလှုပ်ရှားနေကြတယ်ဆိုတာကို သိနိုင်ဖို့ အမြဲကြိုးပမ်းနေရတယ်လေ"

"ဒါကြောင့် စိုးလှိုင်တစ်ယောက် မူပျက်နေတာရယ်၊ ဒီနယ်မြေက ဓာတ်အားလိုင်းကြိုးတွေ ပျောက်ဆုံးနေတာတွေကို ဆက်စပ်တွေးခေါ်ပြီး ရဲကင်းမှူး ဒုရဲအုပ်ဝင်းဆွေက စိုးလှိုင်နောက်ကို တိတ်တဆိတ် စုံစမ်းထောက်လှမ်းခဲ့ရာကနေ အစပေါ်လာတယ်ဆိုပါတော့ဗျာ။

အင်းကို လေလံဆွဲပြီးလုပ်ကိုင်စားသောက်နိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ကနေ ဘာဖြစ်လို့ အခုလို မာတ်အားလိုင်းကြိုးဖြတ် တောက်ခိုးရသလဲဆိုတာကတော့ စိုးလှိုင်ရေ. . မင်းကိုယ်တိုင်သာ ပြောပြလိုက်ပေတော့"

"ကျွန်တော့်နာမည် စိုးလှိုင်ပါ ဆရာ. . ကျွန်တော့်မှာ ဇနီးရှိပါတယ်. . ကလေးလည်းရနေပြီပေါ့ ဆရာ။

ဒီနယ်တစ်ခွင်မှာတော့ ကျွန်တော်ဟာ တစ်ပိုင်တစ်နိုင် အင်းလေလံဆွဲပြီးလုပ်တဲ့လုပ်ငန်းရယ်၊ လယ်စိုက်ပျိုးတဲ့လုပ်ငန်းရယ် နှစ်မျိုးလုပ်ကိုင်ပါတယ်။

ဒီနှစ်မှာတော့ ကျွန်တော်လုပ်ကိုင်နေကျ အင်းကွက်ကို ကျွန်တော်နဲ့ စီးပွားပြိုင်ဘက်လူတစ်စုက ငွေပိုပေးပြီး လေလံယူသွားတယ်ဆရာ. . ဒီမှာတင် ကျွန်တော် သူတို့အပေါ် အခဲမကျေဖြစ်ပြီး အခုလို မာတ်အားလိုင်းကြိုးတွေ ဖြတ်ခိုးဖို့ကြံစည်မိခဲ့တော့တာပါပဲဆရာ. . ကျွန်တော့်ရည်ရွယ်ချက်ကတော့. . "

■

"တောက်. . ဟိုအကောင်တွေ ငါတို့အင်းကွက်ကို ငွေပိုပေးပြီး လေလံယူသွားပြန်ပြီ မိန်းမရာ. . ဒီနှစ်တော့ အင်းမရတော့ပါဘူး"





"တစ်နှစ်တလေပဲ ကိုစိုးလှိုင်ရယ်. . သည်းခံလိုက်ပါ. . နောင်နှစ်တွေ ကိုယ်လုပ်နိုင်အောင် သူတို့ထက်ပိုပေးပြီး လေလံယူပေါ့"

"မဟုတ်သေးဘူးကွ. . ဒီကောင်တွေ ငါ့အပေါ် သက်သက်မယ့် အကောက်ကြံတာ. . တစ်သက်လုံးက အင်းမလုပ်ဘူးတဲ့ကောင်တွေက ငါ့အလုပ်ခွင်ကိုဝင်ဖျက်တာကွ မိန်းမရ"

"မနှစ်က ကြည့်လေ. . ရေလျှောင်ပြီး ငါးတားထားရမယ့်အချိန်မှ ငါက ရေပိတ်တော့ သူတို့က လယ်ရေမရပါဘူးဆိုပြီး အထက်ကိုစာတင်လို့ ငါ ရေပြန်ဖွင့်ပေးလိုက်ရတယ်. . အချိန်တန်တော့ ငါး ရသင့်သလောက်မရဘူး. . ဟော တစ်ခါ ငါ လယ်စိုက်တော့ ဒင်းတို့က မလိုအပ်ဘဲ သူ့လယ်ကွက်ထဲက ရေဖောက်ချလို့ ငါ့ပျိုးပင်တွေ ရေမြုပ်ပျက်စီးရတယ်။

ဒါ တမင်သက်သက်လုပ်နေတာပဲ မဟုတ်လား. . ရတယ်လေ. . မိန်းမရာ. . ဒီကောင်တွေ ငါ့အကြောင်းသိသွားရစေမယ်. . ခုရှုမှာလည်း အဆံနဲ့ ငါဆိုတဲ့ စိုးလှိုင်မှာလည်း အကြံနဲ့ပါကွ. . မင်းစောင့်ကြည့်နေ"

"မဟုတ်တရုတ်တွေ မလုပ်စမ်းပါနဲ့ ကိုစိုးလှိုင်ရယ်. . ရှင်က ရိုးအ,ပါဘိနဲ့ တော်တော်ကြာ တစ်ခုခုဖြစ်မှအခက်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအသာနေစမ်းပါ မိန်းမရယ်. . ဒီနယ်တစ်ခွင်မှာ စိုးလှိုင်ကို ဘယ်သူမှမယှဉ်နိုင်စေရပါဘူးကွာ"

စိုးလှိုင် ယတိပြတ်ဆုံးဖြတ်လိုက်သည်။ လက်ရှိအင်းပိုင်ရှင်များဖြစ်သော ထွန်းတင်လို့လူတစ်သိုက်ပိုင်ဆိုင်သည့် အင်းနယ်များအတွင်းဖြတ်၍သွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးများအား ဖြတ်တောက်ခိုးယူဖျက်ဆီးပစ်လိုက်မည်ဟု။

ထိုသောအခါ ဓာတ်အားလိုင်းကြိုးပျောက်ဆုံးသဖြင့် သက်ဆိုင်ရာများက ရဲသို့သတင်းပေးတိုင်ကြားသည့်အခါ ရဲများရောက်လာပြီး အခြေအနေကို စုံစမ်းစစ်ဆေးပေလိမ့်မည်။

ရဲများစစ်ဆေးသည့်အခါ၌ မပြေးသော်လည်း ကန်ရာရှိဆိုသကဲ့သို့ ကြိုးစတင်ပျောက်ဆုံးနေသော အင်းနယ်မြေရှိ အင်းပိုင်အင်းစောင့်များ အဖမ်းခံရပေလိမ့်မည်။ ထိုမှဆက်၍ အင်းနယ်မြေအတွင်း သက်သေခံကြိုးများ ရှာဖွေတွေ့ရှိသွားခဲ့လျှင်. .

"ဟုတ်ပြီ. . ဒီအတိုင်းပဲ လုပ်မယ်. . ငါ့ကို စီးပွားရေးအနှောင့်အယှက်ဖြစ်အောင်လုပ်တဲ့ကောင်တွေတွေ့ကြပြီပေါ့ကွာ"





စိုးလှိုင်သည် တစ်ကိုယ်တည်း တီးတိုးရေရွတ်ပြောဆိုရင်း အမှောင်ထုကြီးစိုးနေသော တာလမ်းအတိုင်းလျှောက်သွားရင်းမှ လမ်းဘေးသို့ဆင်းကာ ကိုင်းတောများအတွင်း တရွေ့ရွေ့တိုးဝှေ့သွားလိုက်သည်။

ဤလမ်း၊ ဤခရီး၊ ဤနယ်မြေများအား စိုးလှိုင်အနေဖြင့် အကျွမ်းတဝင်ရှိပြီးသားဖြစ်၍ အခက်အခဲ၊ အတားအဆီးမရှိ ဦးတည်ရာခရီးကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့လေသည်။

တိုတောင်းသောအချိန်အတွင်း၌ ဓာတ်အားလိုင်းသစ်သားတိုင်များ ယိုင်နဲ့ရာမှ မြေပေါ်သို့ ဘုန်းဘုန်းလဲကျကုန်၏။

စိုးလှိုင်သည် ဓာတ်အားလိုင်းကြိုးများအနီး သွားရောက်လျက် ဓာတ်အားစီးဆင်းမှုရှိ,မရှိ အသေအချာစစ်ဆေးလိုက်ပြီး ဓာတ်အားလွှတ်ထားခြင်းမရှိမှန်းသိရသောအခါ အသင့်ဆောင်ယူလာသော ပလာယာကို အသုံးပြုလျက် ဓာတ်အားလိုင်းကြိုးများကို တစ်ခုချင်းဖြတ်တောက်လိုက်၏။

ဓာတ်အားလိုင်းကြိုးများအား တစ်နိုင်သယ်ပိုးနိုင်ရန်ဖြတ်တောက်၍ အကာအကွယ် ပိုမိုကောင်းမွန်သော ကိုင်းပင်များအတွင်းသို့ တစ်ခုပြီးတစ်ခုသယ်ဆောင်လိုက်ပြီး ဓာတ်အား



www.burmeseclassic.com

www.burmeseclassic.com



လိုင်းကြိုးအပေါ်မှာ ဒန်သားကြိုးများအား ဖြည်ယူလိုက်ကာ အတိုင်သံကြိုးများအား စနစ်တကျ ခွေ၍ ချုံ့နွယ်များအောက်၌ ဝှက်ထားလိုက်၏။

အားလုံးကိစ္စပြီးသွားသောအခါ မည်းမည်းမှောင်နေသော ကောင်းကင်ကြီးကို မော့ကြည့်လိုက်ရင်းမှ စိုးလှိုင်သည် တီးတိုးကြုံးဝါးလိုက်၏။

"မကြာခင် မင်းတို့ ငါ့အကြောင်း သိကြရောပေါ့ကွာ.. ရှင်းဖို့သာပြင်ထားကြပေတော့"

■

"အဖြစ်အပျက်က ဒါပါပဲ ဆရာ.. ကျွန်တော် လွှတ်လိုက်တဲ့မြားတစ်စင်းဟာ ကျွန်တော်လိုချင်တဲ့ပစ်မှတ်ဖြစ်တဲ့ သူတို့ဆီကို တန်းတန်းမတ်မတ်ထိမှန်သွားလိမ့်မယ်လို့ ထင်ထားခဲ့မိတာ ခုတော့.."

"အေးပေါ့ကွာ.. မင်းတို့လို သာမန်လူအတွေး တွေးရင်တော့ တစ်ဖက်လူအပေါ် အနည်းနဲ့အများ သံသယပွားမိမှာအမှန်ပဲပေါ့။





ဒါပေမဲ့ တရားဥပဒေကို တရားနည်းလမ်းကျကျ ထိန်းသိမ်းစောင့်ရှောက်တတ်အောင် စနစ်တကျလေ့ကျင့်သင်ကြားထားပြီးသားဖြစ်တဲ့အပြင် အတွေ့အကြုံရင့်ကျက်နေပြီဖြစ်တဲ့ တို့လိုရဲတပ်ဖွဲ့ဝင်တွေကတော့ ပြဿနာတစ်စုံတစ်ခုကို အမှန်အတိုင်းဖြစ်စေဖို့ အဖြစ်မှန်ပေါ်ပေါက်အောင် ဘယ်သောအခါမှ ပေါ့ပေါ့တန်တန်မဆုံးဖြတ်ကြကဲ့အပြင် အပြစ်မဲ့သူတွေအပေါ် မနစ်နာစေလိုတဲ့ ပင်ကိုယ်စိတ်ရင်း အခံဓာတ်ကိုယ်စီအခြေခံရှိတာတွေကြောင့် မင်းတို့လို လှည့်ကွက်မျိုးတွေကို ဘယ်သောအခါမှ တိုးမဝင်ဘဲ တရားခံအစစ်အမှန်ကိုသာ အချိန်တိုတို၊ သက်သေခိုင်ခိုင်လုံလုံနဲ့ ဖော်ထုတ်ဖြေရှင်းနိုင်ခဲ့စမြဲပါကွဲ စိုးလှိုင်ရေ.."

"မင်းအဖြစ်က သူတစ်ပါးမကောင်းကြံ ကိုယ် ဘေးဒဏ်ထိ ဆိုသလို တစ်ဖက်သားအပေါ် အပြစ်ကျအောင်ဆိုတဲ့ စိတ်နဲ့ ရည်ရွယ်ပစ်လွှတ်လိုက်တဲ့မြားတစ်စင်းဟာ လိုရာပစ်မှတ်ကို မထိမမှန်ဘဲ ပစ်လွှတ်လိုက်တဲ့ ကာယကံရှင်ဖြစ်တဲ့ မင်းကိုပဲ ပြန်ပြီးထိမှန်သွားခဲ့ပြီမဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်လေး.. ကျွန်တော် နောင်တရပါပြီ.. သူတို့တစ်တွေအပေါ် မလိုမုန်းထားစိတ်နဲ့ အပြစ်ကျအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်မိခဲ့တဲ့ ကျွန်တော့်ရဲ့အမှားတစ်ခုကြောင့် ကျွန်တော်ကိုယ်တိုင် အပြစ်ဒဏ်ကို အချိန်အတိုင်းအတာတစ်ခုအထိ ကျခံနေရဦးမှာဖြစ်သလို ကျွန်တော့်ကိုအားကိုးမှီခိုနေကြတဲ့ ကျွန်တော့်ဇနီးနဲ့ သားသမီးတွေကိုလည်း ချစ်လျက်နဲ့ ခွဲခွာနေရဦးတော့မှာပါ ဗိုလ်လေးရယ်. . ”

“အေးပေါ့ကွာ. . ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်ဆိုသလို မကောင်းတာလုပ်ခဲ့မိလို့ မကောင်းတဲ့အကျိုး ခံနေရပြီဖြစ်တဲ့ မင်းအနေနဲ့ ပြစ်မှုကြွေးကို ချေးနဲ့ဆပ်ရင်း ကောင်းရာကောင်းကျိုး ခံစားရစေဖို့ ကောင်းတဲ့အကျိုးကိုသာ ရှေ့ဆက်ပြီးလုပ်ပါလို့ ငါတို့ မှာလိုက်ချင်တယ် စိုးလှိုင်”

“စိတ်ချပါ ဗိုလ်လေးခင်ဗျာ. . ဗိုလ်လေးတို့စကားမြေဝယ်မကျ နားထောင်ရင်း ကျွန်တော် ရှေ့ကို ကောင်းသည်ထက်ပိုကောင်းအောင် ကြိုးစားဆောင်ရွက်သွားပါ့မယ်လို့ ကတိပေးပါတယ်ခင်ဗျာ”

“ကိုင်း. . အားလုံးပဲ စခန်းပြန်ကြရအောင်. . အခုလိုက်ပါပြီး သက်သေအဖြစ်ကူညီခဲ့ကြတဲ့ ကျေးရွာရယကလူကြီးတွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းအားလုံးကို ကျေးဇူးတင်ပါတယ်. . ကျွန်တော်တို့ကို ခွင့်ပြုပါဦး”

သုံးနားညီတာပေ




ဒုရဲအုပ်ဝင်းနိုင်၊ ဒုရဲအုပ်ဝင်းဆွေနှင့် ရဲတပ်ဖွဲ့ဝင်တို့သည် သက်ဆိုင်ရာ သက်သေလူကြီးများအားနှုတ်ဆက်ပြီး တရားခံစိုးလှိုင်အား စောင့်ရှောက်ခေါ်ယူလျက် လာရာလမ်းအတိုင်း ရဲစခန်းသို့ ဆိုင်ကယ်ကိုယ်စီဖြင့် မောင်းနှင်ပြန်လာခဲ့ကြပါတော့သတည်း။

(ဖြစ်ရပ်မှန်မှုခင်းတစ်ပုဒ်အား ခံစားရေးဖွဲ့ပါသည်။)

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ညှမှောင်မှောင် လအရောင် မဆမ်းသော်လည်း

"ဟော့. . . ကိုမောင်ဆွေ. . ခင်ဗျားကိုတွေ့ချင်တာနဲ့ အတော်ပဲ"

"ဘာများလဲ ဆရာစိုးမိုးဦး"

နံနက် (၈) နာရီခန့်ပင်ရှိပေပြီ။ အုတ်ဖိုရဲစခန်းမှ နယ်ထိန်းရဲတပ်သား သန်းနိုင်အား ကေတုမဟီမြို့သစ်သို့ လိုက်ပါပို့ဆောင်ရန် မြို့သစ်ကားဂိတ်သို့မရောက်မီ အမှတ် (၂) ရဲစခန်းနယ်မြေမှ ဖြတ်သန်းလျှောက်လာခိုက် တောင်ငူ အမှတ် (၂) ရဲစခန်းမှ ဒုရဲအုပ်စိုးမိုးဦးက ကျွန်တော့်အား နှုတ်ဆက်ကာ လှမ်းပြောသဖြင့် ကျွန်တော်က တလေးတစား ပြန်လည်စူးစမ်းလိုက်မိသည်။





ဒုရဲအုပ်စိုးမိုးဦးသည် အသက်သုံးဆယ်ကျော်အရွယ် လူငယ်အရာရှိတစ်ဦးဖြစ်သော်လည်း အရာရှိလုပ်သက်အတော် အသင့်ရှိနေပြီး မြန်မာပြည်နေရာအတော်များများ၊ ဒေသ အနှံ့အပြား၌ တာဝန်ထမ်းဆောင်ဖူးသူဖြစ်ပြီး ရဲလုပ်ငန်းနှင့် ပတ်သက်လာလျှင် အလွန်စိတ်ဝင်တစား တက်ကြွစွာဆောင် ရွက်လေ့ရှိသူတစ်ဦးဖြစ်သည်။

ထို့အတူ အဆိုပါဒုရဲအုပ်စိုးမိုးဦးထံမှ အမှုကြီးများ အမြဲတစေ ကျွန်တော်ရလေ့ရှိသဖြင့် ဒုရဲအုပ်စိုးမိုးဦးနှင့်ပတ် သက်လာလျှင် ကျွန်တော်လည်း အထူးအာရုံထားလေ့ရှိရာ ယခု ကျွန်တော့်ကို တွေ့ချင်တယ်ဟူသောစကားကြောင့် အမှု ကြီးတစ်ပုံတစ်ခု သတင်းရတော့မည်ဟု ကျွန်တော် အတတ်သိ လိုက်၏။

ကျွန်တော် တွေးကင်သည့်အတိုင်းပင်. . .

"ကျွန်တော်တို့ တရားခံတစ်ယောက်နဲ့ ပြန်လည်သရုပ် ပြမှုတွေ မှတ်တမ်းတင်ရအောင်လို့. . ခင်ဗျားအတွက်လည်း သတင်းမှတ်တမ်းဓာတ်ပုံ တစ်ခါတည်းရသွားအောင်. . တစ် ချက်ခုတ်၊ နှစ်ချက်ပြတ်ကလေးပေါ့ဗျာ. . ဟဲ. . ဟဲ. ."

"မနေ့ညက ကိစ္စလားဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့"

"တရားခံပေါ်ပြီလား ဆရာ"

"မနေ့ညက နာရီပိုင်းအတွင်းပဲ တရားခံအစစ်အမှန်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး သက်သေခံပစ္စည်းတွေပါ တစ်ခါတည်း သိမ်းနိုင်ခဲ့တယ်ဗျ. . ဟဲ. . ဟဲ. ."

ဒုရဲအုပ်စိုးမိုးဦး၏အသံက အောင်နိုင်သူတစ်ယောက်၏ဟန်ပန်အမူအရာအပြည့်နှင့်မို့ ကျွန်တော်ပါ ရောယောင်၍ဂုဏ်ယူမိလိုက်သည်။

"အရိုက်ခံရတဲ့လူနာကတော့ ညကတည်းက ဆေးရုံပေါ်မှာတင် သေသွားပြီဗျို့. . လူရိုက်မှုကနေ လူသတ်မှုပုဒ်မနဲ့ ပြောင်းလဲစစ်ဆေးရတော့မှာပဲ. . အမှုစစ်အရာရှိကတော့ စခန်းမှူးပေါ့ဗျာ. . အမှုအကြောင်းအချင်းအရာ အဖြစ်အပျက်နဲ့ပတ်သက်ပြီး အကြောင်းစုံ သတင်းအချက်အလက်တွေကိုတော့ စခန်းမှူးနဲ့သာဆက်သွယ်ပြီး ရယူပေတော့. . အခုတော့ ကျွန်တော့်ကို ခွတ်ပုရိုက်ဖို့ ကူညီပေးဦး"

"ရပါတယ် ဆရာ. . အခုတော့ ကျွန်တော်ဒီညွှေသည်ကို မြို့သစ်လိုက်ပို့ပေးလိုက်ဦးမယ်. . ပြီးရင် ချက်ချင်းပြန်လာခဲ့မယ်"





"ဆက်ဆက်လာခဲ့နော်၊ စောင့်နေမှာ"

"စိတ်ချဆရာ. . ကျွန်တော် ချက်ချင်းပြန်လာခဲ့မယ်"

ဒုရဲအုပ်စိုးမိုးဦးအား နှုတ်ဆက်လျက် အနောက်မြစ်အုတ်ဖိုရဲစခန်းမှ နယ်ထိန်းတပ်သား သန်းနိုင်အား မြို့သစ်သို့လိုက်ပို့လိုက်သည်။ လိုက်မပို့၍လည်းမဖြစ်၊ နယ်ထိန်းသန်းနိုင်သွားလိုသောနေရာကို ကျွန်တော်ကသာ အတိအကျသိထားပြီး နယ်ထိန်းသန်းနိုင်မှာ တောင်ငူမြေသို့ တစ်ခါမျှ ရောက်ဖူးသူမဟုတ်သဖြင့် ကျွန်တော်မပါလျှင် သူ့အတွက် များစွာအခက်အခဲနှင့် တွေ့ရပေမည်။

နယ်ထိန်းသန်းနိုင်ဆိုသူမှာလည်း ကျွန်တော့်အတွက် များစွာ တာဝန်ကျေပွန်ခဲ့သူဖြစ်ပြီး ရာထူးအဆင့်အတန်းငယ်သော်ငြားလည်း ခြေရာပျောက်နေသော လုယက်မှုကြီးနှင့် မျက်မြင်သက်သေမရှိသော လူသတ်မှုတစ်ခု၏ လူသတ်သမားတို့အား ဦးဆောင်ဖော်ထုတ် ဖမ်းဆီးပေးနိုင်ခဲ့သူ လူတော်တစ်ဦးဖြစ်သောကြောင့် ၎င်းနှင့်ပတ်သက်လာလျှင် သတင်းထောက်တစ်ယောက်ဖြစ်သော ကျွန်တော့်အနေဖြင့် လိုလေသေးမရှိအောင် ကူညီရန်သင့်ပေသည်။

သို့သော်လည်း အရေးကြီးကိစ္စနှစ်ခုကို တစ်ပြိုင်တည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရသဖြင့် နယ်ထိန်း သန်းနိုင်ကိစ္စကို ဦးစားပေးအဆင့် သတ်မှတ်ကာ လိုက်ပါပို့ဆောင် ဆောင်ရွက်ပေးခဲ့ပြီး ၎င်းအား နှုတ်မဆက်တော့ဘဲ ဒုတိယကိစ္စဖြစ်သော မှတ်တမ်းဓာတ်ပုံ ရိုက်ရန်ရှိသည့် အမှတ် (၂)စခန်းသို့ ချက်ချင်းပြန်လာခဲ့ရ၏။

ကိုသန်းနိုင်ကတော့ ကျွန်တော့်အပေါ် မည်သို့အထင် ရှိမည်မသိ၊ ခွင့်လွှတ်ပါ ကိုသန်းနိုင်ဟု တောင်းပန်ရုံသာရှိ တော့၏။

တောင်ငူ အမှတ် (၂) ရဲစခန်းသို့ပြန်ရောက်သည်နှင့် ဒုရဲအုပ်စိုးမိုးဦးနှင့် တရားခံ မင်းလတ်တို့မှ ဆိုင်ကယ်တစ်စီး၊ ကျွန်တော်နှင့် နယ်ထိန်း ဒုတပ်ကြပ် အောင်နိုင်တို့မှ ဆိုင်ကယ် တစ်စီး၊ စုစုပေါင်း ဆိုင်ကယ်နှစ်စီးဖြင့် ထွက်ခွာလာခဲ့ကြပြီး ဒုတပ်ကြပ် မြင့်ဇော်ပါ အင်အားဖြည့်လိုက်ခဲ့ကြသည်။

သကြားနော်ငခေါ် ဇောင်ချမ်းတောင် သံလမ်းဂိတ် အရောက် ရန်ကုန်ဘက်သို့ထွက်သော ရထားသံလမ်းဘေး အတိုင်း လူသွားလမ်းမြေကွက်လပ်မှ ဆိုင်ကယ်နှစ်စီး ရှေ့ဆင့် နောက်ဆင့် မောင်းနှင်လာခဲ့ကြပြီး ယခင် လောက်စာကုန်းရွာ နေရာဟောင်းအနီး သံလမ်းလုံခြုံရေးကင်းတဲရှေ့တွင် ဆိုင် ကယ်များကို ရပ်တန့်လိုက်ကြသည်။





"တဲ့ . . မင်းလတ်ရေ့ . . ငါ့ညီ တုတ်ဝှက်ခဲ့တဲ့နေရာ ကလေးတွေ၊ လုံချည်ငှားဝတ်ပြီး ခါးကဘောင်းဘီ ချွတ်တင်ခဲ့တဲ့ နေရာကလေးတွေ ညွှန်ပြစမ်းပါဦးကွာ"

ဒုရဲအုပ်စိုးမိုးဦးမှ တရားခံမင်းလတ်ဆိုသူအား သက် သေခံတုတ်နှင့် ဘောင်းဘီရှည်ထားခဲ့သည့်နေရာများအား ပြသ နိုင်းလိုက်သည်နှင့် . . .

"တုတ်က ဒီကုလားထိုင်အောက်မှာပါ ဆရာ . . . ဘောင်းဘီကတော့ ဟောဒီကင်းတဲရဲ့ ဒီနေရာကလေးမှာ ကျွန်တော်တင်ထားခဲ့ပါတယ်"

တရားခံမင်းလတ် ညွှန်ပြသောနေရာများကို ကျွန် တော်က မှတ်တမ်းဓာတ်ပုံ ရိုက်ယူလိုက်ပြီးသည်နှင့် ရေဘုတ် ကုန်းရွာဘက်သို့ ကျွန်တော်တို့အဖွဲ့ ဆိုင်ကယ်များဖြင့် ဆက် လက်ခရီးထွက်ခဲ့ကြသည်။

ရေဘုတ်ကုန်းရွာ တိုက်ကျောင်းအနီး ညောင်ပင်ကြီး အောက်၌ ဆိုင်ကယ်များကိုရပ်နားကြလျက် တရားခံမင်းလတ် မှ အခင်းဖြစ်နေ့ည ပြစ်မှုမကျူးလွန်မီ ဝေလင်းဆိုသူအား ကြို တင်စောင့်နေခဲ့ပုံ၊ ဝေလင်းအားရိုက်နှက်ရန် တာလမ်းပေါ် မျက်နှာချင်းဆိုင်လျှောက်ခဲ့ပုံ၊ ဝေလင်းနှင့် ဘေးချင်းကပ်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကျောဘက်အလွန်မှ ပြန်လှည့်၍ ဝေလင်းအား တုတ်ဖြင့်ရိုက်ခဲ့ပုံ၊ ပထမရိုက်ချက်ကြောင့် ဝေလင်း မြေပြင်ပေါ် လဲကျသွားသောအခါ ဆင့်ကာ ဆင့်ကာရိုက်ခဲ့ပုံ၊ အားရအောင်ရိုက်ပြီးသောအခါ အခင်းဖြစ်နေရာမှ လယ်ကွက်များအတွင်း ဖြတ်သန်းကာ တိုက်ကျောင်းဘက်ပြန်လည်ပြေးရှောင်လာခဲ့ပုံတို့ကို တစ်ဆင့်ပြီးတစ်ဆင့် သရုပ်ပြ ပြန်လည်၍ လုပ်ဆောင်ပြသဖြင့် အချက်တိုင်း၊ လှုပ်ရှားမှုတိုင်း မှတ်တမ်းဓာတ်ပုံများရိုက်ပြီးနောက် ရုပ်ဝတ္ထုအကွာအဝေးများ တိုင်းထွာလျက် အခင်းဖြစ်မြေပုံကြမ်းရေးဆွဲခြင်း၊ သက်သေခံပစ္စည်းများအား သက်သေလူကြီးများရှေ့မှောက် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခြင်းတို့ကိုပြုပြီးနောက် ဒုရဲအုပ်စိုးမိုးဦးနှင့် ကျွန်တော်တို့အဖွဲ့အားလုံး စခန်းသို့ပြန်လာခဲ့ကြပါသည်။

ဒုရဲအုပ်စိုးမိုးဦးမှ ရဲလုပ်ငန်းပြီးပြည့်စုံစွာ လုပ်ဆောင်ပြီးသည့်နောက်ပိုင်းဝယ် ကျွန်တော်သည် သတင်းထုတ်ပြန်နိုင်ရေးအတွက် အမှတ် (၂) ရဲစခန်းမှူး ရဲအုပ်ဝင်းမြင့်နှင့် တွေ့ဆုံလျက် သတင်းအချက်အလက်များစုဆောင်းရယူရန် ကြိုးစားရပြန်တော့၏။

စခန်းမှူး ရဲအုပ်ဝင်းမြင့်မှာ တောင်ငူအမှတ် (၂) ရဲ





စခန်းမှူးဟောင်း ရဲအုပ်အေးကိုကို၏ လစ်လပ်သွားသောနေရာသို့ တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသည့် စခန်းမှူးအသစ်ဖြစ်သဖြင့် ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးရကား ကျွန်တော်၏ လုပ်ငန်းဆောင်တာအပိုင်းအခြားနှင့်ပတ်သက်၍ ဦးစွာပထမ တင်ပြရပြီး မိမိလိုချင်သော မှုခင်းသတင်းအချက်အလက်တို့ကို တောင်းခံရလေသည်။

သို့သော် စခန်းမှူး ရဲအုပ်ဝင်းမြင့်မှာ လုပ်သက်အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သည့် ဝါရင့်ရဲအရာရှိဖြစ်သည့်အားလျော်စွာ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် သတင်းထုတ်ပြန်ပေးနေရသော မှုခင်းကျဆင်းရေးကော်မတီအဖွဲ့ကြီး၏ မှုခင်းဂျာနယ်များမှ သတင်းထောက်များအပေါ် နားလည်မှုအပြည့်အဝ ကြိုတင်ရှိနေနှင့်ပြီဖြစ်သော သဘောထားပြည့်ဝသည့်အရာရှိဖြစ်သည့်အလျောက် ကျွန်တော်နှင့်ဆက်ဆံရေး လွယ်လင့်တကူ ဖြစ်ခဲ့ရလေသည်။

"အများပြည်သူ အသိအမြင်ကြွယ်စေဖို့ ကိုယ်ကျိုးမဖက်၊ အတွင်းကင်းကင်းနဲ့ တာဝန်ယူဆောင်ရွက်နေကြတဲ့ မှုခင်းသတင်းထောက်မှန်သမျှကို အမြဲကြိုဆိုပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စလေးက ဒီလိုဗျ ကိုမောင်ဆွေရဲ့။ မနေ့ည (၈)နာရီအချိန်လောက်ကပေါ့. . တာဝန်မှူးက ဒုရဲအုပ်စိုးမိုးဦး ကျွန်တော် စခန်းမှာရှိနေတုန်း အခု သေဆုံးသွားပြီဖြစ်တဲ့ ကိုဝေလင်းနဲ့ သူ့ဇနီး စခန်းကိုရောက်လာတယ်ဗျ. . ကိုဝေလင်း ခေါင်းမှာဒဏ်ရာတွေနဲ့ပေါ့. . ."

■

"ဆရာ. . . ကြည့်ပါဦး ဆရာ. . ကျွန်မယောက်ျားကို ရွာလမ်းမှာ လူတစ်ယောက် တုတ်နဲ့ရိုက်သွားအော. . ရွာလမ်းက လျှပ်စစ်မီးလည်းမရှိ၊ လမိုက်ညကလည်းဖြစ်တော့ ဘယ်သူရိုက်လို့ရိုက်မှန်း မသိဘူးဆရာ. . အဲဒါ ကျွန်မ အမှုတိုင်ချင်တယ်. . ကျွန်မယောက်ျားကို ရိုက်သွားတဲ့သူတွေကို စုံစမ်းဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီ အရေးယူပေးပါဆရာ. . ကူညီပါဦး ဆရာ. . ကျွန်မမှာ ဆွေမျိုးကလည်းနည်း၊ စီးပွားရေးကလည်း လက်လုပ်လက်စား ဆင်းရဲသားတွေပါ ဆရာ. . အိမ်မှာကလည်း သားသမီးတွေထားခဲ့ရသေးတယ်"

"ကဲ. . စိတ်အေးအေးသာနေပါ. . ကျွန်တော်တို့မေးတာသာဖြေ. . ကိုဝေလင်း စကားပြောနိုင်လား"





"ဟုတ်ကဲ့"

"ခင်ဗျားကိုရိုက်တာ ဘယ်သူလဲ. . သိလား"

"ညက တအားမှောင်နေတော့ ဘယ်သူမှန်းမသိလိုက်ဘူးဆရာ"

"အဲဒီလူ ဘာဝတ်ထားသလဲ. . လုံချည်လား၊ ဘောင်းဘီလား"

"ဘောင်းဘီဝတ်ထားတာတော့ မှတ်မိပါတယ် ဆရာ. . ဘောင်းဘီအဲရှည်ဝတ်ထားတာပါ. . ကျွန်တော့်ကို တစ်ချက်ရိုက်လိုက်ကတည်းက ကျွန်တော် မြေပေါ်လဲကျသွားပါတယ်. . နောက်. . လဲကျနေတုန်း ထပ်ရိုက်သေးတယ်. . အားရအောင်ရိုက်ပြီး သူ ထွက်သွားတော့မှ ကျွန်တော် အိမ်ကို အရောက်ပြန်ခဲ့တယ် ဆရာ. . အိမ်ရောက်မှ မိန်းမကို အကျိုးအကြောင်းပြောပြီး အခု ရဲစခန်းကိုလာခဲ့တာပါပဲ"

"ကဲ. . သိပ်လည်း စိတ်ပူမနေပါနဲ့. . ကျွန်တော်တို့ ခု ချက်ချင်း တရားခံကို မိအောင်ဖမ်းပေးမယ်. . ဟုတ်ပြီလား. . ဒါနဲ့ ခင်ဗျားမှာ ရန်ငြိုးရန်စရော ရှိဖူးလား"

"သန်းလွင်နဲ့တော့ ရှိဖူးပါတယ် ဆရာ. . သန်းလွင်က ကျွန်တော်နဲ့ တစ်ရွာတည်းသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဆရာစိုးမိုးဦးရေ. . သူ့ကို ဆေးစာနဲ့ ဆေးရုံ ခုချက်ချင်းပို့ပေးဖို့ စီစဉ်ဗျာ. . ပြီးတော့ ကျွန်တော်ရယ်၊ ခင်ဗျားရယ်၊ နယ်ထိန်းခေါင်းဆောင်ရယ် တခြား အားတဲ့ အရာရှိတွေ အကုန်စုလိုက်ဗျာ. . ချက်ချင်း အဲဒီနယ်မြေကို သွားဝိုင်းရအောင်. . တရားခံကို အချိန်ပေးလို့မဖြစ်ဘူး"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး. . ကျွန်တော် ဆောင်ရွက်ပါ့မယ်"

တာဝန်မှူး ဒုရဲအုပ်စိုးမိုးဦးသည် ဒဏ်ရာရသူအား ဆေးစာပေးပြီး နယ်ထိန်းအဖွဲ့နှင့် အသင်းအဖွဲ့အားလုံး ချက်ချင်းစုစည်းကာ စခန်းမှူးနှင့်အတူ အခင်းဖြစ်ပွားရာ ဘော့နင်းကုန်းနယ်မြေသို့ ထွက်ခွာခဲ့ကြပြီး သက်ာမကင်းဖွယ် သန်းလွင်နှင့်အဖွဲ့အား ဖမ်းဆီးလိုက်ကြသည်။

သို့ရာတွင် တရားလို၏ခင်ပွန်း ပြောပြချက်အရ မိမိအား တုတ်ဖြင့်ရိုက်သွားသူမှာ ဘောင်းဘီရှည်ဝတ်ထားသူဟု ဆိုသောကြောင့် ရဲစခန်းတွင် သင်္ကာမကင်း၍ ဖမ်းဆီးထားသူများအားလုံးမှာ ပုဆိုးကိုယ်စီနှင့်ဖြစ်နေရကား ဘောင်းဘီဝတ်သူ အဆိုပါလူအား ထပ်မံစုံစမ်းရန် လိုအပ်လာပြန်သဖြင့် နောက်တစ်ကျော့ ချက်ချင်း ဘော့နင်းကုန်းနယ်မြေသို့ စုံစမ်း





ထောက်လှမ်းမှုများ ချက်ချင်းပြန်လည်ပြုလုပ်ကြရပြန်၏။

"ညနေခင်းပိုင်းတုန်းကတော့ သန်းလွင်ယောက်ဖကို ဘောင်းဘီရှည်နဲ့ တွေ့လိုက်တယ် စခန်းမှူးကြီး"

သက်သေအချို့ထံမှ သဲလွန်စရလာပြီဖြစ်သဖြင့် စခန်းမှူး ရဲအုပ်ဝင်းမြင့်နှင့်အဖွဲ့သည် စခန်းသို့ ရှင်လန်းကျေနပ်စွာ ပြန်လာခဲ့ကြပြီး သန်းလွင်၏ယောက်ဖဖြစ်သူ မင်းလတ်အား သီးခြားခွဲထုတ်စစ်ဆေးသောအခါတွင် ဝေလင်းအား ရိုက်နှက်ခဲ့သူမှာ မင်းလတ်ဖြစ်ကြောင်း တရားခံအစစ်အမှန် ပေါ်ပေါက်ခဲ့လေတော့သည်။

■

"အဲဒါပဲ သတင်းထောက်ကိုမောင်ဆွေရေ. . . ဝေလင်းကို ရိုက်သတ်ခဲ့တဲ့သူ၊ မျက်မြင်သက်သေလည်းမရှိ. . ညမှောင်မှောင်မှာ လရောင်မဆမ်းလို့ မှောင်ပိန်းနေလို့ ကိုယ့်ကို ရိုက်သွားတဲ့လူကိုတောင် ကာယကံရှင်ကိုယ်တိုင်က ဘယ်သူ ဘယ်ဝါမှန်းမသိလိုက်တဲ့ ဒီလူသတ်မှု တရားခံအစစ်အမှန်ကို နာရီပိုင်းအတွင်း အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးရမှုနိုင်ခဲ့တယ် ပေါ့ဗျာ. . နောက်ဝမ်းသာစရာက တရားခံမင်းလတ်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလူသတ်မှုနဲ့ပတ်သက်ပြီး ဖြောင့်ချက်ပေးချင်တယ်ဆိုလို့ တရားသူကြီးတစ် ဦးရဲ့ရှေ့မှောက်မှာ ဒီကနေ့ပဲ ဖြောင့်ချက်ပေးပါလိမ့်မယ်"

"ကျေးဇူးပါပဲ ဆရာ။ ကျွန်တော့်ကို ခွင့်ပြုပါဦး.. တရားခံရဲ့ရင်ထဲကထွက်ပေါ်လာတဲ့ ဖြောင့်ချက်သတင်းစကားကြားသိရအောင် သတင်းလိုက်စုရဦးမယ် ဆရာ"

"ကောင်းပါပြီဗျာ"

■

"မောင်မင်းလတ်.. ဖြောင့်ချက်ပေးမယ်ဆိုတာ ဟုတ်ပါလား"

"ဟုတ်ပါတယ် တရားသူကြီးမင်း ခင်ဗျာ"

"ပြန်စဉ်းစားပါဦး.. စဉ်းစားချိန် တစ်နာရီတိတိ အချိန်ပေးမယ်"

တရားသူကြီး ဦးဖြောင့်မတ်သည် တရားခံအား စဉ်းစားရန် အချိန်ပေးပြန်၏။

စဉ်းစားရန် တစ်နာရီပြည့်ပြီးနောက်ဝယ် တရားခံမင်းလတ်မှ မိမိသဘောဆန္ဒအလျောက် ဖြစ်ရပ်မှန်ကို ဖြောင့်ချက်





ပေးလိုကြောင်းသာ ထပ်မံတောင်းဆိုပြန်သဖြင့် သက်သေလူကြီးနှစ်ဦးရှေ့၌...

"ကဲ..မောင်မင်းလတ်.. ကျွန်ုပ်ဟာ တရားသူကြီးတစ်ယောက်ဆိုတာ သိပါသလား"

"သိပါတယ် တရားသူကြီးမင်း ခင်ဗျာ"

"မောင်မင်းလတ်ကို ဖြောင့်ချက်ပေးရမယ်လို့ တစ်စုံတစ်ယောက်က ခြိမ်းခြောက်ကြိမ်းမောင်းတာများရှိသလား"

"မရှိပါဘူး ခင်ဗျာ"

"ဖြောင့်ချက်ကို ဒီအမှုနဲ့ပတ်သက်ပြီး သက်သေခံအဖြစ် အသုံးပြုလို့ရတယ်ဆိုတာ သိပါသလား"

"သိပါတယ် တရားသူကြီးမင်း ခင်ဗျာ"

"ကဲ..ကောင်းပြီ.. ဒါဆိုရင် မောင်မင်းလတ်ရင်ထဲမှာရှိတာတွေ ပြောနိုင်ပါပြီ"

တရားသူကြီး ဦးဖြောင့်မတ်၏စကားအဆုံးတွင် တရားခံမင်းလတ်သည် လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး လေးနက်တည်ကြည်စွာဖြင့် ဖြစ်ကြောင်းကုန်စင်တို့ကို ပြောပြပါတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံမှ ကုန်ထမ်းအလုပ်လုပ်ပြီး နေအိမ်သို့ပြန်လာလျက် ဇနီးဖြစ်သူနှင့် အိမ်မှုကိစ္စများ ဝိုင်းဝန်းလုပ်ဆောင်ပြီး မနက် (၉) နာရီခန့်တွင် မင်းလတ်သည် ဘုံဆိုင်သို့ အရက် ၂၀/- ဖိုး သွားဝယ်ပြီး ဆိုင်ထဲမှပြန်အထွက်တွင် မြို့ထဲဘက်သို့ တစ်ယောက်တည်းလမ်းလျှောက်သွားသော ဝေလင်းကို လှမ်းမြင်လိုက်သဖြင့် အတိတ်ကဖြစ်ရပ်များအား မင်းလတ်၏အတွေးအာရုံဝယ် ပြန်လည်မြင်ယောင်လာမိတော့၏။

"ဒီကောင်ကြောင့် ငါ့ယောက်ဖ ဒုက္ခဖြစ်ရတာ. . နေနှင့်ဦးပေါ့ ဝေလင်းရာ. . မင်းအတွက် ဒီည ကံဆိုးပြီလို့မှတ်"

စိတ်ထဲမှ ကြိတ်၍ ကြုံးဝါးလိုက်ပြီး မင်းလတ်သည် နေအိမ်သို့ပြန်လာလျက် ဆိုင်မှဝယ်ယူလာသောအရက်ကို သောက်ပြီးနောက် မိသားစုနှင့်အတူ ထမင်းစားသောက်လျက် ညက အလုပ်ပင်ပန်းသဖြင့် တစ်ရေးတစ်မောအိပ်လိုက်သည်။

နေ့လယ် (၁၂)နာရီခန့်တွင် အိပ်ရာမှနိုးလာပြီး ရေမိုးချိုးလျက် ကြွက်ထောင်ရန် လယ်ထဲသို့ ထွက်လာခဲ့သည်။ လယ်ထဲ၌ ကြွက်ထောင်ပြီး ညနေ (၅) နာရီခန့် အိမ်ပြန်ရောက်ကာ ဘုံဆိုင်မှ တောအရက်တစ်ပိုင်းကို ဝယ်ယူလျက် နေအိမ်





တွင် ပြန်သောက်ရင်း ဝေလင်းအကြောင်း တစိမ့်စိမ့်တွေးနေမိပြန်၏။

အရက်ပုလင်းအတွင်းမှ အရက်များ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ပြီးနောက် သွေးတို့သည် တဖြည်းဖြည်း ဆူသည်ထက်ဆူလာ၏။ အရက်အရှိန်တက်လာသည်နှင့်အမျှ ဝေလင်းအား အတိတ်မှရန်ကြွေးကိစ္စပေးဆပ်ဖို့ရန် ပို၍ အားသန်လာခဲ့သည်။

သူရာရည်၏မာယာသည် မင်းလတ်၏စိတ်ဆင်ရိုင်းကို ဒေါသမုန်ယိုရန် လှည့်ဖျားခဲ့ချေပြီ။ သူရာရည်၏တန်ခိုးကြောင့် မင်းလတ်သည် ဝေလင်းအား အတိတ်မှရန်ကြွေးပေးဆပ်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။

ဆောင်းတွင်းကာလ နေ့တာတိုသည်နှင့်အမျှ ညနေ (၆) နာရီထိုးသည်နှင့်တစ်ပြိုင်နက် အမှောင်ထုသည် ချက်ချင်းကြီးစိုးလာ၏။ အမှောင်ကိုအားပြုလျက် သံလမ်းကင်းတဲနှင့် မလှမ်းမကမ်းတစ်နေရာတွင် မင်းလတ်သည် မြို့ထဲဘက်မှ ဝေလင်းပြန်လာမည့်အချိန်ကို စောင့်ဆိုင်းနေခဲ့သည်။

"ဒေါင်ဒေါင်. . ဒေါင်ဒေါင်. . ဒေါင်ဒေါင်. . ဒေါင်"



www.burmeseclassic.com

www.burmeseclassic.com



သံလမ်းလုံခြုံရေးကင်းတဲမှ (၇) နာရီထိုး သံချောင်းခေါက်သံ ထွက်ပေါ်လာချိန်ဝယ် ရွာဘက်ဆီမှ တရွေ့ရွေ့လှမ်းလာနေသော လူတစ်ယောက်၏သဏ္ဌာန်ကို ခပ်လှမ်းလှမ်းမှ မြင်တွေ့လိုက်ရသော မင်းလတ်သည် 'သူ ပြန်လာပြီ'ဟု တစ်ကိုယ်တည်း တီးတိုးရေရွတ်ရင်း ရွာဘက်ဆီသို့ ဝေလင်းအရင်ကြိုတင်ရောက်နေနှင့်စေရန် လယ်ကွက်များထဲမှ ဖြတ်လမ်းအတိုင်း ခပ်သွက်သွက်ပြန်လာခဲ့ပြီး တိုက်ကျောင်းအနီး ညောင်ပင်ကြီးတစ်ပင်အောက်မှာ ရပ်လျက် ဝေလင်းအား ကြိုတင်စောင့်ဆိုင်းနေခဲ့သည်။

ဝေလင်းကတော့ ထိုကိစ္စများ သိဟန်မပေါ်။ အပူအပင်ကင်းမဲ့စွာဖြင့် လူပြတ်လွန်းလှသော ဘော့နင်းကုန်းဘက်သို့သွားသည့် တာလမ်းအတိုင်း ရေဘုတ်ကုန်းရွာထဲမှ ထွက်လာချေပြီ။

မင်းလတ်သည် အိမ်တစ်အိမ်မှ ဖွဲထောင်းရာတွင် အသုံးပြုသည့် ဖျဉ်းကတိုးသား သစ်သားလုံးချောတစ်ခုကို လက်တွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် ဝေလင်းလာရာလမ်းအတိုင်း ဝေလင်းဆီသို့ မျက်နှာချင်းဆိုင် လျှောက်သွားလိုက်ပြီး ဘေးချင်းကပ်ရှောင်၍ နောက်ကျောဘက်ရောက်သောအခါ





ရုတ်တရက်ပြန်လှည့်လိုက်ပြီး ဝေလင်း၏လက်ယာဘက်နားရင်းဆီသို့ လက်တွင်းမှတုတ်ဖြင့် ပိုင်ပိုင်ကြီးတစ်ချက်ရိုက်ချလိုက်သည်။

'ခွပ်'ခနဲ ခပ်အုပ်အုပ်အသံတစ်ချက်ထွက်ပေါ်လာပြီး ဝေလင်းမှာ အသံမထွက်နိုင်ဘဲ မြေပေါ်သို့လဲကျသွားစဉ် နီးစပ်ရာကို ထပ်မံ၍ ရိုက်နှက်လိုက်သည်။ အားပါးတရ အချက်ပေါင်းများစွာရိုက်ပြီးနောက် ဝေလင်း ငြိမ်ကျသွားသောအခါ မင်းလတ်သည် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

လကမသာ၊ ကြယ်ကလည်းမစုံ၊ အမှောင်ထုကြီးစိုးနေသော ပတ်ဝန်းကျင်၊ လူသူလေးပါးကင်းမဲ့သော လူသွားတာလမ်းနယ်မြေပေါ်၌ ယခုအဖြစ်အပျက်အား မျက်မြင်သက်သေကလည်းမရှိ။ ဝေလင်းကိုယ်တိုင်က မည်သူက ရိုက်လိုက်သည်ကိုပင်မသိနိုင်သော ဤကိစ္စ။ မင်းလတ်သည် ကိုယ့်အတွေးနှင့်ကိုယ် ပိုင်ပြီဟု ယုံကြည်သတ်မှတ်လိုက်ပြီး တာလမ်းပေါ်မှ သွေဖီလျက် လယ်ကွက်များထဲမှ ဖြတ်သန်းကာ တိုက်ကျောင်းဘက်သို့ပြန်လာခဲ့ပြီး ထိုမှတစ်ဆင့် သံလမ်းကင်းတဲဘက်သို့ လျှောက်သွားလိုက်သည်။

အမှောင်ထုကြီးစိုးနေပြီး လောကဓာတ်တစ်ခွင်လုံး



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေသော်လည်း တိုက်ကျောင်းနယ်မြေတွင် ကိန်းဝပ်စံပယ်တော်မူနေကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များမှ ဤအဖြစ်အပျက်ကို ကြိုတင်တွေ့မြင် သိရှိနေသော်မူကြသည်ကိုလည်းကောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအနီးအပါး၌ ရှိခိုးပူဇော် ကော်ရော်မှုပြုနေကြသော သမာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့မှလည်း ယခုကိစ္စ အစမှအဆုံး၊ အဖြစ်အပျက်အလုံးစုံကို မြင်တွေ့နေကြသည်ကိုလည်းကောင်း၊ မင်းလတ် စောင့်ဆိုင်းနေခဲ့သည့် ဇရာမညောင်ပင်ကြီး၏ ရုက္ခစိုးကြီးကိုယ်တိုင်လည်း အဆိုပါအဖြစ်အပျက်ကို မြင်တွေ့နေရသည်ကိုလည်းကောင်း မင်းလတ်တစ်ယောက် အတွေးတိမ်မှုကြောင့် နားလည်သဘော ပေါက်ခြင်းမရှိခဲ့ပါချေ။

တရားကို နတ်စောင့်သကဲ့သို့ ရာဇဝတ်ဘေး ပြေးမလွတ်ကြောင်း၊ မကောင်းမှုပြုသမျှ ဆိတ်ကွယ်ရာမရှိကြောင်း မင်းလတ်တစ်ယောက် မသိခဲ့ပါချေ။ မင်းလတ်သည် အတွေးတိမ်တိမ်ဖြင့် ရာဇဝတ်ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့ချေပြီ။

သံလမ်းကင်းတဲမှအဘိုးကြီးနှင့် ရင်းနှီးနေသဖြင့် ပုဆိုးတစ်ထည် ငှားရမ်းတောင်းယူကာ ခါးမှ ဘောင်းဘီရှည်ဖြင့် လဲလှယ်ဝတ်ဆင်လျက် ဘူတာရုံပေါ် တက်လာခဲ့ပြီး လှုပ်ရှားနေ





သောစိတ်များတည်ငြိမ်သွားစေရန် ဆိုင်တစ်ဆိုင်မှ အရက် (၂၀) ဖိုး ဝယ်သောက်လိုက်သည်။

ဖျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသော ရထားစီးရန် စောင့်ဆိုင်းနေကြသည့် ခရီးသည်များအကြား တိုးဝှေ့ဖြတ်သန်းရင်း ရွာဘက်သို့ ဟန်မပျက်ပြန်လာလျက် ဇနီးဖြစ်သူအား ဝေလင်းကို ရိုက်ခဲ့ပြီဖြစ်ကြောင်း တိုးတိုးကလေး ပြောပြနေစဉ်မှာပင် အိမ်ရှေ့သို့ ဆိုင်ကယ်များထိုးရပ်သံ ကြားလိုက်ရပြီး ရဲများရောက်လာကာ ဝေလင်းအရိုက်ခံရမှုနှင့်ပတ်သက်၍ စစ်မေးချင်ကြောင်းပြောကြားကာ မင်းလတ်အား ခေါ်ဆောင်သွားခြင်းကို ခံလိုက်ရတော့၏။

■

“ခင်ဗျားသတင်းက ပြည့်စုံ တိကျလှချည်လားကိုမောင်ဆွေ. . ဘယ်လိုများ သတင်းကို လိုက်လိုက်သလဲ. . အသံဖမ်းစက်နဲ့များ ဖမ်းထားသလား”

ကျွန်တော်၏ သတင်းစာမှုကို ဖတ်ရှုပြီးနောက် စခန်းမှူး ရဲအုပ်ဝင်းမြင့်မှ စစ်ကြောရေးလုပ်လာသဖြင့်. . .

“ဪ. . ဒါလား. . ဒီလိုလေ ဆရာရဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော် သတင်းထောက်လှမ်းပုံနှင့်ပတ်သက်၍ စခန်းမှူးအား ခပ်တိုးတိုးပြောပြလိုက်သောခါ စခန်းမှူး ရဲအုပ်ဝင်းမြင့်သည် ခေါင်းတညိတ်ညိတ်နှင့်လုပ်ကာ ခပ်ပြုံးပြုံးနားထောင်ရင်း သတင်းမှန်ဖြစ်ပါသည်ဟု ကျေနပ်ခြင်းများစွာဖြင့် လက်မှတ်ရေးထိုးပေးလိုက်ပါတော့သတည်း။

■




www.burmeseclassic.com

www.burmeseclassic.com

## ပွဲစင်ကလှုပ် လှိုင်းကပုတ်သော်

အိမ်ထောင်ပြုတာရယ်၊ ဘုရားတည်တာရယ်၊ ဆေးမင်ရည်စုတ်ထိုးတာရယ် အဲဒီသုံးချက်လုံးဟာ အစကနဦးကတည်းက မှန်မှန်ကန်ကန်ဆုံးဖြတ်ချက်ချပြီးမလုပ်ဘဲနဲ့ ပြီးပြီးရောသဘောနဲ့ လွယ်လွယ်တွေးကာ ဆုံးဖြတ်ချက်ချပြီး ပြုလုပ်ခဲ့မယ်ဆိုရင် နောင်တစ်ချိန်မှာ ပြုပြင်ဖို့ အလွန်ခက်ခဲတဲ့အရာတွေအဖြစ် ရောက်ရှိသွားလိမ့်မယ်လို့ ရှေးလူကြီးသူမတွေ ပြောဆိုဆုံးမခဲ့တာရှိပါလျက်, ပေါ့ပေါ့လွယ်လွယ်တွေးပြီး အိမ်ထောင်ရေးတစ်ခုကို ဖန်တီးမိခဲ့တဲ့ ကျုပ်ဘဝ ခုတော့ ဒုက္ခလှလှကြီးတွေ့ခဲ့ပြီပေါ့ဗျာ။





ကျုပ် အင်မတန်ချစ်တဲ့ ချစ်ဇနီး၊ ကျုပ် အင်မတန်မှလည်း မုန်းမိတဲ့ ချစ်ဇနီး၊ အခုတော့ သူလည်း သေပြီ။ ကျုပ်လည်း သံတိုင်တွေပတ်ပတ်လည်ကာထားတဲ့ အခန်းကျဉ်းထဲ ရောက်နေရပြီ။

ဒါပေမဲ့ ကျုပ် အလွန်ချစ်ရတဲ့ဇနီးကို ကျုပ် အလွန်မုန်းခဲ့ပေမယ့် ကျုပ် မသတ်ခဲ့ရဘူးဗျ။ အဲ. . သူ့ကို သတ်ချင်လောက်အောင် ကျုပ် မုန်းခဲ့တာလည်း အမှန်ပဲ။

သို့ပေမယ့် ကျုပ် သူ့ကိုသိပ်ချစ်လွန်းတဲ့စိတ်တွေကြောင့် သူ့ကိုသတ်ဖို့၊ ကျုပ် မကြိုးစားမိခဲ့ပါဘူး။ ဒါ အမှန်ပါ။

ခင်ဗျား နားရှုပ်သွားပြီနဲ့တူတယ်။ ကျုပ်နဲ့ ကျုပ်ရဲ့ ချစ်ဇနီးချော ခင်ကြည်တင့်တို့ရဲ့ အိမ်ထောင်ရေးဘဝဇာတ်အကြောင်းကလေး လိပ်ပတ်လည်သွားအောင် လုံးစေ့ပတ်စေ့ ပြောပြမယ်။

ကျုပ်နာမည်က မြညို့တဲ့။ အသက်က အခု ခြောက်ဆယ်တင်းတင်းပြည့်ပြီ။ တချို့က ဦးမြညိုတဲ့။ တချို့က ကိုကြီးမြညိုတဲ့ ကျုပ်ကို ခေါ်ကြတယ်။ ဟဲ. . ဟဲ. . ကျုပ်ဇနီးချော ခင်ကြည်တင့်ကတော့ ကျုပ်ကို အစ်ကိုကြီးတဲ့. . ။

သူလား. . ခင်ကြည်တင့် အသက် (၃၀) ရှိပြီပေါ့။

www.burmeseclassic.com



ကျုပ်နဲ့ မတွေ့ပါဘူး။ သုံးဆယ်ပဲကွာတာ။ ဒါ ဘာဆန်းတာမှတ်လို့။ တချို့ဆို ကျုပ်တို့အရွယ်က ဆယ်ကျော်သက်ကလေးတွေနဲ့တောင် ယူသေး. . အဟေး. . ဟေး. . ။

ဒါ. . ထားပါလေ။ ကျုပ်ရဲ့ချစ်ဇနီးအကြောင်း ဆက်ပြောရဦးမယ်။ ခင်ကြည်တင့်က. . လုံးကြီးပေါက်လှ၊ ဖြိုးတယ်၊ မောက်တယ်၊ တင့်တယ်၊ ပြည့်တယ်၊ ပေမီဒေါက်မီ ၅ပေ ၄လက်မ။ ကောင်းလိုက်တဲ့ ဆံပင်ကြီးတွေ၊ နက်မှောင်ထူပိန်းနေတာပဲ။ ဖြန့်ချထားလိုက်လို့ကတော့ တံကောက်ခွက်အထိရောက်တယ်။ အသားက ညိုချော။ မျက်တောင်ကော့ကြီးတွေနဲ့ မျက်လုံးရွှဲကြီးတွေက ကျုပ်ရဲ့အချစ်စိတ်ကို သူ့အပေါ်မှာ အကုန်ယိုဖိတ်စေအောင် ပြုစားခဲ့ကြတာပေါ့။

ကျုပ်က အိမ်ထောင်နှစ်ဆက်လေ။ ပထမအိမ်ထောင်က ငယ်ပေါင်းကြီးဖော်။ သက်တူရွယ်တူ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဆုံးသွားပြီ။ သူ့နာမည်က ဒေါ်ကျင်ငွေတဲ့။ ကျုပ်အခေါ်တော့ ကျင်ငွေပေါ့ဗျာ။ ကျုပ်တို့က နယ်မြို့တစ်မြို့မှာ သူဌေးစာရင်းဝင်တွေလေ။ ဒီအသက်ဒီအရွယ်ရောက်လာပြီဖြစ်ပေမယ့် ကျုပ်တို့မှာ သားထောက်သမီးခံ မရှိခဲ့ဘူး။ သားသမီး မထွန်းကားခဲ့ဘူးပေါ့ဗျာ။ ကျင်ငွေဆုံးသွားတော့ ကျုပ်





အသက် ငါးဆယ်ပါ။ ရှိတဲ့စည်းစိမ်ကို ဘုရားကျောင်းကန်လည်း မလှူ၊ ချင်သေးတော့ သားထောက်သမီးခံမရှိတဲ့ ကျုပ်. . ဆေးပေးမီးယူ ကလေးလည်းရအောင် မအိုခင်၊ မနာခင်၊ မသေခင် ကျုပ်ရှိတဲ့စီးပွားကို နောက်ဇနီးမယားတစ်ယောက်နဲ့ လှူစည်းစိမ်ခံစားရအောင်ဆိုပြီး ကျုပ်အသက်ထက် ထက်ဝက်ငယ်တဲ့ ခင်ကြည်တင့်ကို ငွေနဲ့ပေါက်ပြီး တောင်းရမ်းလက်ထပ်ယူခဲ့တာ (၁၀)နှစ်တောင်ရှိခဲ့ပြီပေါ့။

ခင်ကြည်တင့်ဟာ ဆင်းရဲနွမ်းပါးပေမယ့် ပင်ကိုအရည်အသွေးရှိသူဆိုတော့ ကျုပ်နဲ့ အကြောင်းပါခဲ့တယ်ဆိုရင်ပဲ ကျုပ်စိတ်ကြိုက်ဆင်မြန်းပေးခဲ့တဲ့အခါ အလွန်လှတဲ့ ပန်းပုသူဇာ ကျုပ်လက်ထဲ နတ်သိကြားတွေက ဖန်ဆင်းစေလွှတ်လိုက်လေရော့သလားလို့ ထင်မှတ်မှားမိပါတယ်။

တကယ့်ကိုပါပဲ။ မီးခဲပြာဖုံး ခင်ကြည်တင့်ရဲ့အလှအပတွေဟာ ထင်းထင်းကြီးပေါ်လာတာတွေ့လိုက်ရတော့ အရပ်ထဲကလူတွေအားလုံး ဘာပြောကြတယ်မှတ်သလဲ။ ရွှေပင်နားတော့ ရွှေကျေးဆိုတာ ခင်ကြည်တင့်လို အလှအပမျိုးကိုခေါ်တာတဲ့။ အဲသလို ပတ်ဝန်းကျင်ကပါ သြချရလောက်အောင်လှတဲ့ ခင်ကြည်တင့်ကို ကျုပ် မြတ်မြတ်နိုးနိုးချစ်မိတာ အမှန်ပဲဆိုတာ မိတ်ဆွေ ယုံပြီမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲသက်အရွယ် ကွာခြားပေမယ့် ခင်ကြည်တင့်ဟာ ကျုပ်အပေါ်မှာ နည်းနည်းကလေးမှ မဖောက်ပြားခဲ့ဘူး။ မယား ဝတ္တရားမှန်သမျှ အကုန်အစင် ကျေပွန်အောင်ပြုစုရင်း ကျုပ်နဲ့ပေါင်းသင်းခဲ့တာ ဆယ်နှစ်ဆိုတဲ့ခရီးကိုတောင်ရောက်ခဲ့ပါပေါ့။

အဲ.. ဒါပေမဲ့ ဟိုတလောကလေးက ခင်ကြည်တင့် ကျုပ်အပေါ်ဆက်ဆံတာ ဆားမပါတဲ့ဟင်းချိုသောက်ရသလိုပဲ။ ပေါ့ဟာဟာနဲ့။ ဘာလိုအပ်နေမှန်း ကျုပ်မသိဘူး။

အိမ်ထောင်သုခ မပြည့်ဘူးလို့ ကျုပ်ထင်မိတယ်။ တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းလာတာဗျာ။ အကြင်လင်မယားဘဝ ဆယ်နှစ်တောင်ကြာခဲ့ပြီပဲ။ ခင်ကြည်တင့် မျှမပျက်ပေမယ့် တစ်ခုခုလိုနေသလိုပဲလို့ တနုံ့နုံ့နဲ့ နေ့စဉ်ခံစားလာရတဲ့ ကျုပ် .. ကြာတော့လည်း ဘုံဗိုင်မှာ ယမကာကိုအဖော်ပြုရင်း စိတ်ကိုဖြေဖို့ ကြိုးစားကြည့်ခဲ့မိတယ်ဗျို့..။

ခင်ဗျားလည်းသိမှာပါ။ အရက်မူးတာဟာ မူးတာပဲ။ ရင်ထဲကဝေဒနာဟာ ဝေဒနာပဲ။ ဘာမှ မဆိုင်ဘူး။ အရက်သောက်လို့ အရက်မူးသွားရင် ရင်ထဲ၊ အသည်းထဲ၊ နှလုံးထဲမှာ ခံစားနေရတဲ့ဝေဒနာတွေ ပြေပျောက်သွားလိမ့်မယ်မထင်





နဲ့။ အဲဒီကျမှ ပိုဆိုးတာဗျို့။ ထန်းရည်မူးတော့ ကွဲနိုးပေါ် တဲ့။ အရက်မူးတော့ လူမိုးတာပါပေါ်သလားမသိဘူး။ အရက်မူးမူးနဲ့ ကျုပ် ဘုံဆိုင်ထဲမှာ ဒီကောင်မကို သတ်မှဖြစ်မယ်။ ခင်ကြည်တင့်ကို သတ်မှဖြစ်မယ်၊ ခင်ကြည်တင့်ကိုသတ်ကိုသတ်ရမှ အေးမယ်.. ဆိုတဲ့စကားတွေ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် မူးမူးနဲ့ ကျုပ်ပြောမိခဲ့တယ်။

မကြာပါဘူး။ ခင်ကြည်တင့်တစ်ယောက် .. ဟုတ်တယ်.. ခင်ကြည်တင့်ဆိုတဲ့ ကျုပ်မိန်းမ၊ ကျုပ်ရဲ့ချစ်လှစွာသောဇနီး၊ ကျုပ်သတ်ပစ်ချင်ရလောက်အောင်မုန်းခဲ့တဲ့ဇနီး၊ ကျုပ်အိမ်အောက်ထပ်သနပ်ခါးကျောက်ပြင်ရှေ့မှာ ထဘီရင်လျားနဲ့ ခွေခွေကလေးသေနေပါရောလား။

ဘုံဆိုင်ကနေပြန်လာတဲ့ ကျုပ် ခင်ကြည်တင့်အလောင်းကိုလည်းမြင်ရော မူးနေတာတွေ ဘယ်ပျောက်သွားမှန်းမသိဘူး။ ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့ နောက်ဆုံး ရဲစခန်းကိုပြေးပြီး အကြောင်းကြားရတော့တာပေါ့။

ကျုပ်ကိုယ်တိုင် ရဲစခန်းမှာ တရားလိုလုပ်ပြီး အမှုဖွင့်တော့ စခန်းမှူးနဲ့အဖွဲ့ ကျုပ်အိမ်ကို ချက်ချင်းလိုက်လာ၊ ဒဏ်ရာဒဏ်ချက်ရှာတော့ ရင်အုံမှာ သွေးစို့နေတဲ့ အပေါက်ကျဉ်းကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ခုကို တွေ့တော့တာပဲ။ လျှင်လိုက်တဲ့ ရဲမျက်စိဗျာ။ သူတို့အရင် ကျုပ်ကိုယ်တိုင် ကျုပ်မိန်းမကိုယ်ပေါ် ဒဏ်ရာကို လိုက်ရှာတာ နဲ့လို့။ ကျုပ်ဖြင့် မတွေ့မိပေါင်။ ဒါကြောင့်လည်း ရဲဖြစ်နေကြတာကိုး။

ဒါပေမဲ့ဗျို့.. သုံးရက်လောက်နေတော့ ကျုပ်ကို ရဲတွေလာဖမ်းတော့တာပဲ။ သူတို့ပြောတော့ ဖမ်းတာမဟုတ်ပါဘူးတဲ့။ ခင်ဗျားအတွက် လုံခြုံစိတ်ချရအောင် ခေတ္တထိန်းသိမ်းထားတာပါတဲ့။ တရားခံအစစ်အမှန်ပေါ်လာလို့ အဲဒီတရားခံကိုဖမ်းမိတဲ့နေ့ကျရင် ခင်ဗျားအတွက် လုံခြုံစိတ်ချရပြီမို့ ချက်ချင်းပြန်လွှတ်ပေးမှာပါတဲ့..။

ဒါနဲ့ တစ်ဆက်တည်းပဲ စခန်းမှူးက..

'ဒီမှာ ဦးမြညို.. ဦးမြညိုအနေနဲ့ ရပ်ကွက်ထိပ်က ဘုံဆိုင်မှာ အရက်သောက်တိုင်း ခင်ကြည်တင့်ကိုသတ်ပစ်ရမယ်၊ ခင်ကြည်တင့်ကိုသတ်ရမှအေးမယ်လို့ ပြောခဲ့ဖူးတာ မှန်သလား'

လို့ မေးတယ်ဗျို့။

ကျုပ်ကလည်း ဟုတ်တိုင်းမှန်ရာ ပြောမိခဲ့တဲ့အကြောင်း ဝန်ခံခဲ့ပြီး ပြောရိုးသာပြောတာပါ။ တကယ်မသတ်ခဲ့ရိုးအမှန်ပါလို့ ထပ်ပြောရတာပေါ့။





ဒီတော့ စခန်းမှူးက ဘာပြောတယ်မှတ်သလဲ။ စိတ်အေးအေးထားပါ ဦးမြညို။ ဘုရားတရားလည်း မမေ့ပါနဲ့။ တရားကို နှတ်စောင့်ပါတယ်။ တစ်နေ့ အမှန်တရားပေါ်လာမှာပါတဲ့။ တဲ့.. ဒါတော့ဗျာ.. ကျုပ်လည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်ပဲ။ တရားကိုနှတ်စောင့်မှန်းတော့ သိတာပေါ့။ ဒါကြောင့်လည်း အပြင်မှာ တဏှာရာဂအမိုက်အမှောင်တွေ ဖုံးလွှမ်းခဲ့မိလို့ ဘုရားမေ့၊ တရားမေ့နဲ့ ကျုပ်ရဲ့ဇနီးချောနဲ့ အချစ်ပလူးနေခဲ့တဲ့ ကျုပ်ဆိုတဲ့ သက်ကျားအို အချုပ်ထဲရောက်မှ နောင်တရပြီး ဘုရားတနေခဲ့မိတာ။ အခုဆို နေ့စဉ်ညစဉ် ဘုရားမှန်မှန်ရှိခိုးရတဲ့အကျင့်ကောင်းတစ်ခုရခဲ့တာ ကျုပ်အတွက် တကယ့်အနှစ်ပဲဗျို့။

အချုပ်ထဲမှာ တခြားလူလာပြီး ကိုယ့်ကိုရန်မူမှာလည်း မပူရဘူး။ ရှေ့မှာတွေ့လား။ ရဲသားအစောင့်တွေနဲ့ စိတ်ချလက်ချ ကျုပ်ဘဝ။ ညဆို ခေါင်းပြားအောင်အိပ်လို့ရတယ်။ ထမင်းဆိုလည်း အချိန်မှန်မှန် အချုပ်ကကျွေးတယ်။ ထမင်းငတ်မှာလည်း မပူရဘူး။ မနက်စောစောတစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် တစ်နေ့နှစ်ကြိမ် ဘုရားဝတ်တက်၊ မေတ္တာပို့ အမျှအတန်းဝေရတယ်။ ဘယ်လောက် မင်္ဂလာရှိသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကျင့်ကောင်းတွေ အပြင်မှာလုပ်နိုင်ရင် ဘယ်လောက်ကောင်းမလဲ။ ကျုပ် ကြံကြံဖန်ဖန် တွေးကြည့်တာနော်။

အခုဆို အချုပ်ခန်းထဲ ကျုပ်ရောက်နေတာ တစ်ပတ်တောင်ရှိနေပြီနော့..။

"ပုံစံ"

ဟော..တာဝန်ကျကင်းသမား သတိပေးနေတယ်။ ပုံစံထိုင်ရဦးမယ်နော..။ ပြီးမှ ကျုပ်ဘဝအကြောင်းဆက်ဦးမယ်။

"ဦးမြညို..အပြင်ထွက်မယ်..စခန်းမှူးနဲ့တွေ့ရမယ်"

ကျုပ်ကိုလာခေါ်တာပဲဗျ။ ကျုပ် အဲဒီရဲဘော်နဲ့ လိုက်သွားလိုက်ဦးမယ်နော်။

■

"ထိုင်ပါ ဦးမြညို..ကျန်းမာရဲ့လား"

"ဟုတ်ကဲ့ ဗိုလ်ကြီး..ကျန်းမာပါတယ်"

"အေးဗျာ.. ဦးမြညိုကို ကျွန်တော် ကြိုတင်ပြောထားတဲ့အတိုင်းပဲ.. တရားကို နတ်စောင့်ပါတယ်.. မကြာခင်တရားခံအစစ်အမှန်ကို ပေါ်ပေါက်ရစေမယ်.. အဲဒီအခါကျ





ရင် ဦးမြညိုရဲ့လုံခြုံရေးအတွက် ကျွန်တော်တို့ စိတ်အေးရပြီမို့ ချက်ချင်းအိမ်ပြန်ခွင့်ပြုမယ်ဆိုတာလေ..မှတ်မိသေးလား"

"ဟုတ်ကဲ့..မှတ်မိပါတယ် ဗိုလ်ကြီး"

"အခု..ဒီကနေ့ ဦးမြညို ပြန်လို့ရပါပြီ.. တရားခံအစစ်အမှန်ကို ကျွန်တော်တို့ ဖမ်းမိလာခဲ့ပါပြီ.. သက်သေခံပစ္စည်းတွေလည်း သိမ်းဆည်းခဲ့ပြီးပြီ..တချို့သက်သေခံပစ္စည်းတွေကို ကျွမ်းကျင်သူပညာရှင်တွေဆီက အတည်ပြုချက်ရယူဖို့ ဓာတုဗေဒဝန်ရုံးကိုပို့လိုက်ပါပြီ..

တရားခံကတော့ ဦးမြညို အံ့ဩသွားလိမ့်မယ်..ဦးမြညို ရဲ့ခြံထဲမှာ အိမ်တစ်လုံးသတ်သတ်ဆောက်နေကြတဲ့ ဦးမြညိုညီမ ဒေါ်ချောတင်ရဲ့သား မောင်တင်ရွှန်းပဲ"

"ဗျာ.."

ကျုပ် ဗျာတစ်လုံးပဲ အာမေဋိတ်ပြုနိုင်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားမိခဲ့တယ်။ မောင်တင်ရွှန်းဟာ ကျုပ်တူပဲ။ ကျုပ်ရဲ့တူအရင်းခေါက်ခေါက်..။ အရွယ်က နှစ်ဆယ်ကျော်..ရှိလို့ နှစ်ဆယ့်သုံးပေါ့။

စခန်းမှူးပြောသမျှ အံ့ဩကြီးစွာနားထောင်ရင်း စခန်းမှူးက အိမ်ပြန်ခွင့်ပြုတာနဲ့ ကျုပ် အိမ်မပြန်သေးခင်ဆက်

www.burmeseclassic.com



ရန်ရှိသေးတဲ့ ကျုပ်ဘဝဇာတ်အကြောင်း ခင်ဗျားကို ဆက်ပြောပြဦးမယ်။

စခန်းမှူးပြောပြတဲ့ ကျုပ်နဲ့ပတ်သက်နေတဲ့ ကျုပ်ဘဝဇာတ်ကြောင်းထဲက ကျုပ်မိန်းမ ခင်ကြည်တင့်နဲ့ ကျုပ်ရဲ့တူတော်မောင် တင်ရှိန်တို့ဇာတ်လမ်းက ဒီလိုဗျ..။

■

သားထောက်သမီးခံမရှိရှာသော ဦးမြညိုသည် ခင်ကြည်တင့်ဆိုသော ဇနီးချောနှင့် ကြီးမားကျယ်ပြန့်သော ခြံဝင်းကျယ်ကြီးထဲ၌ ဇနီးမောင်နှံနှစ်ယောက်တည်းနေရသည်ကို စိတ်အားငယ်မိသည်ကတစ်ကြောင်း၊ ဆွေမျိုးညာတိတို့ကို ပေးကမ်းထောက်ပံ့လိုသော ရိုးရင်းစွဲစိတ်စေတနာအမှန်တို့ကတစ်ကြောင်း စသည့် အကြောင်းနှစ်ခုတို့ကြောင့် ညီမအရင်း ဒေါ်ချောတင်တို့သားအမိ ၅စ်ယောက်ကို မိမိ၏ခြံဝင်းကျယ်ကြီးထဲ၌ အိမ်တစ်ဆောင် သီးသန့်ဆောက်ပေးပြီးနေစေခဲ့၏။

မောင်တင်ရှိန်မှာ အသက် (၂၀)ကျော်ပြီဖြစ်ပြီး ကျန်းမာသန်စွမ်းသဖြင့် ဦးမြညို၏အိမ်မှုဗာဟီရကိစ္စများဖြစ်သော ထင်းခွဲခြင်း၊ ရေခပ်ခြင်းအမှုများ ကူညီလုပ်ဆောင်ပေးရန် ဦးမြညိုက မှာကြားထားသဖြင့် မောင်တင်ရှိန်သည် ဦးမြညို





၏နေအိမ်အား အခါမလပ် သွားရောက်လျက် ကူညီလုပ်ဆောင်ပေးရလေ၏။

လက်ပွန်းတတီး အတူနေထိုင်ရဖန်များလာသောအခါ မောင်တင်ရှိန်သည် လှချင်တိုင်းလှနေသော ခင်ကြည်တင့်၏ရှိက်ဖိုကြီးငယ်အသွယ်သွယ်တို့အပေါ် ထကြွရာဂစိတ်ဖြင့် တပ်မက်မှုများဖြစ်ပေါ်လာတော့၏။

ထို့ကြောင့် တစ်နေ့သောအခါ မောင်တင်ရှိန်သည် ဦးမြညိုမရှိခိုက် ဈေးဝယ်ရန် ဖြီးလိမ်းဝတ်စားပြီး အပြင်ထွက်လာသော ခင်ကြည်တင့်အနားရောက်သွားပြီး..

"ဟာ.. ဒီလိုဆိုတော့ ကြီးမတင့်က သိပ်ချောသိပ်လှတယ်ဗျာ.. တကယ့်ကိုပါပဲ.. မင်းသမီးရွှေလောက်အောင်လှပါပေတယ်"

"အမယ်လေး..မောင်တင်ရှိန်ရယ်.. မြှောက်နေစရာမလိုပါဘူး.. မုန့်စားချင်ရင် ရိုးရိုးပြောလည်း ရပါတယ်.. ဈေးကအပြန် ဝယ်ခဲ့ပါ့မယ်.. ပြော.. ဘာမုန့်စားမလဲ"

မိမိကိုယ်တိုင် ချောမှန်း လှမှန်း သိပင်သိသော်ငြားလည်း မိန်းမတို့၏သဘောသဘာဝအတိုင်း မိမိ၏အလှအဝတ်ကို အခြားသူတစ်ဦးတစ်ယောက်က နှုတ်မှဖွင့်ဟ၍ ချောကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လှကြောင်းပြောလာပြီဆိုလျှင် မနေ့စိတ်တွင် သဘောခွေ့တတ်ကြရကား ယခု မောင်တင်ရှိန်က 'မမတင့်. . သိပ်ချောသိပ်လှတာပဲဗျာ' ဟူသောပြောစကားကို အကျေနပ်ကြီးကျေနပ်သွားပြီး မခို့တရို့ဟန်အမူအရာဖြင့် မောင်တင်ရှိန်အား ပြုံးထေ့ထေ့ကလေးပြန်ကြည့်ကာ ခင်ကြည်တင့်က ပြန်ပြောလိုက်လေသည်။

အမေးရှိက အဖြေရှိရမည်ဟူသောစကားအတိုင်း ခင်ကြည်တင့်မေးလာသောစကားကို အခွင့်ကောင်းတစ်ရပ်အနေဖြင့် အသုံးချကာ ကိုယ်လိုရာဆွဲ၍ပြောရန်အတွက် မောင်တင်ရှိန်သည် ဘေးဘီဝဲယာကို ကြည့်လိုက်သည်။ အိမ်မှာ အမေကလည်း အပြင်သွားခိုက်ဖြစ်၍ ဘယ်သူမှမရှိ။ ဦးမြညိုကလည်း အလုပ်ကိစ္စနှင့် မနက်ကတည်းက အပြင်ထွက်သွားသည်ဖြစ်၍ နှစ်ဦးတည်းဆုံခိုက်မို့ မောင်တင်ရှိန်သည် နှုတ်မှစကားအချို့ကို အရဲစွန့်၍ပြောလိုက်သည်။

"ကျွန်တော်စားချင်တဲ့မုန့် မမတင့်က တကယ်ကျွေးမှာလား"

"ကျွေးမှာပေါ့"

"ကျွန်တော်စားချင်တာ အချစ်မုန့် မမတင့်ရဲ့"





"ဟဲ့. . အို"

မထင်မှတ်သော မောင်တင်ရှိန်၏စကားကြောင့် ခင်ကြည်တင့်၏နှုတ်ဖျားမှ အာမေဋိတ်စကားအချို့ထွက်ပေါ်လာ၏။

(၁၀)နှစ်တာကာလခရီးကို ဖြတ်သန်းခဲ့ပြီဖြစ်သော အိမ်ထောင်ရှင်တစ်ဦးဖြစ်သော်ငြားလည်း အိမ်ထောင်သာကျခဲ့ပြီး လူကြီးသူမတို့နေရာချပေးခဲ့မှုကြောင့် အိမ်ထောင်ရှင်ဖြစ်ခဲ့ရသော ခင်ကြည်တင့်တစ်ယောက် တစ်ခါမျှ လူပျိုစကားအပြောမခံခဲ့ရဖူးသဖြင့် မောင်တင်ရှိန်၏ လူပျိုစကားကြားလိုက်ရသောအခါ အထိတ်တလန့်ဖြင့် တစ်ကိုယ်လုံး ထူပူဖိန်းရှိန်းသွားရပြီး သွေးတို့သည် ဗလောင်ဆူဝေသွားရတော့၏။

"ဟုတ်တယ် မမတင့်ရဲ့. . မမတင့်ကို ကျွန်တော် ချစ်နေမိတာ အတော်ကြာသွားပြီ. . အကြောင်းအမျိုးမျိုးထောက်ပြီး ဆင်ခြင်နေရလို့သာ ဖွင့်မပြောဖြစ်ခဲ့ရတာပါ။

အခုတော့ ကျွန်တော့်နှလုံးသားထဲမှာ ဒီဝေဒနာကို မခံစားနိုင်တော့ဘူး. . မမတင့်ရဲ့မေတ္တာစက်ရိပ်မှာ မှေးမှိတ်နားခိုပါရစေလား မမတင့်ရယ်. . ကျွန်တော့်ကိုပြန်ချစ်ပါလားဟင်. ."

"မောင်တင်ရှိန်. . မမတင့် ဈေးသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားကြွယ်သော မောင်တင်ရှိန်၏အပါးမှ လျင်မြန်စွာထွက်ခွာဖို့ ခင်ကြည်တင့်ကြိုးစားရတော့၏။ ကြာရင် ဘေးလူတွေတွေ့သွားကြမှ အခက်။

ဈေးသို့ရောက်လာသော်လည်း ခင်ကြည်တင့်မှာ အယောင်ယောင်အမှားမှားနှင့်ဖြစ်ကာ ဘာဝယ်၍ဝယ်ရမှန်း မသိဖြစ်နေရတော့၏။ မောင်တင်ရှိန်၏ လူပျိုစကားသံများက ခင်ကြည်တင့်အာရုံထဲဝယ် လွှမ်းမိုးနေဆဲပင်။

နေအိမ်ပြန်ရောက်တော့ အိမ်တံခါးပိတ်၍ ကိုယ့်အိမ်မှုကိစ္စအလုပ်ကိုလုပ်ရင်း မောင်တင်ရှိန့်အိမ်ဘက် မသိမသာလှမ်းကြည့်မိ၏။ အိမ်၌ မောင်တင်ရှိန်၏အရိပ်အယောင်မတွေ့ရ၊ မောင်တင်ရှိန်၏မိခင် ဒေါ်ချောတင်ကိုသာ တွေ့ရ၏။ ထိုမှ တစ်ရက်. . နှစ်ရက်. . သုံးရက်. . လွန်မြောက်လာသည့်တိုင် မောင်တင်ရှိန်ကိုမတွေ့ရ။ ခင်ကြည်တင့်ရင်ထဲ တစ်မျိုးလိုနေသလိုလို ဟာတာတာကြီးဖြစ်နေ၏။ ထို့ကြောင့် မနေသာတော့ဘဲ ဒေါ်ချောတင်နှင့်ဆုံတွေ့ခိုက် စကားစလိုက်၏။

"အဒေါ်. . မောင်တင်ရှိန်တစ်ယောက် မတွေ့တာ အတော်ကြာနေပြီ. . ဘယ်သွားနေသလဲ"





"အြော်. . ဟုတ်ပါရဲ့ ခင်ကြည်တင့်ရယ်. . ကောင်လေးရွာသွားနေတယ်လေ. . ရွာကို သတိရလို့ စိတ်ပြေလက်ပျောက်သူ သွားဦးမယ်ဆိုပြီး သွားတာပဲ. . တစ်ပတ်လောက်နေရင် ပြန်လာမှာပေါ့"

"တခြားမဟုတ်ပါဘူး. . အစ်ကိုကြီး ဦးမြညိုကလည်း မေးနေတာနဲ့ သူပြန်လာရင် အိမ်ခဏလွှတ်လိုက်ဦးနော်"

"အေး. . အေး. . ခင်ကြည်တင့်ရေ. . လွှတ်လိုက်မယ်"

■

"မမတင့်. . ကျွန်တော့်ကို မှာတယ်ဆို"

"အေး. . ဟုတ်တယ်. . ဘယ်တွေလျှောက်သွားနေတာလဲ"

"ရွာကိုသွားနေတာပါ. . သူငယ်ချင်းတွေနဲ့လည်း မတွေ့ရတာကြာတာရယ်၊ ပြီးတော့ မမတင့်ကလည်း ကျွန်တော့်ကို မုန်းများမုန်းသွားပြီလားလို့ စိုးရိမ်စိတ်တွေဖြစ်လာတာရယ် ကြောင့်ပါ"

"မင်းကို မမတင့်က စိတ်ဆိုးတယ်လို့ ပြောလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒါဆို မမတင့် ကျွန်တော့်ကို ချစ်တယ်ပေါ့. . ဝမ်းသာလိုက်တာ မမတင့်ရယ်. ."

"ဟဲ့. . အို. . မောင်တင်ရှိန်. . မတော်ပါဘူးကွယ်"

"ချစ်လွန်းလို့ပါ မမတင့်ရယ်"

"အို. . ခက်တော့တာပဲ"

"သိပ်ချစ်တယ်ဗျာ"

"မောင်လေးရယ်. ."

ခြေသွက်လက်သွက်နိုင်လှသော မောင်တင်ရှိန်၏ အယုအယ အချော့အမြှူများအောက်ဝယ် ခင်ကြည်တင့်တစ်ယောက် မိန်းမောစွာ သာယာခံစားရင်း ကိလေသာအမှောင်အတွင်း တစ်စထက်တစ်စ ချင်းနင်းဝင်ရောက်ခဲ့မိချေပြီ။

အသက်ခြောက်ဆယ်အရွယ် ယောကျ်ားတစ်ယောက်နှင့် အသက်နှစ်ဆယ်ကျော် ယောကျ်ားတစ်ယောက်တို့၏ အပြုအစုအယုအယများ အကွာကြီးကွာမှုကြောင့် ခင်ကြည်တင့်သည် ခင်ပွန်းသည် ဦးမြညိုမရှိသည့်အခါတိုင်း လူအလစ်တွင် မောင်တင်ရှိန်အတွက် ကိလေသာတံခါး အမြဲဖွင့်ပေးထားခဲ့၏။

မောင်တင်ရှိန်နှင့် ခင်ကြည်တင့်တို့နှစ်ဦးသား ဆုံတွေ့





တိုင်း ဇာခန်းဆီးပဝါပါးပါးသည် အမြဲတမ်းလှုပ်ခါခဲ့ရသော အကြိမ်ပေါင်း မရေမတွက်နိုင်တော့ချေ။ ဇာခန်းဆီးနောက်ကွယ်မှ လှိုက်ဖိုမောသံများ၊ ပင့်သက်ရှိုက်သံများကို ဇာခန်းဆီးမှအပ မည်သူမျှ မကြားနိုင်ခဲ့သလို၊ ဇာခန်းဆီးနောက်ကွယ်မှ အကြိမ်ပေါင်းများစွာ အချစ်ရည်လူးခဲ့ကြသော မောင်တင်ရှိန်နှင့် ခင်ကြည်တင့်တို့ မျောက်ဇာတ်ကို မည်သူမျှ မမြင်မတွေ့နိုင်ခဲ့။

သို့သော်. . နေ့လယ်ခင်း မောင်တင်ရှိန်နှင့် အချစ်ဝလူးခဲ့သော ခင်ကြည်တင့်မှာ ညပိုင်းတွင် ဦးမြညိုအပေါ် မယားဝတ္တရား မကျေပွန်နိုင်တော့ဘဲ လစ်ဟာမှုတွေ များပြားလာတော့၏။ အိမ်ထောင်သုခ မခံစားရဘဲ ပျက်ကွက်မှုတွေ များပြားလာသဖြင့် ခင်ကြည်တင့်အပေါ် ဦးမြညို သံသယဝင်လာခဲ့၏။

သို့သော် လက်ညှိုးထိုးပြစရာကလည်းမရှိ၊ ပတ်ဝန်းကျင်မှလည်း တီးတိုးသံပင်မကြားရ။ အခက်တွေ့နေသော ဤတိစ္ဆကို ဦးမြညိုသည် ဘုံဆိုင်တွင် ယစ်ရေရည်ဖြင့် ဖြေသိမ့်ဖို့ကြိုးစားခဲ့ရတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



"မမတင့်. . မောင့်ကိုချစ်လား"

"ချစ်တာပေါ့ မောင်ရယ်. . မေးနေဖို့လိုသေးလား. . ဒီအခြေအနေတောင်မှပဲ ရောက်နေပြီပဲဟာ"

"မောင့်ကိုချစ်ရင် မောင်ခေါ်ရာလိုက်ခဲ့ပါလား"

"မဖြစ်နိုင်ပါဘူး မောင်ရယ်. . အခုအခြေအနေက အကောင်းဆုံးပါပဲ. . မောင်နဲ့ မမတင့်တို့ ခုလို နေ့လယ်နေ့ခင်း ပျော်ပါးမယ်. . ပြီးရင် ကိုယ့်နေရာကိုယ်ပြန်ဇနမယ်. . ဒါ ဘာလိုသေးသလဲ"

နေရချိုးပြီးခါစ ထဘီရင်လျားဖြင့် မှန်တင်ခုံရှေ့ ကျောက်ပြင်ထက်ဝယ် သနပ်ခါးသွေးနေရင်းမှ ခင်ကြည်တင့်သည် မောင်တင်ရှိန်ပြောသမျှ စိတ်အေးလက်အေး ပြန်ဖြေနေမိ၏။

"လိုတာပေါ့ မမတင်ရဲ့. . မောင့်ဘဝက သကြားလုံးတစ်လုံးကို နှစ်ယောက်အတူ တစ်လှည့်စီစားနေရတဲ့ကလေးတွေလိုဖြစ်နေပြီ. . မမတင့်ကို မောင်တစ်ယောက်တည်းပဲ ပိုင်ချင်ဆိုင်ချင်တယ်"

"ဒါတော့မဖြစ်နိုင်ဘူးမောင်. . ဘာဖြစ်လို့လဲဆိုတော့ မောင့်ကိုချစ်တာဟာချစ်တာပဲ. . ယောကျ်ားတစ်ယောက် အနေနဲ့ အားကိုးလောက်တဲ့ အလုပ်အကိုင်မယ်မယ်ရရ မောင့်





မှာ မရှိဘူး. . မောင်နဲ့ နှစ်ယောက်အတူနေကြရင် ထမင်းရည် အတူလျက်ရမယ့်ပုံစံနဲ့တော့ မဖြစ်နိုင်ဘူးမောင်. . ပြီးတော့ ဦးမြညိုဟာ မမတင့်အပေါ်မှာ လင့်ဝတ္တရား ဘာမှမပျက်ကွက်ခဲ့ဘူး. . ဒီတော့ သူ့ကို စိမ်းစိမ်းကားကားပစ်မထားခဲ့ရက်ဘူး"

"ဩော်. . မမတင့်က ဒီလိုလား. . မမတင့်ဘက်က ဖြတ်သားတော့လည်း မောင့်ဘက်ကလည်း ပြတ်သားရတော့မှာပေါ့. . ဒီမှာကြည့်စမ်း မမတင့်. . မောင်ခေါ်ရာမလိုက်ဘူး ဆိုရင် ဟောဒီ သံစူးချွန်နဲ့ မမတင့်ကိုအသေသတ်ပြီးမှ မောင် ဒီနေရာကပြန်မယ်. . ဒီတော့ အသက်မသေချင်ရင် မမတင့် မောင်ခေါ်ရာလိုက်ခဲ့. . ဒါပဲ"

မောင်တင်ရှိန်၏ရာဇသံကြောင့် ခင်ကြည်တင့် ဈက်လုံးပြူးရချေပြီ။ လင်ကြီးငတ်တုတ်ရှိပါလျက် မမြင်ကွယ်ရာတွင် လင်ငယ်နှင့် ဖောက်ပြန်မိသော ခင်ကြည်တင့်၊ လှေကြီးပေါ်တွင် လှေငယ်တင်၍ အချစ်ရေယာဉ်ကြောမျှောမိခဲ့သော ခင်ကြည်တင့်၊ ယခု အချစ်မုန်တိုင်းထန်ထန်အကြားဝယ် ပွဲစင်တ ယှဉ်၍ လှိုင်းတို့ကလည်း အရှိန်ပြင်းစွာ ပုတ်ခတ်လာချေပြီ၊ ကမ်းမမြင် လမ်းမမြင် အချစ်ပင်လယ်ပြင်ကျယ်ဝယ် ခင်ကြည်တင့်တစ်ယောက် ဘယ်သောင်ဘယ်ကမ်းဆိုက်ကပ်ရမည်မှန်းမဆုံးဖြတ်နိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြည်တင့်သည် မောင်တင်ရှိန်၏လက်တွင်းမှ သံစူးချွန်ကို အထိတ်တလန့်ကြည့်ရင်း အရဲစွန့်၍ ပြောလိုက်မိသည်။

"မောင်က သတ်ရဲရင် မမတင့် သေဝံ့ပါတယ်"

"တကယ်လားမမတင့်. . ဒါဆိုလည်း မထူးပါဘူး. . ကဲ. . ရော့. ."

'စွပ်' ခနဲ အသံနှင့်အတူ သံစူးချွန်သည် ခင်ကြည်တင့်နှလုံးသားရင်နှစ်မှာအတွင်း စူးနစ်ဝင်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ခင်ကြည်တင့်၏နှုတ်ဖျားမှ 'အင့်' ခနဲ ညည်းညူသံတိုးတိုးညင်းညင်း ထွက်ပေါ်လာလျက် ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ကြမ်းပြင်ပေါ်သို့ ခွေခနဲလဲကျသွားတော့၏။

မောင်တင်ရှိန်သည် ခင်ကြည်တင့်၏ရင်အုံပေါ်မှ ထွက်လာသော သွေးအနည်းငယ်ကို ခင်ကြည်တင့်၏အနီးအနားမှ ချွေးခံအင်္ကျီတစ်ထည်ဖြင့်သုတ်လိုက်ပြီး ထိုအင်္ကျီကို လုံခြုံစိတ်ချရသော နေရာတစ်ခုတွင် တိတ်တဆိတ်ဝှက်ထားလိုက်ကာ အခင်းဖြစ်အရပ်မှ လျင်မြန်စွာထွက်ခွာလျက် မိမိ၏အိမ်သို့ ဟန်မပျက်ပြန်လာခဲ့တော့၏။

■



အဖြစ်အပျက်က အဲဒါပဲပေါ့ဗျာ။ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး မောင်တင်ရှိန်က ကျုပ်မိန်းမကိုပေးခဲ့ဖူးတဲ့ ရည်းစားစာတစ်စောင်ကို ခြံထဲကအိမ်သာအမိုးကြားမှာ ရဲတွေက သဲလွန်စအဖြစ် ရှာတွေ့ခဲ့ရာက မောင်တင်ရှိန်ကို တရားခံအဖြစ် စုံစမ်းစစ်ဆေးပေါ်ပေါက်ခဲ့တာပဲဗျို့. . ။

ခင်ဗျားတို့လည်း ကျုပ်လိုမဖြစ်ကြရအောင် မိန်းမများယူမယ်ဆိုရင် ကိုယ်နဲ့ အသက်အရမ်းကွာတဲ့ မိန်းမငယ်ငယ်ကလေးတွေ မယူကြနဲ့ဗျို့။

မိန်းမငယ်ငယ်ကလေးယူမိတဲ့ကျုပ်ဟာ မိန်းမတစ်ယောက်ရဲ့ လိုအင်ဆန္ဒ ပြီးပြည့်စုံအောင် မဖြည့်ဆည်းနိုင်ရာက အစပြုပြီး နောက်မီးလင်းတဲ့ ကျုပ်မိန်းမကြောင့် အခု ပြဿနာကြားထဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲကြုံရတာ ခင်ဗျားအမြင်ပဲ။ ကဲ. . ကဲ. . ကျုပ်သွားမယ်ဗျို့. . ။

ဦးမြညိုသည် အချုပ်ခန်းအတွင်းမှအဖော်အား နှုတ်ဆက်ရင်း ပေါ့ပါးသွက်လက်သောခြေလှမ်းများဖြင့် ရဲစခန်းအတွင်းမှ ထွက်ခွာသွားပါတော့သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# ချုံပုတ်ထဲက ဆူညံသံကြီး

မောင်ဆွေ (တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

## ချုံပုတ်ထဲက ညည်းသံကြီး

"သိန်းဆွေကြီးရေ. . ငါတို့ ညတုန်းက တစ်ညလုံး မအိပ်ရပါဘူးဟယ်. . တို့မိတ်ဆွေလင်မယားပေါ့. . သူတို့အိမ်နားကကောင်ကလေး ညတုန်းကပျောက်လို့ လိုက်ရှာကြတာ. . ဆေးရုံဟောင်း လမ်းဘေးအမှောင်ထဲမှာ သူများရိုက်ထားတာနဲ့တူပါတယ်. . ဒဏ်ရာတွေနဲ့တွေ့လို့ ဆေးရုံပို့တာ သေသွားပြီတဲ့. . အဲဒါ တစ်ညလုံး ရုတ်ရုတ် ရုတ်ရုတ်နဲ့ပဲဟယ်. . ငါတို့ဆီကိုလည်းလာတာနဲ့ တို့ပါ ဆေးရုံလိုက်သွားရတယ်. . အိပ်ရေးတွေပျက်တာပေါ့"

ဟု ညည်းညည်းညူညူနှင့် ဆရာကတော်သည် ညတုန်းကအဖြစ်အပျက်များအား ကျွန်တော့်ကို တစ်ဆင့်ပြန်၍ ဖောက်သည်ချနေပါတော့သည်။





ကျွန်တော့်ဆရာ၏မိတ်ဆွေဆိုသည်မှာ ဗေယျာခင်ဦး ၌နေသည့် ကုန်းလမ်းပို့ဆောင်ရေးမှ ယာဉ်မောင်းတစ်ဦးဖြစ်ပြီး ကျွန်တော်၏ဆရာမှာ ပြည်တော်သာရိပ်သာ၌နေပြီး သူလည်း ကုန်းလမ်းပို့ဆောင်ရေးမှ စက်ပြင်ဝန်ထမ်းတစ်ဦးဖြစ်သည့်အားလျော်စွာ ခင်မင်ရင်းနှီးသူများဖြစ်၍ ညက လူပျောက်ရှာရာ၌ အကူအညီတောင်းခြင်းဖြစ်ပေမည်။

ဘာပဲပြောပြော ကျွန်တော့်အတွက်တော့ သတင်းတစ်ပုဒ်ရပြီဖြစ်၍ အမှတ် (၁) ရဲစခန်းသို့ပြေးလာခဲ့၍ စာရေးကြီး ဦးမောင်ကိုထံ အကျိုးအကြောင်းမေးလိုက်ပြီး တိုင်ချက်ကို ကူးယူလိုက်သည်။

တိုင်ချက်မှာ ရထားတစ်စင်းစင်းပေါ်က လိမ့်ကျခဲ့ဟန်တူသော အမည်မသိလူတစ်ယောက်အား ညအမှောင်ကြီးအတွင်း ညည်းညူနေသံကြား၍ ရပ်ကွက်ရယကလူကြီးများနှင့် ဝိုင်းဝန်းရှာဖွေကြရာ ရထားလမ်းနံဘေး ချုံပုတ်များပေါ်တွင် လဲကျလျက်တွေ့ရပြီး ဒဏ်ရာများရထား၍ ရယကလူကြီးများကိုယ်တိုင် ဆေးရုံပို့ခဲ့ပြီး အခင်းဖြစ်ရပ်ကို ရဲစခန်းသို့ အကြောင်းကြားသတင်းပို့ခဲ့သည်ဟုဆို၏။ ထိုလူနာမှာ ည (၁) နာရီခန့်တွင် ဆေးရုံ၌ ဆုံးသွားသဖြင့် သေမှုသေခင်း အမှတ် (   ) အရ



www.burmeseclassic.com

www.burmeseclassic.com



အရေးယူဆောင်ရွက်ထားရှိသည်ဟုသာ ရေးသားဖော်ထုတ်ပြထားသည်ကို တွေ့ရှိခဲ့ရသည်။

တိုင်ချက်သတင်းကို ကူးယူခဲ့ပြီး အခင်းဖြစ်ပွားရာဒေသ ရပ်ကွက်ရယကဥက္ကဋ္ဌ ဦးဝင်းရီထံ ကျွန်တော်သွားရောက်တွေ့ဆုံ၍. .

"ဥက္ကဋ္ဌကြီးရေ ကျွန်တော် မှခင်းသတင်းထောက်ပါ. . ညက ကိစ္စကလေး ပြည့်ပြည့်စုံစုံသိချင်လို့ ကျေးဇူးပြုပြီး ကူညီပြောပြပါလား"

"ဪ. . နာမည်က ဘယ်လိုခေါ်သလဲ"

"သိန်းဆွေပါ"

"လာ. . အဲဒီနေရာကို ကျွန်တော် လိုက်ပို့ပေးမယ်. . သွားရင်း စကားပြောကြတာပေါ့"

ဥက္ကဋ္ဌခေါ်ရာနောက်သို့ ကျွန်တော် လိုက်ခဲ့သည်။ ဦးဝင်းရီမှာ ကျွန်တော့်ကို စိတ်ရှည်ရှည်ဖြင့် တစ်လမ်းလုံး ကျွန်တော်သိလိုသမျှကို ပြန်လည်ဖြေရှင်းပြောပြ၏။

"ညတုန်းက (၇) နာရီခွဲလောက်မှာပေါ့. . ခင်ဇော်မိုက်တို့အိမ်က သူတို့အိမ်ရှေ့ ရထားလမ်းဘေး မြောင်းပုတ်ထဲက ညည်းသံကြီးကြားနေရတယ်ဆိုပြီး လာပြောတာနဲ့ ကျွန်တော်ရယ်၊





အဖွဲ့ဝင်ဦးမှူရယ် လိုက်ကြည့်ကြတယ်. . ဒီနေရာပဲ ဒီဗာဒံပင်ကြီးအောက်မှာ သူ့ကိုတွေ့ရတာ. . အနောက်ဘက်ကို ခေါင်းပြုပြီးလဲကျနေတာ"

ဦးဝင်းရီ လက်ညှိုးထိုးပြရာသို့ ကျွန်တော် ကြည့်လိုက်မိသည်။ အဲခင်းဖြစ်အရပ်မှာ ဗာဒံပင်ကြီး (၃) ပင် ရထားလမ်းနှင့်ယှဉ်လျက် စီတန်းပေါက်နေကြသည်။ မြောက်ဘက်ဆုံးအပင်ခြေရင်းနှင့် မလှမ်းမကမ်း၌ မြုံနွယ်များမှာ ပိပြားနေသည်။ ညက ဒဏ်ရာများနှင့် တွေ့ခဲ့ရသည်ဆိုသော လူနာလူးလှိမ့်ခဲ့ဟန်တူသည်။ အခင်းဖြစ်အရပ်ကို ကျွန်တော် မှတ်တမ်းတင်ဓာတ်ပုံ များ ရိုက်ယူလိုက်သည်။

"သူနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌ ဘာများထပ်သိသေးလဲ"

"ဒီအိမ်ကလူတွေ ပြောတာကတော့ ရထားပေါ်ကလိမ့်ကျခဲ့တာနဲ့တူတယ်တဲ့. . ဘာလို့လဲဆိုတော့ ဒီကိစ္စမဖြစ်ခင်ရထားတစ်စီး ဖြတ်သွားသေးတယ်လေ. . အဲဒီနောက်မှ ဒီလူညည်းသံကြီးကို ကြားရတာ. . ပြီးတော့ ဘယ်ကလူမှန်းလည်းမသိကြဘူး. . ခရီးသည်ဖြစ်ဖို့လည်း များပါတယ်"

ရဲစခန်းနှင့် (၇)ရပ်ကွက်ဥက္ကဋ္ဌပြောပြသော သတင်းစကားမှာ အတူတူပင်ဖြစ်နေပြီး ကျွန်တော်သိလာသောသတင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် အတော်အတန်ကွဲလွဲနေသည်။ သို့သော် ရဲများကတော့ ဤအတိုင်း လက်ပိုက်ကြည့်နေမည်မဟုတ်။

အမှန်တရား ပေါ်ပေါက်အောင်တော့ သူတို့ဆက်လုပ်ကြပေလိမ့်မည်။ ကျွန်တော့်တာဝန် ကျွန်တော့်အလုပ်မှာ သက်ဆိုင်ရာမိခင်ဌာနသို့ သတင်းအချိန်မီပို့နိုင်ရေးပင်။ သို့ပါသော်လည်း အခြားသောအမှုများနှင့်မတူ တမူထူးခြားကွဲလွဲနေသော ဤအမှုကို ကျွန်တော် ပို၍ အလေးထားမိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရဲစခန်းနှင့် ရပ်ကွက်ရယကများအသိုင်းအဝိုင်း၌ 'ရထားလမ်းနံဘေးတွင် လူတစ်ယောက် ရထားပေါ်က ဆိမ့်ကျခဲ့တယ်' ဟူသာ သတင်းပျံ့လွင့်နေပြီး မြို့ထဲရွာထဲ၌မူကား 'ညက ရထားလမ်းနံဘေးမှာ လူတစ်ယောက် အသတ်ခံရလို့တဲ့' ဟူသောသတင်းစကားမှာ မကြေညာဘဲနှင့် တောမီးပမာ တမဟုတ်ချင်း ပျံ့နှံ့လျက်ရှိနေချေပြီ။

လုပ်သင့်လုပ်ထိုက်သမျှတို့ကို ပြီးပြည့်စုံအောင် လုပ်ဆောင်ပြီး ဥက္ကဋ္ဌကို နှုတ်ဆက်၍ အခင်းဖြစ်အရပ်မှ ထွက်ခွာလာခဲ့သည်။

■



သေမှုသေခင်းနှင့်ပတ်သက်၍ ချုပ်ထဲက ညည်းသံကြီးခေါင်းစဉ်ဖြင့် မိခင် မှုခင်းသတင်းဂျာနယ်တိုက်သို့ ဆက်သွယ်သတင်းပို့လိုက်ပြီး ကုန်းလမ်းပို့ဆောင်ရေးဌာနဝန်ထမ်းများကို လာကြိုသောဖယ်ရီ (အလုပ်သမားကြိုပို့) မော်တော်ယာဉ်ဂိတ်ရှိရာကုန်တိုက်ရှေ့သို့ ကျွန်တော် ရောက်လာခဲ့သည်။

"ဟဲ့. . ဝင်းစိုးကိစ္စက ပစ္စည်းတွေပါသွားတယ်တဲ့. . စက်ဘီးလည်း ပြန်မရသေးဘူးတဲ့. . အခုအချိန်အထိ ဘာမှမထူးခြားသေးဘူး"

ကားရပ်စောင့်နေရာနေရာသို့ ရောက်သည်နှင့် ဆည်မြောင်းဝန်ထမ်းအမျိုးသမီး (၄) ယောက် ပလက်ဖောင်းပေါ်အကျအနထိုင်ရင်း အာဘောင်အာရင်းသန်သန်ဖြင့် ပြောလိုက်သောစကားသံအချို့ ကျွန်တော့်နားထဲ ခုန်ပေါက်ဝင်ရောက်လာကြသည်။

သတင်းထောက်ပီပီ စပ်စပ်စုစုလုပ်ရန်အတွက် ထိုအမျိုးသမီးများအနီး ယောင်ပေယောင်ပေနှင့် ကပ်သွားလိုက်သည်။ ကုန်းလမ်းဌာနမှ ကာစီးနေသူအဖြစ်၊ ကုန်းလမ်းဌာနမှ ဝန်ထမ်းတစ်ဦးအဖြစ် သိထားကြသော သူတို့အဖို့ ကျွန်တော့်ကို အရေးမလုပ်။ သူတို့စကားကိုသာ ဆက်ပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေက ပြောတယ်တဲ့.. နာရီတွေ့တဲ့သူကိုသာ နိုက်စစ်လိုက်ရင် ဝင်းစိုးကိုသတ်တဲ့လူပေါ်မှာတဲ့"

ခေါင်းတုံးနှင့် ကောင်မလေးကပြောသည်။ အားလုံး ထဲတွင် မျက်နှာက ပြုံးပြုံး ပြုံးပြုံးနှင့် စကားပြောလည်း အသွက် ဆုံးဖြစ်သည်။ ထို့ကြောင့် သူတို့စကားဝိုင်းထဲ ကျွန်တော် ဝင်ရော လိုက်သည်။

"ရထားလမ်းဘေးကကိစ္စပေါ့"

"ဟုတ်တယ်"

ခေါင်းတုံးနှင့် ကောင်မလေးက သွက်လက်စွာ ပြန် ပြောသည်။

"သူက ခင်များတို့ဌာနကလား"

"ဟုတ်တယ် စက်ကြီးမောင်းတယ်လေ"

"ဪ.. စက်ကြီးမောင်းလား.. ဒါနဲ့ သူများတွေ ပြောတော့ ခရီးသွားတာဆို"

"မဟုတ်ပါဘူး.. ကျွန်မတို့ဌာနကို တခြားနယ်က ပြောင်းလာတာ မကြာသေးဘူး"

ကျွန်တော် သိလိုသောအကြောင်းအရာက လုံလောက် သွားပေပြီ။ သေသူအမည် ဝင်းစိုး၊ ဆည်မြောင်းဦးစီးဌာနမှ





စက်ကြီးမောင်းဝန်ထမ်း၊ မှတ်သင့်သမျှအရာအားလုံး ဦးနှောက် ထဲတွင် ဓာတ်ပုံရိုက်ထားသည့်အလား စွဲထင်နေအောင် မှတ် သားလိုက်သည်။ ထိုအခိုက်...

"ဟေ့.. သိန်းဆွေ.. မင်း ဖယ်ရီ မမီဘူးလား"

ကပရမှ စာရေးဝန်ထမ်းတစ်ဦးဖြစ်သူ ကို...မှ ကျွန်တော့်အားလှမ်းမေးရင်း ကျွန်တော်တို့ရှိရာ လျှောက်လာ ပါသည်။

"ဟုတ်တယ် အစ်ကိုရ.. ဖယ်ရီမမီလို့ ဘာဆက်လုပ် ရမှန်းမသိတော့ဘူး.. ကိစ္စမရှိဘူး.. ဒီကနေ့ မသွားတော့ ဘူး.. အစ်ကိုကရော ဘာနဲ့သွားမလဲ"

"ငါ လိုင်းကားနဲ့သွားမယ်"

ထိုသို့ စကားပြောနေကြခိုက် ဆည်မြောင်းဌာနမှ ဝန် ထမ်းကြိုပို့ကားဆိုက်လာသဖြင့် ဆည်မြောင်းဦးစီးဌာနမှ အမျိုး သမီးကလေးများ ကားပေါ်တက်သွားကြပြီး လူစုံသည်နှင့် ကား မှာ မောင်းထွက်သွားတော့သည်။ ထိုနည်းတူစွာ ကျွန်တော်နှင့် စကားပြောနေသူ ကပရမှ စာရေးသည်လည်း လိုင်းကားစီးရန် ကျွန်တော့်ကို နှုတ်ဆက်ပြီး ထွက်သွားပြီးဖြစ်၍ ကျွန်တော် အမှတ် (၁) ရဲစခန်းဘက် ခြေဦးလှည့်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သေမှုသေခင်းနှင့်ပတ်သက်၍ ရဲများ၏ စုံစမ်းတွေ့ရှိချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံသို့ တင်ပြအစီအရင်ခံခဲ့ရာ အခင်းဖြစ်ပွားသည့် ကိစ္စရပ်မှာ လူတစ်ဦးတစ်ယောက်၏ အဆင်အခြင်ကင်းမဲ့စွာ ပြုလုပ်မှုကြောင့် သေဆုံးရခြင်းဖြစ်နိုင်ဖွယ်ရှိ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၄) ဖြင့် အမှုဖွင့်၍ အမှုမှန်ပေါ်ပေါက်ရေး တရားခံဖမ်းဆီးရမိနိုင်ရေးတို့အတွက် အမြန်ဆုံးဆောင်ရွက်ပါရန် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ညွှန်ကြားလာသဖြင့် သေမှုသေခင်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၄)ဖြင့် အမှုဖွင့်ပြီး စခန်းမှူးကိုယ်တိုင် အမှုစစ်အရာရှိအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသဖြင့် ထိုကိစ္စအတွက် စခန်းမှူးနှင့်တွေ့ဆုံပြီး သတင်းထုတ်ပြန်နိုင်ရန် ကျွန်တော် ကြိုးပမ်းအားထုတ်လိုက်သည်။

"ဆရာ. . သေမှုသေခင်းနဲ့ပတ်သက်ပြီး ချုပ်ထဲက ညည်းသံကြီးခေါင်းစဉ်နဲ့ ကျွန်တော် သတင်းပို့လိုက်ပြီဆရာ. . အခု မြို့နယ်မှူးရုံးက ညွှန်ကြားချက်နဲ့ ကျွန်တော် ပတ်ဝန်းကျင်မှ စုံစမ်းလို့ရတာနဲ့ ကိုက်ညီနေတယ်. . ပတ်ဝန်းကျင်က လူတွေကလည်း သေတဲ့လူဟာ ဝန်ထမ်းတစ်ဦးဖြစ်နေတာရယ်၊ သူ့မှာပါသွားတဲ့စက်ဘီး ပြန်မတွေ့သေးဘူးဆိုတာရယ်





အကြောင်းပြုပြီး ဒီအမှုကို အလွန်စိတ်ဝင်စားနေကြတယ်. . ဒါကြောင့် ရဲတွေ အလုပ်လုပ်နေတယ် ဆိုတာရယ်. . အမှုရဲ့ အခြေအနေမှန်ရယ်. . စိတ်ဝင်စားနေတဲ့သူတွေ ပိုပြီးအာရုံစိုက်လာအောင် ချုပ်ထဲက ညည်းသံကြီးနဲ့ နောက်ဆက်တွဲအဖြစ် ချုပ်ထဲကညည်းသံကြီး လှုပ်ရှားလာပြီလို့ ခေါင်းစဉ်တပ်ပြီး သတင်းကွင်းဆက် မပြတ်အောင် ကျွန်တော် သတင်းပို့ချင်တယ်"

"နေဦး သတင်းထောက်ကြီးရဲ့ စိတ်နည်းနည်းရှည်လိုက်ပါ. . မကြာခင် တရားခံမိမှာပါ. . အဲဒီကျမှ တရားခံဓာတ်ပုံရော၊ သတင်းပြည့်ပြည့်စုံစုံရော ထည့်လိုက်တော့ ပိုကောင်းတာပေါ့. . ဟုတ်တယ် မဟုတ်လား"

"အဲဒါကတော့ အကောင်းဆုံးပေါ့ ဆရာရယ်. . ဒါပေမဲ့ ခုဟာက သေမှုသေခင်းနဲ့တင်ပဲ အမှုကိုရပ်သွားပြီ. . ရဲတွေ ဘာမှ အစွမ်းအစမရှိဘူးလို့ လူတွေက ဝေဖန်နေကြလို့ ကျွန်တော်က ရဲတွေ အလုပ်လုပ်နေတယ်၊ သေမှုသေခင်းကနေ ပုဒ်မ (၃၀၄) နဲ့ အမှုဖွင့်ပြီး စုံစမ်းထောက်လှမ်းနေပြီဆိုတာလေး ဖော်ပြချင်လို့ပါ"

စခန်းမှူးကို ကျွန်တော်ထပ်၍အတွန့်တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါသတင်းထောက်ကြီး. . ဒီအမှု မကြာခ
ပေါ်မှာပါ. . တရားခံလည်း သေချာပေါက်မိစေရမယ်"

"ဒီလိုဆိုရင်လည်း အဲဒီကျမှပဲ သတင်းယူတော့မယ်
ဆရာ. . ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဟုပြောရင်း ခပ်ပြုံးပြုံးကလေး စခန်းမှူးကိုကြည့်၍
နှုတ်ဆက်ခွင့်ပန်လိုက်သည်။

"ကောင်းပါပြီဗျာ"

စခန်းမှူးသည် ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်၍ ခွင့်ပြ
စကားဆိုလိုက်သည်။

နှစ်ယောက်သား အပြန်အလှန်ကြည့်၍ ပြုံးသော
အမိပ္ပာယ်များကား မတူကြ။ ကျွန်တော့်အပြုံးကား အမှုနှင့်ပတ်
သက်၍ မျက်မြင်သက်သေ၊ ပတ်ဝန်းကျင်အနေအထား၊ ကာလ
အပိုင်းအခြားတို့မှာ တရားလိုဘက်မှ လွန်စွာအားနည်းလျက်
ပြီး စခန်းမှူးမှ 'တရားခံကို မကြာခင်မိစေရမယ်'၊ 'အမှုမှ
မကြာခင် ပေါ်စေရမယ်' ဆိုသော စကားများတို့ 'ဟုတ်မှ ဟုတ်
ပါ့မလား ဆရာရယ်' ဟူသော၊ အမေးဖြင့်ကြည့်၍ စိတ်ထဲမှ
ပြီး ပြုံးကြည့်ခဲ့ခြင်းဖြစ်သကဲ့သို့ စခန်းမှူးမှလည်း ကျွန်တေ
အား 'သိပ်သေချာတာပေါ့' ဟူသောအဖြေပါသည့်အဓိပ္ပာယ်နှ
အောင်နိုင်သူပမာ ပြုံးပြုံးကြီးပြန်ကြည့်ခဲ့ခြင်းဖြစ်ပါသည်။





မြွေမြွေချင်းခြေမြင်သကဲ့သို့ စခန်းမှူး၏ရင်တွင်းမှ
အဖြေအား ကျေနပ်အားရစွာ လက်ခံယူ၍ ကျွန်တော်အိမ်ပြန်
လာခဲ့သည်။

'တရားခံမိပြီ'

ဝင်းစိုး အသတ်ခံရမှုနှင့်ပတ်သက်၍ အမြဲမပြတ်
လေ့လာနေသော ကျွန်တော့်ထံသို့ သတင်းစကားရောက်လာ
သဖြင့် အချိန်ကာလတို့ကို လက်ချိုးရေတွက်လိုက်သည်။
အခင်းဖြစ်ပွားရက်မှ ယနေ့ တရားခံပေါ်သည့်အချိန်အထိ
ရက်ပေါင်းတစ်ရာ့တစ်ရက်တိတိ။ ပျောက်သောသူ ရှာလျှင်
တွေ့၊ သေသောသူ ကြာလျှင်မေ့ ဆိုသော်လည်း အခြားသူတွေ
မေ့သည် မမေ့သည်ကို ကျွန်တော်မသိ။ စခန်းမှူးနှင့် ကျွန်တော်
တတော့ သေသူဝင်းစိုးကို မမေ့ခဲ့။ စခန်းမှူးမှာ အမှုမှန်ပေါ်
ပေါက်ရေးအတွက် အားသွန်ခွန်စိုက် တစ်စိုက်မတ်မတ် သေသူ
ဝင်းစိုးနှင့်ပတ်သက်သမျှ စုံစမ်းထောက်လှမ်းနေရသောကြောင့်
သေသူဝင်းစိုးကို မမေ့နိုင်သကဲ့သို့ ဝင်းစိုး မည်သို့သေဆုံးရသည်၊
မည်သူ့လက်ချက်ကြောင့်ဖြစ်သည် အစရှိသည်တို့ကို သိလိုကြ
သော ဝင်းစိုးနှင့်ပတ်သက်သူ အသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံ
ထစ်ဝှမ်းလုံးမှ မှုခင်းဂျာနယ်ပရိသတ်အားလုံးအတွက် သတင်း



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြန်နိုင်ရေး ကျွန်တော့်မှာ ရတက်မအေးရသဖြင့် ဝင်းစိုးထံ ကျွန်တော် မေ့မရနိုင်ခဲ့။ ထို့အတူ 'ပျောက်သောသူ ရှာလျှင်တွေ့' ဆိုသော စကားအရ ခြေရာပျောက်နေသော တရားခံအား သက်သေခံပစ္စည်းနှင့်အတူ ရှန်းထွက်၍မရနိုင်သော အထောက်အထားခိုင်ခိုင်မာမာတို့နှင့် ရှာဖွေတွေ့ရှိသွားကြလေပြီ။

■

"ဆရာ.. ဝင်းစိုးနဲ့ပတ်သက်တဲ့သကင်းကလေး.."

"ဩော်.. သတင်းထောက်ကြီး.. လာပါ.. ထိုင်ပါ.. ဟဲ.. ဟဲ.."

စခန်းမှူးသည် အောင်နိုင်သူပီပီ ဝင့်ကြွားဖော်ရွှင်စွာနှင့် ကျွန်တော့်စကားမဆုံးမီပင် ထိုင်စရာနေရာညွှန်ပြပြီး ကြိုဆိုလိုက်သည်။

"ဝင်းစိုးသေတာနဲ့ပတ်သက်ပြီး အစအဆုံး သိချင်တာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဖြစ်က ဒီလိုဗျ"

■



"အစ်မ ကျွန်တော် အောင်သိဒ္ဓိကုန်းဘက် ပုတီးသွားစိပ်လိုက်ဦးမယ်"

"ဟဲ့.. နင့်ဟာက အစောကြီးရှိသေးတယ်"

"အို.. အစ်မကလည်း ဟိုဘက်သူငယ်ချင်းတွေဆီလည်း ဝင်စရာရှိသေးလို့ပါ"

"အေး.. ဒါဆိုလည်း ပြီးရော.. ဟဲ့.. ထီးယူသွားရဲ့လား.. မိုးရွာရင် ဆောင်းရအောင်"

"ပါပါတယ် အစ်မရဲ့.. ဒီမှာ ခါးကြားမှာ"

"ဘုတ်.. ဘုတ်"

ဝင်းစိုးသည် အစ်မဖြစ်သူ မခင်အုံးမြင့်အား ခါးကြားတွင်ကိုးလားသော ခေါက်ထီးကို ဟန်ပါပါနှင့်ပုတ်ပြရင်း စက်ဘီးကိုစီးနင်း၍ ထွက်ခွာလာခဲ့သည်။

"ဟေ့ကောင် ဘယ်လဲ"

စက်ဘီးနှင့်ကပ်ရှောင်နိုက် လမ်းတွင်တွေ့ရသော လူ (၂) ယောက်မှ ဝင်းစိုးအား မေးလိုက်သည်။

"ဟာ.. ငပျော့နဲ့ မြင့်စန်းပါလား.. ငါ အောင်သိဒ္ဓိကုန်းဘက်သွားမလို့"

"အံမယ်.. တယ်ဟုတ်နေပါလား.. မင်းနဲ့ငါတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



မတည့်ပါဘူးကွာ. . ငါတို့က စံပယ်ဦးသွားမလို့. . လိုက်မလား"

ငပျော့မှ ခေါ်၏။

"ဟော့ကောင်တွေ နှစ်ခါမခေါ်နဲ့နော်"

"ဟား. . ဟား. . ဟား"

ဝင်းစိုးအပြောကြောင့် အားလုံး သဘောကျပြီး သုံးယောက်သား ဝိုင်းရယ်ကြ၏။

ဤသို့ဖြင့် စံပယ်ဦးအအေးဆိုင်တွင် ဝင်းစိုး၊ ငပျော့၊ မြင့်စန်းတို့ (၃) ဦး အင်အားဖြည့်လိုက်သဖြင့် စံပယ်ဦး၏ ညနေခင်းကလေးမှာ ပိုမိုစိုပြည်သွားသည်။

"၆ နာရီတောင် ထိုးတော့မယ်ကွ. . ငါ မြင့်နိုင်တို့အိမ် သွားဦးမယ်"

ဝင်းစိုးစကားကြောင့် ငပျော့နှင့် မြင့်စန်းတို့ ယခုမှ အချိန်ကိုသတိပြုမိသွားကြသည်။

"ဟုတ်သားပဲ. . သွားလေ. . တို့လည်း ပြန်ဦးမှဖြစ်မယ်"

သို့နှင့် (၃) ယောက်သား လမ်းခွဲပြီး စံပယ်ဦးမှ အလျှိုအလျှိုပြန်ထွက်လာကြသည်။

■



"မြင့်နိုင်ရေ. . မြင့်နိုင်"

"ဟော. . ဝင်းစိုး. . လာလေကွာ တီဗီကြည့်ရအောင်"

"မကြည့်ချင်ပါဘူးကွာ. . မင်းနဲ့စကားပြောရအောင်လို့"

"အေး. . လာလေကွာ. . . တီဗီကြည့်ရင်းလည်း စကားပြောလို့ရတာပဲ"

မြင့်နိုင်၏ ဖွတ်ခေါ်နေမှုကြောင့် ဝင်းစိုးသည် အိမ်ထဲဝင်ပြီး တီဗီကြည့်ချင်စိတ်မရှိသော်လည်း မြင့်နိုင်နှင့် စကားပြောရင်း တီဗီကြည့်နေလိုက်သည်။

"ပြန်တော့မယ်ကွာ"

"ဟင်. . မင်းဟာကလည်း. . မင်းလာတာ (၇) နာရီလောက်က ဒီရောက်တယ်. . အခုမှ (၇) နာရီကျော်ကျော်ပဲရှိသေးတယ်. . ပြန်တော့မယ်ဆိုတော့"

"ငါ နေ့ခင်းကတည်းက အိမ်ကထွက်လာတာကွ. . အခု မိုးချုပ်နေပြီ. . တော်ကြာ စိတ်ပူပြီး လိုက်ရှာနေကြဦးမယ်"

"အေး. . ဒါဆိုလည်းပြီးရော မင်းသဘော"

ဝင်းစိုးသည် ဆေးရုံယောင်းလမ်းအတိုင်း စက်ဘီးကို



www.burmeseclassic.com

www.burmeseclassic.com



နင်းလာပြီး တာဒ်ပင်ကြီးများအနီးအရောက် စက်ဘီးကိုရပ်၍ အောင်သိဒ္ဓိကုန်းပေါ်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

အောင်သိဒ္ဓိကုန်း။

တောင်ငူမြို့ပေါ်ရှိ ဘာသာရေးလိုက်စားသူ ဗုဒ္ဓဘာသာဝင်တိုင်း အောင်သိဒ္ဓိကုန်းကို မသိသူမရှိ။ တရားထိုင်၍ အကောင်းဆုံးနေရာ၊ ပုတီးစိပ်၍ အကောင်းဆုံးနေရာ၊ ဆိတ်ငြိမ်အေးချမ်းသော အနှောင့်အယှက်ကင်းမဲ့သောနေရာ သူတော်စင်တို့ မွေ့လျော်ရာနေရာဌာနအဖြစ် တောင်ငူမြို့တွင် ထင်ရှားကျော်ကြား၏။ ကုန်းတော်ပေါ်၌ စေတီငယ်ကစ်ဆူရှိပြီး ရွှေချထားသဖြင့် ကြည်ညိုဖွယ်ကောင်းလှ၏။ ဤစေတီတည်ရှိရာ ကုန်းတော်ပေါ်သို့ ဝင်းစိုးသည် အခါမလပ်လာရောက်၍ ပုတီးစိပ်ခဲ့၏။ ယနေ့မှ သူငယ်ချင်းများနှင့်တွေ့ပြီး ခတ်ပျက်ခဲ့ရသည်။

■

သံလမ်းကင်းစောင့်အလုပ် လုပ်ရသည်မှာ အလွန်ချောင်သည်ဟု ဖော်ကြီးထင်မိသည်။ နေချင်သလို နေလို့ရသည်။ နေ့ခင်း၌ လုပ်ချင်တာလုပ်ဖို့ အချိန်ရသည်။ ညကျမှ အရေးကြီးသည့်အလျှောက် ညအချိန် ကင်းတဲ၌ရှိနေလျှင် ပြီး





ရောဟုထင်မိခဲ့သည်။ ထို့ကြောင့်လည်း နေ့အခါ ကင်းတဲ၌ အမြဲမနေဘဲ ညကျမှသာ မှန်မှန်နေခဲ့သည်။ ယနေ့လည်း ထုံးစံအတိုင်း အပြင်မှာအလုပ်ရှိသည်ဟု အကြောင်းပြ၍ ဘဝတူကင်းသမားများအား ကင်းတဲတွင်ထားခဲ့ပြီး တစ်နေကုန် မြို့ထဲသွားနေလိုက်သည်။ ထိုနေ့ည (၇) နာရီလောက်မှ ကင်းတဲသို့ ပြန်လာခဲ့သည်။ ကင်းတဲရောက်တော့ ခဏနေလိုက်ပြီး. . .

"ကားရထားလာတော့မှာပဲ. . မီးရောင်မြင်နေရပြီ"

အဝေးဆီမှ မြင်ရသောမီးရောင်ကို မှန်း၍ ဖော်ကြီးပြောလိုက်သည်။ မီးရောင်သည် တဖြည်းဖြည်းနီးလာပြီး သံလမ်းကင်းတဲအနီးရောက်လာသည်။ ဟုတ်ပါသည်။ ဖော်ကြီးပြောသည့်အတိုင်းပင် ပျဉ်းမနားဘက်မှ ကားရထားဝင်လာခြင်းပင်။ ကားရထားသည် ဖော်ကြီးတို့ကင်းတဲရှေ့မှ အရှိန်ပြင်းစွာ ခုတ်မောင်းသွားပြီး အောင်သိဒ္ဓိကုန်းအနီးအရောက်တွင် အရှိန်နှေးသွားကြောင်း အသံကိုကြားရုံမျှနှင့် အားလုံး ခန့်မှန်းမိလိုက်ကြသည်။

"ကားရထားပေါ်က ပစ္စည်းချတယ်ထင်တယ်။ သွားကြည့်လိုက်ဦးမယ်"

ကားရထားပေါ်မှပစ္စည်းများချတိုင်း ပစ္စည်းစမ်းပိုး



www.burmeseclassic.com

www.burmeseclassic.com



၍ ငွေရှာလေ့ရှိသူ ဇော်ကြီးသည် မိမိနှင့်အတူ သံလမ်းကင်းစောင့်သူတို့အား ပြောပြီး အောင်သိဒ္ဓိကုန်းဘက်သို့ ထွက်သွားလိုက်သည်။

"ဟာ. . ကိုရှုရစ်တို့ပါလား. . ခင်ဗျားတို့ပစ္စည်းတွေလား. . ကျွန်တော်လိုက်ပို့ပေးမယ်"

ပစ္စည်းအထုပ်အပိုးများနှင့်လူနှစ်ယောက်ကို ကားရထားပေါ်မှ ဆင်းလာသည်ကို တွေ့လိုက်ရသဖြင့် ဇော်ကြီးမှ နှုတ်ဆက်လိုက်သည်။ ရှုရစ်ကိုသာသိပြီး အခြားတစ်ယောက်ကို ဇော်ကြီးမသိပါ။ သို့သော် ဒါက အဓိကမဟုတ်။ ကိုယ်အလုပ်ရရေးသာ အဓိကဖြစ်သည်။

"ဟုတ်တယ် ဇော်ကြီးရ. . လိုက်ပို့လေကွာ"

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံဆက်ဆံခဲ့တာကြာပြီဖြစ်၍ ဇော်ကြီးနှင့် ရှုရစ်ဆိုသူတို့ အလွယ်တကူ အဆင်ပြေသွားကြသည်။

ရရှစ်ကို ပစ္စည်းများလိုက်ထမ်းပို့ပြီး နဒီအရက်ဆိုင်တွင် အရက်ဝင်သောက်၍ ထောင်လမ်းအတိုင်း ဇော်ကြီးတစ်ယောက်တည်း ပြန်လာခဲ့သည်။ ဆေးရုံဟောင်းလမ်းအရောက် အောင်သိဒ္ဓိကုန်းဘက်သို့သွားရာလမ်းအတိုင်း ချိုးကွေ့ဆက်





လျှောက်လာခဲ့စဉ် ဇာဒံမင်ကြီးများအနီး လူတစ်ယောက် စက်ဘီးတစ်စီးနှင့်ရပ်နေသည်ကို တွေ့လိုက်ရသည်။

သည်နားတစ်ဝိုက်ကလူတွေကို ဇော်ကြီး မသိသူမရှိ။ ထို့အတူ ဇော်ကြီးကိုလည်း သည်နားတစ်ဝိုက်က အကုန်သိကြသည်။ အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း အစရှိသော မကောင်းမှုများနှင့် နာမည်ကြီးနေသူ (၃) မည်ရ ဇော်ကြီး (ခ) ဇော်ဝင်း (ခ) ဇော်မင်းမောင်ဟု နာမည်တွင်နေသူ လူမိုက်ဟူသော ဘွဲ့ထူးဂုဏ်ထူးအပေါ် အရက်ဟူသော ရဲဆေးတင်လိုက်သောအခါ ဇော်ကြီး ဘာကိုမျှမကြောက်တော့။ ထို့ကြောင့် အမှောင်ထုထဲမှလူအား စူးစမ်းရန် အနားကပ်လိုက်သည်။

"မင်း ဘယ်သူလဲ. . ဘယ်ကလဲ"

ဇော်ကြီးမှ မေးလိုက်သည်။

"မင်း ဘာလုပ်မလို့လဲ. . မင်းကကောဘာကောင်လဲ"

ရောင်းသူဝယ်သူ အသံတူကြ၏။ မူးမူးနှင့် မာကျောကျောမေးလာသူ ဇော်ကြီးအား ဝင်းစိုးမှ မူးမူးနှင့် ဘုဆတ်ဆတ်ပြန်မေးလိုက်သည်။

"ငါက တာဝန်အရ မေးတာကွ"

ဇော်ကြီးမှ ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတာဝန်လဲ. . ငါလည်း ဝန်ထမ်းပဲ. . မင်း ဘာဖြစ်ချင်သလဲ"

"ဖြစ်ချင်တာကတော့ ဒါပဲကွာ. . ကဲ"

ဇော်ကြီး၏ 'ကဲ'ဟူသောစကားအဆုံး လက်ပါသွားသဖြင့် ဝင်းစိုး လဲကျသွားသည်။ ဝင်းစိုးကလည်း မခေ။ တုံ့ပြန်တိုက်ခိုက်ရန်ကြိုးစား၏။ သို့သော် အရပ် ၅ ပေ ၈ လက်မခန့်ရှိပြီး တောင့်တင်းခိုင်မာသော၊ ကြမ်းတမ်းသွက်လက်သော၊ အသတ်အပုတ်ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သော သုံးမည်ရ ဇော်ကြီးကို ဝင်းစိုး မယှဉ်နိုင်။ ခဏကလေးနှင့် ပွဲပြီးသွားသည်။ ရေဝတ်တုန်း ရေတွင်းထဲကျဆိုသလို ငွေလိုနေသော ဇော်ကြီးအတွက် ဝင်းစိုး စက်ဘီးကို အဆင်သင့်ရလိုက်သည်။

မိုးတွင်းဖြစ်သည်ကတစ်ကြောင်း၊ ညအချိန်ဖြစ်သည်ကတစ်ကြောင်း လူနေအိမ်များမှာကျဲပါးပြီး လမ်းနှင့်အလွန်အလှမ်းဝေးစွာ ဆောက်လုပ်ထားမှုကြောင့် ယခုအဖြစ်အပျက်ကို ဘယ်သူမှမမြင်နိုင်။ အခြေအနေအားလုံး ဇော်ကြီးသုံးသပ်လိုက်သည်။ ရာသီဥတုက ကိုယ့်ဘက်မှာ ရှိနေပြီ။ ဇော်ကြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ဝင်းစိုးစက်ဘီးကို ယူလိုက်ပြီး လုံခြုံသောနေရာတစ်ခုဆီသို့။

■



ကြိုတင်တွက်ဆထားသည့်အတိုင်းပင် အမှတ် (၁) ရဲစခန်းမှရဲများ ဇော်ကြီးကို လာဖမ်းကြသည်။ ဇော်ကြီး မတုန်လှုပ်ပါ။ အချုပ်ထဲ မကြာခဏဝင်ဖူးနေပြီဖြစ်၍ ဒါမျိုးတွေ ရိုးနေပြီ။ ရဲဆိုတာ ကြောက်စရာမဟုတ်။ တရားဥပဒေသည် ကြောက်စရာမဟုတ်။ သက်သေမခိုင်လုံလျှင် ဘာမှလုပ်၍မရ။ ထောင်ထဲရောက်ဖူးနေသဖြင့် ထောင်ထဲမှရလာသော အတွေ့အကြုံမျိုးစုံသည် ဇော်ကြီးအတွက် နည်းပေးလမ်းပြများဖြစ်ခဲ့သည်။ မကြာခင် ပြန်လွှတ်ရမှာပါဟူသော အသိဖြင့် ရဲများခေါ်ရာနောက် အေးအေးဆေးဆေးလိုက်ခဲ့သည်။ ကိုယ့်ဘက်က ပိုင်နေပြီပဲ။

ဇော်ကြီး တွက်ဆချက်မှန်သွားသည်။ သက်သေဟူ၍ မည်မည်ရရမရှိ။ သက်သေခံပစ္စည်း စက်ဘီးကိုလည်း အစအန ရှာမရသဖြင့် အချိန်တန်တော့ ရဲများ လက်လျှော့ပြီး ဇော်ကြီးကို ပြန်လွှတ်လိုက်ရသည်။ "နေနှင့်ဦးပေါ့ ဇော်ကြီးရယ်" စခန်းမှူးသည် အချုပ်မှလွှတ်ပေးလိုက်ရသော ဇော်ကြီး၏ကျောပြင်ကို မျက်စိမြင်ကွင်းမှပျောက်သွားသည်အထိ ငေးစိုက်ကြည့်ရင်း စိတ်ထဲမှ ပြောလိုက်မိသည်။

"ကျွန်တော် ဝတ္တရားထမ်းဆောင်ခဲ့တဲ့ သက်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ကာလ အတွေ့အကြုံအရ ဝင်းစိုးကိုသတ်တာ ဒီကောင်ပါဆိုတာ အလိုလိုသိနေတယ်. . ဒါပေမဲ့ သက်သေမခိုင်လုံလို့ ဘာမှ လုပ်လို့မရဘူး. . ဒီတော့ သက်သေခိုင်လုံအောင် စုံစမ်းထောက်လှမ်းရမယ်. . သူ့ကို မျက်ခြည်အပြတ်ခံလို့မဖြစ်ဘူး. . သူ့လက်ထဲမှာ ဝင်းစိုးစက်ဘီးရှိနေတယ်ဆိုတာ ကျွန်တော် အလိုလိုသိနေတယ်. . သူ ဘယ်နေရာမှာထားတယ်ဆိုတာကိုသာမသိတာ. . ဒီတော့ ဥက္ကဋ္ဌကြီးတို့ (၂)ယောက်လုံး သူ့ကို ကျွန်တော်တို့မျက်စိအောက်ကအပျောက်မခံပါနဲ့. . သူ့အနီးပတ်ဝန်းကျင်မှာ ကျွန်တော်တို့ရဲ့လူတွေထားပေးစေချင်တယ်"

"စိတ်ချပါ စခန်းမှူး. . သူ့အနားမှာကျွန်တော်တို့လူတွေ ထားပေးပါ့မယ်. . ထူးခြားမှု တစ်စုံတစ်ခုရတာနဲ့ ချက်ချင်းဆက်သွယ်ပါ့မယ်"

စခန်းမှူး၏ ခေါ်ယူညှိနှိုင်းမှုအရ (၇) ရပ်ကွက်ရယက ဥက္ကဋ္ဌ ဦးဝင်းရီနှင့် (၉) ရပ်ကွက် ရယကဥက္ကဋ္ဌ ဦးသိန်းအေးတို့မှ သံသယရှိသူဇော်ကြီးအား အနီးကပ်မျက်ခြည်အပြတ်မခံရေး ကတိပေးသွားကြသည်။

■



"ဗိုလ်ကြီး (၉)ရပ်ကွက် ဥက္ကဋ္ဌဖုန်းဆက်တယ်. . ကျွန်တော်တို့ရဲ့သားကောင် လှုပ်ရှားလာပြီတဲ့. . အခုချက်ချင်းလာမှဖြစ်မယ်တဲ့"

တာဝန်မှူး၏ သတင်းပို့ချက်ကြောင့် စခန်းမှူးမျက်နှာဝင်းလက်သွားသည်။ "ဟုတ်ပြီ. . မင်း ဘယ်ပြေးမလဲ"

"ကဲ. . တာဝန်မှူး. . နယ်ထိန်းအဖွဲ့တွေအကုန်ခေါ်. . လိုအပ်တဲ့အင်အား အကုန်ဖြည့်. . ကျွန်တော်တို့လမ်းကြောင်း (၂) ခုအတွက် အဖွဲ့ (၂) ဖွဲ့ခွဲ၊ တရားခံပြေးလမ်းကို ပိတ်ရမယ်"

"နံပါတ်(၁)အဖွဲ့က ကျွန်တော်ဦးစီးမယ်. . ကျွန်တော်နဲ့အတူ (၉) ရပ်ကွက် ဥက္ကဋ္ဌနဲ့ တချို့ပါမယ်. . နံပါတ် (၂)အဖွဲ့က တာဝန်မှူးဖြစ်တဲ့ ခင်ဗျားရယ် ရယကအဖွဲ့ဝင်တွေရယ် သွားရမယ်. . ကျွန်တော်နဲ့ဥက္ကဋ္ဌပါတဲ့အဖွဲ့ကင်းတဲကိုသွားမယ်. . တာဝန်မှူးဦးဆောင်တဲ့အဖွဲ့က မြိုင်ကြီးအိမ်ကို သွားပိုင်း. . ဒီကောင် အဲဒီအိမ်ကို ပြန်လာနိုင်တယ်. . အဲ. . တစ်ခုတော့မှာလိုက်မယ်. . အကြံသမားဆိုတာ အမှန်စကားကို ဘယ်တော့မှ မဆိုဘူး. . ဒါကြောင့် သူတို့ အမှန်စကားဆိုလာအောင် ကျွန်တော်တို့တစ်တွေကလည်း ဉာဏ်များမှဖြစ်မယ်. . အခု ကျွန်တော်ကိုယ်တိုင်ရော ခင်ဗျားတို့အားလုံးရော ဇော်ကြီးကိုဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကြီးနဲ့ပတ်သက်တဲ့သူ ဘယ်သူကိုမဆိုဖြစ်စေ ရဲအနေနဲ့ အတွေ့မခံနဲ့.. သံလမ်းကင်းစစ်လာတယ်.. သံလမ်းကင်းမှာ မရှိရင်လည်း သံလမ်းကင်းမှာ လူမတွေ့လို့ အရေးကြီးလို့ လာခေါ်တယ်လို့ပြော.. ရဲလာတယ်ဆိုရင် လာဖမ်းပြီဆိုတာ သိသွားပြီး ထွက်ပြေးမှာသေချာတယ်.. ဒီတစ်ခါ အရေးကြီး ဆုံးအချိန်ရောက်လာပြီ.. အားလုံး ဂရုစိုက်ကြပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး...စိတ်ချပါ"

စခန်းမှူးသည် လိုအပ်သလောက် ညွှန်ကြားပြီးနောက် အဖွဲ့ (၂) ဖွဲ့ခွဲ၍ ထွက်လာခဲ့ကြသည်။ ည (၇) နာရီကျော်ပြီ ဖြစ်၍ မီးမရှိသောသံလမ်းတစ်လျှောက် မှောင်မည်းနေသည်။ လက်နှိပ်ဓာတ်မီးရောင်ကို အားပြု၍ စခန်းမှူးနှင့် (၉) ရပ်ကွက် ဥက္ကဋ္ဌတို့ဦးဆောင်သောအဖွဲ့ ဖော်ကြီးရှိရာ သံလမ်းကင်းတဲ အမှတ် (၉)သို့ တရွေ့ရွေ့လျှောက်လာခဲ့ကြသည်။

"ကင်းသမားတွေစုံလားဟေ့.. ငါ (၉) ရပ်ကွက် ရယက ဥက္ကဋ္ဌပါ.. ကင်းလာစစ်တာ"

ကြိုတင်စည်းဝါးရိုက်ထားသည့်အတိုင်း ဥက္ကဋ္ဌမှ ကင်းလာစစ်သည်ဟု အသံပြုလိုက်သည်။

"ဖော်ကြီးတစ်ယောက်ကလွဲရင် ကျန်တဲ့လူ အကုန်ရှိပါတယ် ဥက္ကဋ္ဌကြီး"





ကင်းတဲမှတစ်ယောက်က ပြန်ဖြေ၏။

"ဖော်ကြီးက ဘယ်သွားလို့လဲ"

"ဟို.. ဦးမြသောင်းအိမ်သွားပါတယ် ဥက္ကဋ္ဌ"

"သေချာလို့လား"

"သေချာပါတယ်.. ထမင်းသွားစားဦးမယ်လို့ အသေအချာပြောသွားပါတယ်"

"ကောင်းပြီလေ.. ဒါဆိုလည်း ကျုပ်တို့ ပြန်တော့မယ်.. နိုးနိုးကြားကြား ကင်းစောင့်ကြနော်"

"စိတ်ချပါ ဥက္ကဋ္ဌ"

"ဗိုလ်ကြီးရေ ဦးမြသောင်းအိမ်ကို သွားကြမယ်.. ကျွန်တော်သိတယ်.. ခပ်မြန်မြန်သွားမှဖြစ်မယ်"

ဥက္ကဋ္ဌဦးသိန်းဖေသည် စခန်းမှူးအနားသို့ တိုးတိုးတလေးကပ်ပြောလိုက်ပြီး ရှေ့မှ ခပ်သွက်သွက်လှမ်းနေသည်။

ရပ်ကွက် (၁၀) ရှိ ဦးမြသောင်းအိမ် ပတ်ပတ်လည်ကို ရဲတပ်ဖွဲ့များ အရန်သင့် ဝိုင်းထားလိုက်သည်။

"ဗျို့.. ဦးမြသောင်း ကျုပ် (၉) ရပ်ကွက်ဥက္ကဋ္ဌပါ.. ခင်ဗျား အိမ်မှာ ဖော်ကြီးရှိလား"

"မရှိဘူး ဥက္ကဋ္ဌကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး.. ကျုပ် ခုနက သံလမ်းကင်းသွားခဲ့ တာ လူလိုနေလို့.. အရေးကြီးလို့လာခေါ်တာ"

"ဪ.. ဒါဆိုရင် ရှိတယ်ဥက္ကဋ္ဌကြီး.. အိမ်ပေါ်မှာ အိပ်နေတယ်"

ဦးမြသောင်းဆိုသူ၏ စကားအဆုံးဝယ် စခန်းမှူးသည် လေ၏လျှင်မြန်ခြင်းအဟုန်ဖြင့် အိမ်ပေါ်သို့ လျှင်မြန်စွာတက် သွားပြီး အိပ်နေသူဇော်ကြီးလက်ကို ကျွမ်းကျင်စွာချုပ်နှောင်၍ လက်ထိတ်ခတ်လိုက်သည်။

"ဘယ့်နှယ်လဲ ဇော်ကြီး.. မင်း အခုပြောချင်သေး သလဲ.. ဒီစက်ဘီးဟာ ဘယ်သူ့စက်ဘီးလဲ"

"ရေတာရှည်က လှဝင်းစက်ဘီးပါ"

"ဘာရောင်လဲ"

"အစိမ်းရောင်ပါ"

"သေချာတယ်နော်"

"သေချာပါတယ် ဆရာ"

စခန်းမှူးသည် အစိမ်းရောင်ဆေးများ သုတ်ထား သော စက်ဘီးမတ်ကပ်အား လက်ဝါးဖြင့် ပွတ်သပ်လိုက်သည်။ ဆေးသုတ်ထားသည်မှာ လောလောလတ်လတ်ကြီးရှိသေးသဖြင့်





အစိမ်းရောင်ဆေးများမှာ စခန်းမှူး၏လက်သို့ အရောင်ကူး ပြောင်းကုန်ကြပြီး၊ မတ်ကတ်၌ ပင်ကိုအရောင်ဖြစ်သော နီညို ရောင်ပေါ်လာသည်။

ဇော်ကြီး မျက်နှာပျက်သွားသည်။

"ကဲ.. မင်း ဘာဆက်ပြောဦးမလဲ.. မင်းပြောတော့ အစိမ်းရောင်ဆို.. မင်းလက်တွေကိုလည်း မင်းပြန်ကြည့်ပါ ဦး.. ဆေးအစိမ်းတွေ ပေကျံနေတာ"

"ဒီဆေးကို မင်းကိုယ်တိုင်သုတ်ထားတာလား"

"ဟုတ်ပါတယ်ဆရာ.. ကျွန်တော်ကိုယ်တိုင်သုတ် ထားတာပါ.. ဝင်းစိုးလက်ထဲကစက်ဘီးရလာပြီး ကျွန်တော် စောင့်တဲ့ကင်းတဲနောက်က ကိုင်းတောထဲမှာ ဒီစက်ဘီးကို ဝှက်ထားခဲ့ပါတယ်.. အခု အခြေအနေကလည်း အေးသွားပြီ ဆိုတော့ ဆေးရောင်ပြောင်းသုတ်ပြီး ရောင်းဖို့အကြံရတာနဲ့ တရုတ်သချိုင်းထဲမှာ အရောင်ပြောင်းသုတ်ခဲ့တာပါ..

စက်ဘီးကို နေ့ခင်းက မြိုင်ကြီးအိမ်ထဲမှာ ဝင်ထားခဲ့ ပြီး ရောင်းမလို့လိုက်စပ်နေတုန်း အခု အဖမ်းခံရတာပါ"

■

www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်အပျက်ကတော့ ဒါပါပဲ. . သူ့ကို ကျွန်တော်ဆို မူလအရေးယူထားတဲ့ ပုဒ်မ (၃၀၄) မှ (၃၀၂) သို့ ပြောင်းထဲ အရေးယူပြီး အမှုကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ပြီး တရားစွဲတင်လိုက်ပါပြီ"

ဟု စခန်းမှူးသည် ရှည်လျားစွာပြောချလိုက်ပြီး အောင်နိုင်သူအပြုံးဖြင့် ကျွန်တော့်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေပါတော့သည်။

■



www.burmeseclassic.com

## ကိုးတောင်ကျားကို အလမ္မာယ်ပြုမိသူ

"အမေ. . အမေ. . အိမ်မှာ မမလတ် ရဲဒင်းနဲ့အခုတ်ခံရလို့ သေပြီ အမေ. . အဟီး. . ဟီး. . အဟင့်. . ဟင့်. . လုပ်ပါဦး"

သမီးအငယ်ဆုံးရဲ့ အမောတကောပြေးလာပြီး ရှုတ်တရက် ချုံးပွဲချငိုလိုက်ရင်းပြောလိုက်တဲ့စကားသံကြောင့် ကျွန်မရင်ထဲ ဒိန်းခနဲဖြစ်သွားမိပါတယ်။ နေဆယ်စင်း တစ်ပြိုင်တည်းထွက်သလို ပူလောင်ပြင်းပြတဲ့ဝေဒနာဟာ ရင်ထဲမှာ ရုတ်ချည်းဖြစ်ပေါ်လာပြီး ရုတ်တရက် ကျွန်မ ဘာပြောရမှန်းမသိအောင် ဖြစ်သွားပါတော့တယ်။





"အလို. . ဘုရား. . ဘုရား. . "

"ဘယ်သူခုတ်တာလဲ သမီး. . အမေ့ကိုပြောစမ်းပါဦး. . အဟင့်. . ဟင့်. . သမီးလေးရယ် ကံဆိုးလိုက်ပါဘိတော့တယ်"

"မျိုးလှိုင်အမေ. . မျိုးလှိုင်ခုတ်တာ"

"ဟင်. . ဒင်းလာပြန်ပြီလား. . အမလေး. . အရပ်ကတို့. . ကြားလို့မှကောင်းကြသေးရဲ့လား. . ကျွန်မဒုက္ခကြည့်ကြပါဦး"

"ကဲ. . မခင်လှရယ်. . တို့များလည်း စိတ်မကောင်းပါဘူး. . ဒီလိုငိုနေလို့ မပြီးသေးဘူး. . လာ. . လာ. . အိမ်ပြန်ပြီး တို့ဘာလုပ်သင့်သလဲကြည့်ရအောင်. . ငါတို့ပါလိုက်ခဲ့မယ်"

"ဟင်း. . တောက် တွေ့ကြသေးတာပေါ့ မျိုးလှိုင်ရယ်. . ငါမွေးတဲ့မြောက်က ငါ့ကိုပြန်ချောက်လို့ ငါ့သမီး ဒုက္ခရောက်ရသလို ဒင်းလည်း ဒုက္ခကောင်းကောင်းတွေ့စေရမယ်. . ခင်လှတဲ့ တစ်လှတည်းရှိတယ်"

နဂိုကတည်းက မျိုးလှိုင်အပေါ် အမျက်ထွက်နေတဲ့ ကျွန်မဟာ မျိုးလှိုင်အပေါ် ပိုပြီး နာကျည်းမုန်းတီးမိပါတော့တယ်။ တကယ်တော့ မျိုးလှိုင်ဆိုတာ တစ်ရွာသားပါ။ ကျွန်မတို့ရွာနဲ့ ဆယ်မိုင်လောက်ဝေးတဲ့ အိုင်စောက်ရွာသားပါ။

www.burmeseclassic.com



ကျွန်မဟာ မျိုးလှိုင်မိခင်ကြီးနဲ့ ဘုရားသွား၊ ကျောင်းတက်အတူ ဆုံရင်း ခင်မင်ရင်းနှီးခဲ့ရာက မျိုးလှိုင်ကို သိကျွမ်းခဲ့ရတာပါ။ မျိုးလှိုင်ဟာ ကျွန်မသမီးလတ် တင်တင်မူနဲ့ သက်တူရွယ်တူတွေဖြစ်တာမို့ လူကြီးချင်း ခင်မင်ရင်းနှီးရာက လူငယ်ချင်းတွေပါ သိကျွမ်းခင်မင်ရင်းနှီးခဲ့ကြတယ်ဆိုရင် မမှားပါဘူး။

မျိုးလှိုင်ဟာ ကျွန်မသမီးနဲ့ရည်ငံနေကြမှန်း ကျွန်မသိပါတယ်။ မျိုးလှိုင်တို့မိသားစုဟာ အမေတစ်ခု သားတစ်ခုဖြစ်သလို စီးပွားရေးလည်း အသင့်အတင့် အဆင်ပြေကြပါတယ်။

ကျွန်မကတော့ စီးပွားရေးအခြေအနေနိမ့်ပါးတာရယ်၊ သားသမီးတွေ များပြားတာရယ်ကြောင့် နေ့ဖို့ညစာရှာဖွေရတာ ပင်ပန်းလှတာပေါ့။ တစ်နေ့လုပ် တစ်နေ့စားပီပီ မလုပ်နိုင်တဲ့တစ်နေ့ မီးဖိုချောင်အသုံးစရိတ်ပြတ်တဲ့နေ့ပဲလေ။

ဒါကြောင့် ကျွန်မဟာ မိသားစုစားဝတ်နေရေးအခက်အခဲရှိတိုင်း မျိုးလှိုင်ဆီက ငွေတိုကြေးစ တောင်းယူသုံးစွဲခဲ့တာလေးတွေရှိခဲ့တာပေါ့။ မျိုးလှိုင်ကလည်း ကျွန်မသမီးရဲ့မျက်နှာရှိနေတာမို့ ကျွန်မ ငွေကြေးတောင်းယူသုံးစွဲတိုင်း မငြင်းခဲ့သလို ပြန်လည်ပေးဆပ်ဖို့လည်း တစ်ခါမျှမတောင်းဆိုခဲ့ပါဘူး။

ဒီအတွက် ကျွန်မအိမ်ကို မျိုးလှိုင်ဟာ တံခါးမရှိ၊ ဓား





မရှိ ဝင်ထွက်သွားလာမှုတွေရှိခဲ့ပြီး ကျွန်မသမီး တင်တင်မူကိုလည်း မျိုးလှိုင်နဲ့ နှစ်ယောက်တည်း သူ့ရွာကို ညအိပ်ညဉ့်နေ အလည်အပတ်ခွင့်ပြုတာမျိုးတွေ ရှိခဲ့ပါတယ်။

အခုတော့ မျိုးလှိုင်. . ကျွန်မသမီး တင်တင်မူကို ရက်ရက်စက်စက် ရဲဒင်းနဲ့ခုတ်သတ်လိုက်ပြီတဲ့။ ဒင်းကို ကျွန်မတစ်သက်မကျေဘူး။ ကျွန်မ ဘာလုပ်ရမလဲ၊ လမ်းသွားရင်း ကျွန်မဟာ မျက်ရည်ကိုအဖော်ပြုရင်း ဟိုတွေးသည်တွေး တွေးနေမိပါတော့တယ်။

“မခင်လှ. . နင်က ဘယ်သွားနေတာလဲ. . အခုမှ ပြန်လာရအောင်. . နင့်သမီးကို ရွာထဲကလူတွေ ဆေးရုံကို ဝိုင်းပို့လိုက်ကြပြီ”

“ဟိုကောင်ရော. . ”

“မျိုးလှိုင်ကိုလည်း ဌာက ကာလသားတွေ ဝိုင်းဖမ်းပြီး ရဲစခန်းပို့လိုက်ပြီ”

“ကျွန်မ ဆေးရုံကိုလိုက်သွားဦးမယ် သူကြီး”

“အေး. . လိုက်သွား. . လိုအပ်တာရှိရင် ငါ့ကိုပြော”

ကျွန်မဟာ သူကြီးကိုနှုတ်ဆက်ခွင့်တောင်းပြီး ကျွန်မသမီးဆီကို အပြေးတစ်ပိုင်းလိုက်သွားမိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ ကျွန်မသမီး တင်တင်မူရယ်လေ ဝိတ်အကြီးတစ်ကိုယ်လုံးလွှမ်းခြုံဖုံးအုပ်ထားတာကို တွေ့လိုက်ရတော့. . .

■

"အမလေး. . သမီးရဲ့အမေ အမိုက်မကြီးကို ထကြည့်ပါဦးလား"

"အစ်မ. . အစ်မ. . ဒါဆေးရုံလေ. . သတိထားဦး၊ ဘေးလူတွေ အားနာစရာ"

ရွာထဲက ကာလသားတွေ ဘေးကဝိုင်းပြောမှပဲ ကျွန်မသတိရမိပါတော့တယ်။ ကျွန်မဟာ အရူးမကြီးတစ်ယောက်လိုပဲဖြစ်မှန်းမသိဖြစ်နေပါလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆင်ခြင်မိပါတော့တယ်။

"အစ်မ မရောက်ခင်ကလေးတင်ကပဲ ဆုံးသွားတာ"

"သမီးရယ်. . အမေ အသက်ကလေးတောင် မမီလိုက်ရပါလား"

ကျွန်မဟာ ဒီတစ်ခါတော့ တိုးတိုးညင်းညင်းပြောရင်း ရဲစခန်းဘက် ခြေဦးလှည့်လာခဲ့ပါတော့တယ်။





"ကျွန်မ တင်တင်မူရဲ့မိခင်ပါ။ ကျွန်မသမီး သေဆုံးရတဲ့အမှုနဲ့ပတ်သက်ပြီး အမှုတိုင်ချင်လို့"

ဂါတ်စာရေးစားပွဲရှေ့ခုံမှာထိုင်ရင်း ဂါတ်စာရေးဖြစ်ဟန်တူသူကို ကျွန်မပြောလိုက်ပါတယ်။

"ရပါတယ် အစ်မကြီး. . ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်. . ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး"

"ကျွန်မလည်း နေအိမ်မှာမရှိဘူး. . နေ့ခင်းပိုင်းလောက်မှာပေါ့. . ကျွန်မသမီးတွေ အိမ်ပေါ်မှာအလုပ်လုပ်နေကြတုန်း မျိုးလှိုင်ရောက်လာပြီး ကျွန်မသမီး တင်တင်မူကို ရဲဒင်းနဲ့ခုတ်သတ်လို့ အခု ကျွန်မသမီး သေဆုံးသွားပါပြီ. . ဒါကြောင့် ရဲဒင်းနဲ့ခုတ်သတ်ခဲ့တဲ့ မျိုးလှိုင်ကို တရားဥပဒေနဲ့အညီ အရေးယူပေးဖို့ တိုင်ချင်တာပါ"

"မျိုးလှိုင်က အစ်မကြီးသမီးနဲ့ ဘာတော်သလဲ"

ဂါတ်စာရေးမေးလိုက်တဲ့မေးခွန်းဟာ တစ်ခွန်းတည်းဖြစ်မှန်း ပီပီသသကြီးကြားလိုက်ရပေမယ့် ကျွန်မနားထဲမှာတော့ ထပ်ခါတလဲလဲ ပဲ့တင်ထပ်ပြီး 'ဘာတော်သလဲ. . ဘာတော်သလဲ. . ဘာတော်သလဲ' လို့သာ စဉ်ဆက်မပြတ် ကြားနေရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘာပြန်ဖြေရမလဲ။ ကျွန်မဟာ အဖြေရခက်တဲ့ မေးခွန်းတစ်ခုကို အမေးခံရတဲ့ကျောင်းသားတစ်ယောက်လိုပဲ ခံစားမိရပါတော့တယ်။ နောက်ဆုံးတော့..

"သွားယောက်ျားပါ"

ကျွန်မနှုတ်ဖျားကထွက်လာတဲ့စကားကို ကျွန်မနားနဲ့ပြန်ကြားရပြီး ကျွန်မ ဘာကြောင့် ဒီလိုပြောမိသလဲဆိုတာကို ကိုယ်တိုင်ပဲ မစဉ်းစားတတ်အောင်ဖြစ်မိပါတော့တယ်။

ဂါတ်စာရေးကတော့ ဘာမှထပ်မမေးတော့ဘဲ တိုင်ချက်ကို ပြီးဆုံးအောင်ရေးပြီး တစ်ခေါက်ပြန်ဖတ်ပြတဲ့အပြင် ကျွန်မကိုလည်း ပြန်ဖတ်ခိုင်းပါတယ်။

ကျွန်မဟာ တိုင်ချက်ကို သေသေချာချာဖတ်ပြီး ဒီအတိုင်းအမှန်ပဲလို့ထပ်ပြောလိုက်ပြီး တိုင်တန်းသူနေရာမှာ ကျွန်မလက်မှတ်ထိုးလိုက်ပါတယ်။

"တရားခံမျိုးလှိုင်ကို ကျွန်တော်တို့ ဖမ်းထားပြီးပါပြီ အစ်မကြီး နေအိမ်ကစောင့်နေပါ.. ခဏကြာရင် အမှုစစ်ရဲအရာရှိနဲ့အဖွဲ့ အစ်မကြီးတို့အခင်းဖြစ်ရပ်ကို လာပြီးစစ်ဆေးမေးမြန်းမှုတွေလုပ်ပါလိမ့်မယ်"

"ဟုတ်ကဲ့.. ကျွန်မ ပြန်လိုက်ပါဦးမယ် စာရေးကြီး"

■





"ရပ်ထဲရွာထဲမှာ ကျွန်တော် စုံစမ်းသိရှိခဲ့တာလေးတွေ တချို့ရှိပါတယ်.. ဒါကြောင့် အမှားမှားအယွင်းယွင်းမဖြစ်ရအောင် ကျွန်တော် အစ်မကြီးကို တစ်ခုမေးချင်ပါတယ်.. ကျေးဇူးပြုပြီး ဖြေကြားပေးပါလား"

စပ်စပ်စုစုနိုင်လှတဲ့ သတင်းထောက်ဟာ ကျွန်မဆီကို အမှုစစ်အရာရှိနဲ့အတူ ရောက်လာခဲ့ပါတယ်။ သူ့ရဲ့မေးခွန်းကို သူကြီးကလည်း ဖြေဆိုစေလိုတဲ့ဆန္ဒရှိတာကြောင့်..

"ဟုတ်ကဲ့ မေးပါဆရာ"

"ကောင်ကလေးနဲ့ ကောင်မလေးဟာ ဘာတော်သလဲ.. သမီးရည်းစားလား"

"ဟုတ်ပါတယ်.. သမီးရည်းစားပါ.. ဒီဝါကျွတ်ပြီးရင် လက်ထပ်ခွင့်ပြုမယ်လို့ ကျွန်မ သဘောတူကတိပေးထားပါတယ်"

"သူတို့အချင်းချင်း နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထားတာမျိုးတွေ ရှိသလား.. ကြားမိသလား အစ်မကြီး"

"မရှိပါဘူး.. သူတို့ကိစ္စ ကျွန်မ အကုန်သိပါတယ်"

"ဒါဆိုရင် ဒီကလေးမကို ကောင်လေးက ရဲဒင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက်ခုတ်သတ်ရလောက်အောင် ဘာအငြိုးတွေများရှိနေသလဲ သိသလားအစ်မကြီး”

“မရှိပါဘူး . . သူဘာသာ သူ့ရွာမှာ ဘာဖြစ်လာသလဲ . . ဒါပဲ ကျွန်မထင်ပါတယ် . . ရွာက သူ့အိမ်မှာ သူ့မိသားစုနဲ့ အဆင်မပြေဖြစ်ပြီး အဲဒီဒေါသကြောင့် ကျွန်မသမီးဘက်ကို မြားဦးလှည့်တာလို့ ကျွန်မထင်မိပါတယ်”

သတင်းထောက်ဟာ ကျွန်မရဲ့ပြောကြားချက်ကို နားထောင်ရင်း စိတ်ရှုပ်ထွေးဟန်၊ နားမလည်နိုင်ဟန်တွေ ပေါ်နေကြောင်း သူ့မျက်နှာကို ကျွန်မ သတိပြုမိပါတယ်။

ဟုတ်ပါတယ်။ ရုံးခန်းမှာ တိုင်တုန်းက လင်မယားပါလို့ တိုင်ခဲ့ပြီး အခု အရပ်ထဲကျမှ သမီးရည်းစားပါလို့ ကျွန်မကိုယ်တိုင်ပြောခဲ့တဲ့စကားတွေကြောင့် ကျွန်မကိုယ်တိုင်ပုံဖော်ခဲ့တဲ့ ဒီဇာတ်လမ်းကို ဘယ်သူမှ သဘောပေါက်နားလည်နိုင်မှာမဟုတ်ပါဘူး။

တကယ်တော့လည်း ဒီဇာတ်လမ်းအရှုပ်ကို ရေးဆွဲပုံဖော်ခဲ့တာ ကျွန်မရဲ့ မဟာအမှားပါ။

ကျွန်မပြောခဲ့သလိုပဲ ဆင်းရဲနွမ်းပါးမှုကိုအကြောင်းပြုပြီး မျိုးလှိုင်ဆီကငွေကို အလွယ်တကူယူသုံး၊ ပြန်ပေးဖို့လည်း





စဉ်းစားခဲ့တဲ့ ကျွန်မရဲ့လုပ်ရပ်ဟာ ကျွန်မသမီးကလေးကို ခုတုံးလုပ်အသုံးချခဲ့သလိုဖြစ်နေပါတယ်။

ကျွန်မရဲ့သမီးကလေးဟာ ဒီဇာတ်လမ်းမှာ ကျွန်မကြိုးဆွဲရာလိုက်ကနေတဲ့ ရုပ်သေးအရုပ်ကလေးပါ။ မိဘကိုရှိသေတဲ့သားသမီးတိုင်း မိဘကြိုးဆွဲရာ လိုက်ကကြရတာမို့ သမီးကလေးဟာ ကျွန်မရဲ့အဖြည့်ခံပါ။ ဒါကြောင့်မို့လည်း ဒီပြဿနာမဖြစ်ခင် ဟိုဘက်တစ်လလောက်ကပေါ့။

“သမီး . . မျိုးလှိုင်ဆီက အမေပြောခိုင်းတဲ့ငွေ ရမယ်တဲ့လား”

“အဆင်မပြေဘူးအမေ . . အရင်ကျွဲတစ်ကောင်ရောင်းတုန်းကယူသုံးထားတဲ့ငွေလည်း ပြန်မပေးနိုင်လို့ ကျွဲတောင်မြန်မဝယ်နိုင်သေးဘူးလို့ပြောနေတယ်အမေ . . သူ့သဘောက မပေးချင်ဘူးသဘောပဲ”

“ရတယ်လေ . . သူက ဒီအချိုးချိုးလာတော့လည်း တို့ဘက်ကလည်း စည်းခြားလိုက်ရုံပဲ . . အကျိုးလိုလို့ ညောင်ရေလောင်းတာ ကိုယ့်အတွက် ဘာအကျိုးမှမရှိရင် ဒီကောင်နဲ့ဆက်ဆံရုံပဲပေါ့ . . ဒီတော့ မျိုးလှိုင်လာရင် ငါ့သမီးကော တခြားအငယ်တွေကော၊ အကြီးတွေကော ဘယ်သူမှ မျိုးလှိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ခံစကားပြောစရာမလိုတော့ဘူး. . ဘယ်သူမှ မျိုးလှိုင်ကို စကားမပြောကြနဲ့ ကိုယ့်အလုပ်ကိုယ်လုပ်. . သူလာရင် တခြားအိမ်သွားပြီးရှောင်နေကြ. . ဒါဆိုရင် ငါ့အိမ်ကို အလိုလို သူမလာတော့ဘဲနေလိမ့်မယ်. . သူ့အလိုလို အရှိန်သတ်သွားလိမ့်မယ်”

ကျွန်မဟာ မိဘပီပီ ကိုယ့်သားသမီးတွေကို လိုရာပုံသွင်းလိုက်ပါတယ်။ ကလေးတွေကလည်း မိဘစကားကို နားထောင်ကြပါတယ်။ ဒီတော့ မျိုးလှိုင်ဟာ ကျွန်မထင်ထားသည့်အလိုလို အိမ်ကိုအလာကျဲပြီး နောက်ဆုံးတော့ မလာတော့ပါဘူး။ ကျွန်မ အတွေးတိမ်တိမ်နဲ့ပဲတွေးပြီး လွယ်လွယ်ဖန်တီးခဲ့တဲ့ဇာတ်လမ်းကို လွယ်လွယ်နဲ့ပဲဖျက်ခဲ့တယ်လေ။ အဲ. . ဒါပေမဲ့ နောက်ဆုံးရလဒ်ကတော့. .

■

ငှဲ့ထားသောအရက်ခွက်ထဲမှအရက်များကို တစ်ကျိုက်တည်းမော့ချလိုက်ပြီး ဖန်ခွက်ကို ဝွပ်ခနဲမြည်အောင် စားပွဲပေါ် ဆောင့်ချလိုက်သည်။ မျိုးလှိုင်၏မျက်လုံးများက အရောင် တန်ခိုးများဖြင့် ရီဝေနေပြီ။ အစက အရက်မသောက်တတ်





သော မျိုးလှိုင်၊ ယခုတော့ အချစ်အတွက် ဝေဒနာကိုကုစားရင်း အရက်ဆေးကို မှီဝဲတတ်နေချေပြီ။

■

အချစ်ဆိုသည်မှာ ရံဖန်ရံခါ စိမ့်စမ်းရေကြည်ပမာ ကြည်လင်အေးမြတတ်သောသဘောရှိပါသည်။ ဟိုစဉ်တုန်းကတော့ မျိုးလှိုင်နှင့် တင်တင်မူတို့အချစ်ဇာတ်လမ်း ပန်းခင်းလမ်းသဖွယ် ဖြောင့်ဖြူးသာယာလှ၏။

ယခုမူ တင်တင်မူ အချိုးတွေပြောင်းနေပြီ။ သူ့မိဘအသိုင်းအဝိုင်းကလည်း မျိုးလှိုင်ကို ဝိုင်းကျဉ်နေကြသည်။

မျိုးလှိုင်နှင့် တင်တင်မူတို့ဇာတ်လမ်းမှာ သမီးရည်းစားမကာ၊ လင်မယားမကျ။ ဒါကို နှစ်ယောက်လုံးအသိ။ ဒါပေမဲ့ တင်တင်မူက ယခုတော့ သစ်စိမ်းချိုးချိုးနေပြီ။ အိမ်ရှင် လက်မခံတော့ ဧည့်သည်အဝင်ခက်သည်မို့ တင်တင်မူတို့အိမ် မျိုးလှိုင် အဝင်ခက်နေချေပြီ။

အချစ်ဆိပ်မွှန်နေသော မျိုးလှိုင်အဖို့ ကုစားရန်ဆေးနည်းရှာကြံနေမိသည်။ အချစ်ကြီးချစ်မိသူ မျိုးလှိုင်အဖို့ဆေးနည်းကား ရှာမတွေ့နိုင်ဘဲဖြစ်နေ၏။ နောက်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝ ရှင်ကွဲကွဲနေရမယ့်အတူတူ သေကွဲကွဲကြအောင်က အမိပွားယ်ရှိမည်ဟု မျိုးလှိုင် စိတ်ဆုံးဖြတ်လိုက်သည်။ တစ်ခါ တစ်ရံ အချစ်သည် မီးတစ်မျှ အဆိပ်နှယ် ပူလောင်ပြင်းပြလှ ပါဘိ။

လက်သုံးလုံးခန့်ကျန်နေသေးသော အရက်ပုလင်းကို ကောက်ယူပြီး ကတ္တရာလမ်းပေါ် ရိုက်ခွဲလိုက်သည်။ ခွမ်းခနဲ အသံနှင့်အတူ အရက်ပုလင်းကွဲစများနှင့် အရက်များ ဟိုတစ်စ သည်တစ်စ ပြန့်ကျဲသွားသည်။

"တောက်"

ဒေါသသံပြင်းပြင်းနှင့် တက်တစ်ချက်ခေါက်လိုက်ပြီး ခြေလှမ်းကျဲကြီးဖြင့် တင်တင်မူတို့နေအိမ်ဘက် သုတ်ခြေတင် လိုက်သည်။

ခြံထဲမရောက်ဂီ အိမ်ပေါ်မှ စကားပြောသံအချို့နှင့် ဆေးလိပ်လိပ်၍ ကပ်ကြေးတချွပ်ချွပ်နှင့်ညှပ်သံ၊ ဆောင့်တုံးနှင့် ဆေးလိပ်ဖင်စီခံတို့ ထိတွေ့၍ တဒေါက်ဒေါက်နှင့်မြည်သံတို့ စည်းချက်မှန်မှန် မျိုးလှိုင်နားထဲကြားလိုက်ရသည်။

မျိုးလှိုင် အိမ်ပေါ်ရောက်တော့ မီးကို ရေနှင့်ငြိမ်း သတ်လိုက်သည့်နှယ် စကားပြောသံများ ရုတ်ချည်း တိတ်ဆိတ်





သွားပြီး တင်တင်မူတို့ညီအစ်မနှစ်ယောက်မှာ စက်ရုပ်များ သဖွယ် ဆေးလိပ်ကိုသာ အာရုံစူးစိုက်လိပ်နေကြတော့၏။

မျိုးလှိုင်သည် ချက်ချင်း အိမ်အောက်ပြန်ဆင်းသွား ပြီး လှေကားရင်း၌ လွယ်လင့်တကူထောင်ထားသည့် ရဲဒင်းကို ကောက်ယူလိုက်သည်။

လက်တွင်း၌ ရဲဒင်းကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် အိမ်ပေါ် တစ်ခေါက်ပြန်တက်လာပြီး ဆေးလိပ်ကိုသာ အာရုံ စူးစိုက်လိပ်နေသော တင်တင်မူ၏ဦးခေါင်းသို့ ချိန်ရွယ်၍ ရဲဒင်း ဖြင့် အားပါးတရခုတ်ချလိုက်သည်။

ဒုတ်ခနဲ ခပ်အုပ်အုပ်အသံနှင့်အတူ တင်တင်မူတစ် ယောက် နေရာ၌ပင် ခွေခနဲလဲကျသွားသည်။

မျိုးလှိုင်ထံမှ စကားသံအချို့ လေးပင်စွာထွက်ပေါ် လာသည်။

"နင့်ကို ငါ သိပ်ချစ်လွန်းလို့. ."

နောက်ဆုံးတော့ ကျွန်မအမှားတွေချည်းပါပဲ။ သား သမီးဆိုတာ မိဘရဲ့စက်ရိပ်အောက်မှာပါ။ ကိုယ်လိုရာပုံသွင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ရတဲ့သားသမီးတွေအပေါ် မိဘအနေနဲ့ နည်းပေးလမ်းပြ မမှားဖို့ အမည်ရွေးမမှားဖို့ အထူးအရေးကြီးလှပါတယ်။

ကျွန်မ နောင်တ ကောင်းကောင်းကြီးရမိပါပြီ။

ကျွန်မရဲ့မိုက်မဲမှုကြောင့် ကျွန်မသမီးလေး ဘဝဆုံးခဲ့ရတာပါ။ မျိုးလှိုင်လည်း ကျွန်မဈေးကစားတဲ့ အချစ်ဈေးကွက်ထဲက အသုံးချခံရတဲ့ သားကောင်တစ်ကောင်ရယ်ပါ။ ကျားရဲကို အလမ္မာယ်ပြဖို့ကြိုးစားခဲ့တဲ့ ကျွန်မကြောင့် ဒီအဖြစ်ဆိုးတွေ ကြုံခဲ့ရတာပါ။ ဒါ အိပ်မက်မဟုတ်ပါဘူး။ ဒါကြောင့် ကျားရဲကို အလမ္မာယ်ပြဖို့ မကြိုးစားကြစေချင်သလို ကိုယ့်သားသမီးကလေးတွေရှေ့ရေးအတွက် အမည်ပေးမမှားကြပါနဲ့လို့ ကျွန်မဆန္ဒပြုရင်း. .

*(ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုအား စိတ်ကူးဖြင့် ရေးဖွဲ့ခြင်းဖြစ်ပါသည်။)*

■



www.burmeseclassic.com

## တွက်နည်းမှားသော ရလဒ်များ

လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေတဲ့။ ကျုပ်အဖြစ်ကတော့ ဆယ်ကုဋေထက်ပိုလိမ့်မယ်ထင်ပါရဲ့။

သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိတဲ့ မိဘတွေထဲက မိဘတစ်ယောက်ဖြစ်တဲ့ ကျုပ်ဟာလည်း ကျုပ်သားအကြီးကောင်ကို ဆိုးမှန်းသိပေမယ့် မစွန့်ပစ်နိုင်ခဲ့ဘူးလေ။

ဒါကို ကျုပ်ရဲ့အမှားလို့ပြောကြမလား။ ကျုပ်တို့နေတိုင် လုပ်ကိုင်စားသောက်ရတဲ့အခြေအနေ၊ ပတ်ဝန်းကျင်ရေမြေသဘာဝ အနေအထားအရ ကျုပ်ရဲ့သား ဆိုးပေတော့ တာတွေဟာ လက်ဦးဆရာဖြစ်တဲ့ ကျုပ်တို့လို မိဘတွေမှာ





တိုက်ရိုက် လုံးဝတာဝန်ရှိတယ်လို့ဆိုရင်တော့ ကျုပ် ငြင်းလို့ရမယ်ဆိုရင်ဖြင့် ငြင်းကြည့်ချင်သေးတယ်။

ကျုပ်သားဆိုးတာ၊ ဆုံးမလို့မရတာ ကျုပ်ရဲ့ပေါ့လျော့မှုကြောင့်မဟုတ်ဘူးလို့ပေါ့။ ပတ်ဝန်းကျင်ကြောင့်လည်း ပါတယ်လို့ နည်းနည်းတော့ ဆင်ခြေဆင်လက်ပေးချင်တယ်နော်။ ဘာကြောင့်လဲဆိုတော့. .

ကျုပ်တို့ရွာမှာက မိုးရာသီဆို လယ်လုပ်၊ နွေရာသီဆို သစ်ဝါးခုတ်၊ ဒီအလုပ်ပဲရှိတာကိုး။ မိုးတွင်း ထွန်တုံးပိတ်ကတည်းက ပဲခူးရိုးမတောင်ပေါ်တက် သစ်ဝါးခုတ်တဲ့အလုပ်ကို နွေရာသီကုန်တဲ့အထိ လုပ်ကြတော့ ကျုပ်တို့ဘက်နယ်သားတွေရဲ့မလေ့ပဲလေ။

မိုးတွင်း လယ်ယာလုပ်ငန်းခွင်ဝင်ကြတော့ ပင်ပန်းတာရယ်၊ မိုးအေးတာရယ် အကြောင်းပြုပြီး ကျုပ်တို့ ယောကျ်ားသားတွေဟာ ပျိုးနုတ်၊ လယ်ထွန်ရာက တဲပြန်ရောက်ပြီဆိုရင် ဆန်အရက်ကလေးတစ်လုံး၊ တစ်ပိုင်းလောက်နဲ့ အပန်းဖြေတတ်ကြတယ်မို့လား။ ဒီတော့ အရက်ဆိုတာ ကျုပ်တို့ရွာသားအယောက်တစ်ရာမှာ ရှစ်ဆယ်လောက်က သောက်လေ့ရှိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လူတိုင်း အရက်မစွဲကြပါဘူး။ သောက်တတ်တာကိုပြောတာပါ။ အဲ. . အရက်သောက်ပြီးရင်တော့ တချို့က သွေးဆိုးသဗျ။ အဲဒီအထဲမှာ ကျုပ်သား ဖိုးအေးက နံပါတ်တစ်ပဲ။

အရက်များမူးလာပြီဆိုမှဖြင့် ဟင်းအိုးထဲဆားခတ်ပြီး ငန်တယ်လို့ အပြစ်ရှာပြောတတ်တဲ့အထိ ဆိုးဂတ်တဲ့ ကျုပ်သား ဖိုးအေးကို ရွာထဲက ကာလသားမှန်သမျှ ဘယ်သူကမှ အတူတွဲပြီး မသောက်မစားချင်ကြဘူးလေ။

နောက်တော့ ကျုပ်သားဖိုးအေးက အရက်မူးလာပြီဆို တစ်ရွာလုံးပတ်ပြီးဆဲရေးတိုင်းထွာတော့တာပဲ။ ဒီမှာတင် ကျုပ်သားဟာ တစ်ရွာလုံးရဲ့အော့ကြောလန် ဖိုးအေးဖြစ်လာတော့တာပဲ။

အဲ. . အငယ်တွေကျပြန်တော့လည်း သူ့လိုမဆိုးကြပြန်ဘူး။ သူ့အသိနဲ့သူ လိမ္မာရေးခြားရှိကြတယ်လေ။ ဒါကြောင့် တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို မိသားစုအားလုံးထဲမှာ အဆိုးဆုံးဖြစ်နေတဲ့ ကျုပ်သားဖိုးအေးကို ကျုပ်မှာ စိတ်မချနိုင်ဘဲ လယ်ထဲသွားလည်း အတူတူ၊ တောင်ပေါ်တက်လည်း အတူတူ၊ ကိုယ်နဲ့ရင်အုပ်မကွာ ထိန်းသိမ်းခိုင်းစေနေရတယ်လေ။





မိတ်ဆွေ စဉ်းစားကြည့်ပေါ့။ အသိတရားရှိလို့ လိမ္မာရေးခြားရှိတဲ့ တခြားသားသမီးတွေအတွက် ကျုပ် စိတ်ချရပေမယ့် သူများတွေလို အသိတရားမပြည့်စုံလို့ ဆိုးသွမ်းနေတဲ့ ကျုပ်သားအကြီးကောင် ဖိုးအေးကို ကျုပ်သာပစ်ထားမယ်ဆိုရင် ဒီကလေး ဒီထက်ပိုဆိုးသွားမယ်မဟုတ်လား။

ခုပဲကြည့်လေ။ သူ့ရဲ့စရိုက်ကိုမကြိုက်လို့ ရွယ်တူတန်းတူ ရွာက ကာလသားတွေအကုန်လုံးက ဝိုင်းပယ်ထားတော့ တစ်ရွာလုံးကိုမကျေမနပ်ဖြစ်ပြီး ဖိုးအေးက အရက်မူးလာတိုင်း တစ်ရွာလုံးကို ပတ်ကြိမ်းနေပြီမဟုတ်လား။

ကျုပ်သားဆိုးတာကိုသိနေတဲ့ ကျုပ်ဟာ သားကို ဒီအတိုင်းပစ်ထားလို့ဘယ်ဖြစ်မှာတုံး။ ဒီမှာတင် ကျုပ်သားကို မခွဲဘဲ တတွဲတွဲဖြစ်နေတဲ့ကျုပ်ကို ပတ်ဝန်းကျင်က ဘာပြောကြတယ်မှတ်သလဲ၊ အဖေဖြစ်တဲ့လူကိုက လိုတာတဲ့။ သူ့သား ဖိုးအေးကိုမှ အချစ်ဆုံးတဲ့။ မျက်စိအောက်က အပျောက်မခံဘူးတဲ့။ ကိုင်း. . ကောင်းကြသေးရဲ့လားဗျာ။

ပတ်ဝန်းကျင်က ကျုပ်ကိုပါ ဖိုးအေးနဲ့ပတ်သက်ပြီး အထင်အမြင်လွဲမှားနေကြပြီ။

ဒါပေမဲ့ ကျုပ်ရဲ့စိတ်ရင်းသဘောကို ကျုပ်သာ အသိ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါ။ အသိဉာဏ်ချို့တဲ့လို့ တခြားသားသမီးတွေလို လိမ္မာရမှန်းမသိတဲ့ ကျုပ်သား၊ မွေးဖွားကြီးပြင်းခဲ့တဲ့အသိုင်းအဝိုင်းနဲ့ လုပ်ကိုင်ရှာဖွေစားသောက်ရတဲ့ မလေ့စရိုက်တွေအရ အရက်ကို အဖော်အဖြစ်ပေါင်းသင်းဆက်ဆံကြီးပြင်းလာခဲ့တဲ့အခါ ဆိုးသွမ်းလာတဲ့စရိုက်ကို မပြုပြင်ပေးနိုင်သည့်တိုင်အောင် လက်လွှတ်စပယ်မဖြစ်ဖို့ ထိန်းသိမ်းပေးရမှာ မိဘဖြစ်တဲ့ ကျုပ်သာ တာဝန်အရှိဆုံးမဟုတ်လား။

ဒီအသိ၊ ဒီအတွေးတွေနဲ့ ကျုပ်သားလေးကိုသနားပြီး ကိုယ်နဲ့မခွာ စောင့်ရှောက်နေရတာပါ။

အဲ. . ဒါပေမဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အချစ်၊ အကြွေး အလွမ်းတွေနဲ့ ရှုပ်ထွေးပွေလီပြည့်နှက်နေတဲ့ ဒီလောကကြီးမှာ ကိုယ်ဖြစ်ချင်သလိုမဖြစ်ကြရတာတွေ တစ်ပုံတစ်ပင်ကြီးပဲလေ။

ကျုပ်သား ဖိုးအေးကို အဆိုးထဲကအကောင်း အဖြစ်နိုင်ဆုံးအခြေအနေရောက်စေလိုတဲ့ စိတ်ဆန္ဒတွေ ကျုပ်ရဲ့ရင်ထဲမှာ ဘယ်လောက်ကြီးပဲရှိနေပေမယ်လို့ ကံကြမ္မာမုန်တိုင်းက ကျုပ်တို့သားအဖတစ်တွေကို မျက်နှာသာမပေးခဲ့ဘူးလေ။

■



အဲဒီနေ့. . အဲဒီနေ့. . ကျုပ်ဘဝမှာ ဘယ်လိုမှ မေ့ဖျောက်လို့မရနိုင်တဲ့ ဘဝဒဏ်ရာဒဏ်ချက်ကြီး ကျုပ်မိသားစုအသိုက်အမြုံမှာ အကြီးအကျယ်ရရှိစေဖို့ သောကမီးအစပျိုးတဲ့နေ့. . အဲဒီနေ့ပေါ့. . ။

ကျုပ်နဲ့ကျုပ်သားဖိုးအေး တောင်ပေါ်မှာ သစ်သွားခုတ်ရင်း ရိက္ခာပြတ်လို့ ပြန်အလာ တောင်ပေါ်မှာ ဖိုးအေးကို တစ်ယောက်တည်းထားခဲ့ရင် အရက်တွေ အလွန်အကျွံသောက်ပြီး တခြားသစ်ခုတ်သမားတွေနဲ့ ပြဿနာဖြစ်မှာစိုးလို့ တောင်ပေါ်မှာချန်မထားခဲ့ဘဲ ကျုပ်နဲ့အတူ ရွာကို တစ်ခါတည်းပြန်ခေါ်ခဲ့တယ်လေ။

"ဟေ့. . ရှင်ငြိမ်းရေ. . သမီး အဖေတို့ပြန်လာတယ်ဟေ့"

"ဟယ်. . အဖေတို့ပြန်လာပြီ. . အဖေ တောင်ပေါ်မှာ အဆင်ပြေရဲ့လား"

"အဆင်ပြေတာပေါ့ သမီးရယ်. . ဒါပေမဲ့ ရိက္ခာမလောက်လို့ ပြန်လာရတာ. . ဒီတစ်ခါသွားတဲ့နေရာက တောနည်းနည်းနက်တော့ တောင်ပေါ်ဈေးတတ်ရောင်းတဲ့လူတွေမရောက်ကြဘူးလေ. . ဒါနဲ့ အဖေတို့ ပြန်လာရတာ"

သုံးနှာညီတာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နင့်ယောက်ျား မောင်ထူးရော . ."

"ဟိုဘက်ရွာခဏသွားတယ် အဖေ . . မိုးချုပ်ရင် ပြန်လာတော့မှာပါ"

"အေး . . အေး . . သမီးရေ . . အဖေတို့အိမ်အတွက် ထမင်းချက်ပို့ဦးနော်"

"ဟုတ်ကဲ့အဖေ"

"ဒါနဲ့ သမီးရေ . . အငယ်တောင် ဝဝင်းနဲ့ အလတ်ကောင် သာလှတို့ရော ဘယ်သွားနေကြလဲ . . ဒီကောင်တွေ အိမ်မကပ်ဘူး"

"ရွာထဲခဏသွားတယ်အဖေ . . သမီးကိုပြောသွားကြပါတယ်။

"ဟဲ့ . . ရှင်ငြိမ်း . . ဒီကောင်တွေ ဘယ်သွားလဲ . . စံမြ အရက်ဆိုင်လား"

"မဟုတ်ပါဘူး ကိုကြီးဖိုးအေးရယ် . . မောင်လေးတွေက အရက်မှုမသောက်တတ်တာ"

"အံမယ် . . နင့်စကားက အနှောင့်မလွတ်၊ အသွားမလွတ် . . ငါ နားရင်းတီးပစ်လိုက်ရ . . ငါ့နှမအရင်းမို့လို့ ကြည့်နေတာ . . နင့်လင်က မြှောက်ပေးလို့လား"





"တော်ပါ ဖိုးအေးရာ . . မင်းနှမပဲဥစ္စာ . . မင်းမေးလို့လည်း သူဖြေရသေးတယ်"

"အဖေ . . သား ရွာထဲခဏသွားဦးမယ်"

"ဘာသွားလုပ်မှာတုံး . . အိမ်မှာပဲနေစမ်းပါ ဖိုးအေးရာ"

"ခဏပါ အဖေရာ . . မကြာပါဘူး"

"ပြောမရလည်း သွားကွာ . . အရက်တွေ သောက်မလာနဲ့ဦး"

"ဟုတ်ကဲ့ပါ အဖေရ . . သား အရက်မသောက်ပါဘူး"

■

"မိန်းမရေ . . ဘာတွေလုပ်နေတာလဲ . . မီးဖိုထဲမှာ . ."

"ဟင် . . ကိုမောင်ထူးပြန်လာပြီ . . ဒီမှာ အဖေတို့တောင်ပေါ်ကပြန်ရောက်နေလို့ သူတို့အတွက် ညစာချက်ပေးနေတာ"

"နင့်အစ်ကို ဖိုးအေးရော ပြန်ပါလာသလား"

"ပါလာတယ် . . အခုတော့ မရှိဘူး . . ရွာထဲသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒါဆို အရက်သွားသောက်တာနဲ့တူတယ်. . ငါ လည်း နည်းနည်းသောက်ထားတော့ မဖြစ်ဘူး ရှောင်နေမှပဲ"

"ရပါတယ် ကိုမောင်ထူးရယ်. ."

"ရပါတယ်မလုပ်နဲ့. . နင့်အစ်ကိုအကြောင်းလည်း သိသားနဲ့"

"ဟော့. . တစ်ရွာလုံး ဘယ်ခွေးမှ လူမထင်ဘူးကွ. . မိုက်တဲ့ကောင် ထွက်ခဲ့. . ကျန်တဲ့ကောင်နဲ့ ငါ ချမယ်. . ဖိုးအေးတဲ့ကွ. . တစ်ယောက်တည်းရှိတယ်. . သတ္တိရှိလို့ ရွာ အပြင်မှာနေတာ. . ဒါပဲ"

"ဟော. . ပြောရင်းဆိုရင်း နင့်အစ်ကိုပြန်လာပြီ. . ဘယ်လိုလုပ်မလဲ"

"ဩော်. . ကိုမောင်ထူးရယ်. . တော်ကလည်း ဒါ လောက်ကြောက်နေရင် အိမ်ပေါ်က အခန်းထဲမှာပဲနေ. . ထွက်မလာနဲ့"

"အေး. . အေး. ."

"ဟော့. . ရှင်ငြိမ်း. . ခွေးမ. . လင်အားကိုးနဲ့ ငါ့ကို ပမာမခန့်ပြောတာ. . လာခဲ့စမ်း. . ငါပေးထားတဲ့ဓား ဘယ် မှာထားသလဲ ပြောစမ်း"





"နေဦး အစ်ကိုကြီးရဲ့. . ဒီမှာ ထမင်းချက်နေလို့. ."

"နေဦးတွေ ဘာတွေလုပ်မနေနဲ့. . နင်မလာရင် ငါ လာမှာနော်"

"အို. . မလာနဲ့. . မလာနဲ့. . ကျွန်မလာပြီ"

ရှင်ငြိမ်းသည် အိမ်ပေါ်၌ ခင်ပွန်းဖြစ်သူ မောင်ထူး ရှိနေသဖြင့် အကယ်၍ ဖိုးအေးအိမ်ပေါ်တက်လာပါက မောင်ထူးအားတွေ့သွားပြီး ရန်ရှာမည်စိုးသဖြင့် ဖိုးအေးအား အိမ်ပေါ်အတက်မခံဘဲ မိမိသာ အိမ်အောက်သို့ဆင်းသွား လိုက်သည်။

ညက မှောင်နေသည့်အပြင် လသည်းမသာသဖြင့် တော်ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်းဖြစ်နေ၏။ အချိန် ကား ည (၈)နာရီရှိနေချေပြီ။

ရှင်ငြိမ်းသည် အစ်ကိုဖြစ်သူ ဖိုးအေးအလိုကျ အိမ် အောက်သို့ဆင်းသွားပြီး ဖိုးအေးနှင့်စကားပြောနေခိုက် မောင်ထူးမှာလည်း အိမ်အောက်သို့ တိတ်တဆိတ်ဆင်းသွားပြီး စပါးကျီနောက်၌ ပုန်းနေလိုက်၏။ အကယ်၍ ဖိုးအေး အိမ် ပေါ်တက်လာပြီး ပြဿနာရှာက အခက်တွေ့မည်စိုး၍ အိမ် အောက်သို့ဆင်းပုန်းနေမိခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ဓားအိမ်လုပ်နိုင်းထားတဲ့ဓား ဘယ်မှာလဲ.. နင့်အကြောင်း မောင်ထူးက ဒါလေးလုပ်နေတာ မပြီးတော့ဘူးလား.. ဘာလက်သမားဆရာလဲ.. အစုတ်ပလုတ်အကောင်.. ဓားအိမ်ကလေးတစ်ခုတောင် ပြီးအောင်မလုပ်နိုင်ဘဲနဲ့များ.. လူနေတဲ့အိမ်တွေ လက်ခံဆောက်လို့.. ဖွတ်ချီး.. ထွီ”

“အစ်ကိုကလည်း မူးနေရင် အေးအေးအိပ်နေပါလား.. ဘာလို့ သူများတွေကို ရစ်နေတာလဲ”

“ဘာ.. ငါ့ကို ရစ်နေတယ် ဟုတ်လား ခွေးမ.. နင့်လင်ထိလို့ နာသလား.. ကဲဟာ..”

“ဖုန်း.. ခွပ်”

“အောင်မယ်လေး သေပါပြီ.. အဖေရေ.. အဖေ.. ဒီမှာ လုပ်ပါဦး အစ်ကိုကြီး သမီးကို အနိုင်ကျင့်နေတယ်”

“ဟောကောင် ဖိုးအေး.. တော်စမ်း.. သမီး သွား.. သွား.. နင့်အိမ်ပေါ်သွားနေ”

ရှင်ငြိမ်းက အိမ်ပေါ်ပြေးတက်သွားသည်။

“မသွားနဲ့.. မသွားနဲ့.. ခွေးမ.. နင့်ကိုသတ်ပစ်မယ်.. ဘာမှတ်လဲ.. ဖိုးအေးကွ..”

ဖိုးအေးက နောက်မှပြေးလိုက်သွားပြန်သည်။





“အဖေရေ.. အဖေ ကယ်ပါဦး”

“ဟောကောင်.. ဖိုးအေး.. မလုပ်နဲ့.. ဟာ.. ဒီကောင် ပြောမရပြန်ဘူး”

“ခွပ်.. ခွပ်..”

“အား.. အား..”

“သတ်ပစ်မယ်.. သေအောင်သတ်ပစ်မယ်”

“ဟော့.. ဟော့.. တော်ကြစမ်း၊ လွန်မယ်.. ဟင်.. ဖိုးအေး.. ဖိုးအေးမှ မဟုတ်ဘဲ.. မင်း.. မင်း.. မောင်ထူး.. မောင်ထူး”

“ဟုတ်တယ်အဖေ.. ကျွန်တော်ပါ၊ မောင်ထူးပါ”

“ဟင်.. ကိုမောင်ထူး... အောင်မယ်လေး.. လက်လွန်သွားပြီနဲ့တူတယ်.. အစ်ကိုကြီး.. အစ်ကိုကြီး.. အဖေ.. အစ်ကိုကြီးကို ခေါ်လို့မရတော့ဘူး ဘယ်လိုလုပ်ကြမလဲ”

အခြေအနေက တစ်မဟုတ်ချင်း ရှုပ်ထွေးသွားလေပြီတည်း။

ရှင်ငြိမ်းမှာ အစ်ကိုဖြစ်သူ၏ရန်မှလွတ်ရန် အိမ်ပေါ်တက်ပြေးစဉ် ဖိုးအေးမှ အရက်မူးမူးနှင့် အိမ်ပေါ်သို့ပြေးတက်သွားသဖြင့် ဖခင်ဖြစ်သူမှ လက်နှိပ်ဓာတ်မီးဖြင့်ထိုးပြီး တား



www.burmeseclassic.com

www.burmeseclassic.com



မြစ်သတိပေးနေသည်ကို စပါးကျည်အကွယ်၌ပုန်းအောင်းရင်း ချောင်းကြည့်နေသည့် မောင်ထူးက မြင်တွေ့သွားပြီး ဇနီးဖြစ်သူအတွက် စိတ်ပူပင်သွားကာ အိမ်ပေါ်သို့ပြေးလိုက်သွားပြီး ဘုရားစင်ပြုလုပ်ရန် ရွှေဘော်ထိုးအချောကိုင်ထားသည့် အိမ်ပေါ်ရှိ သစ်သားပုံထဲမှ သစ်သားချောင်းတစ်ချောင်းကို ဆတ်ခနဲကောက်ယူလိုက်ပြီး ယောက်ဖတော်စပ်သူ ဖိုးအေး၏ဦးခေါင်းသို့ ရိုက်ချမိလိုက်တော့၏။

အိမ်ပေါ်ရှိ ဖယောင်းတိုင်မီး မှုန်ပျပျအလင်းရောင်အောက်၌ တုတ်တစ်ချောင်းကိုကိုင်၍ ရိုက်နေသူအား မိမိ၏သားကြီးဖိုးအေးအထင်ဖြင့် ဝင်ဆွဲပြီး တားမြစ်မိသော ဖခင်ဖြစ်သူ ဦးစောမောင်မှာ ဖိုးအေးမဟုတ်ဘဲ တုတ်ဖြင့်ရိုက်နေသူမှာ မိမိ၏သမက် မောင်ထူးဖြစ်နေကြောင်း မြင်တွေ့လိုက်ရသဖြင့် အခြေအနေမှန်ကို သဘောပေါက်နားလည်လိုက်ပါတော့သည်။

"တောက်.. မင်းကွာ.. မောင်ထူးရာ.. ကိုယ့်ယောက်ဖကို ဒါလောက်ပဲလုပ်ရသလား"

"ကျွန်တော် မှားပါတယ် အဖေရယ်.. ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့လုပ်မိလိုက်တာပါ.. ဒီလိုအထိ





ရည်ရွယ်ပါဘူး အဖေရယ်.. ကျွန်တော် ကျိန်ပြောရဲပါတယ်.. ကျွန်တော့်အပြစ်ကို ကျွန်တော်ခံပါ့မယ်.. ကျွန်တော့်ကို ခွင့်လွှတ်ပါအဖေ.. ကျွန်တော် ရဲစခန်းမှာသွားအဖမ်းခံပါ့မယ်"

"အို.. အဖေ.. မဖြစ်ဘူး အဖေ.. ကိုမောင်ထူးကို ကယ်ပါဦးအဖေ.. သမီးကို မသနားတော့ဘူးလား အဖေရယ်.. သမီးမှာ ကိုယ်လေးလက်ဝန်နဲ့ အဖေ့မြေးလေးရှိနေပြီ အဖေ.. ကိုမောင်ထူးသာမရှိရင် သမီးဘဝ ဘယ်လိုနေရမလဲ အဖေ.. အစ်ကိုကြီးဆိုးတာလည်း အဖေအသိပါအဖေရယ်.. သမီးတို့ကို ကယ်ပါဦးအဖေ"

"ဟင်း.. ခက်တယ် သားကြီးဖိုးအေးရယ်.. မင်းကလည်း ဆိုးလိုက်ပါဘိတော့.. အခုတော့ သေပြီ.. အဖေ ပါ့ လောက်ထိန်းနေလျက်နဲ့ကွာ ဖြစ်ရတယ်လို့.. အရက်.. အရက်.. အဲဒါ စိတ်ဇာလိုလိုက်ပြီး အရက်သောက်လို့ကွ"

"ကဲပါ.. သမီး.. ရှင်ငြိမ်းရယ်.. ဒီကိစ္စ ရွာထဲက လူတချို့နဲ့တိုင်ပင်ပြီး အဖေ လုပ်လိုက်ပါ့မယ်.. ရွာထဲကလူတွေကိုတော့ နင့်အစ်ကိုကြီး အမူးလွန်ပြီးသေတယ်လို့ သတင်းလွှင့်ရမှာပဲ"

■

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ မိတ်ဆွေ. . ကျုပ်သားကြီး ဖိုးအေး အရယ်မူးလာရင် သွေးဆိုးတတ်တဲ့ သူ့ညာဉ်ကြောင့် လူ့လောကကြီးမှာ သက်တမ်းစေ့အောင် နေခွင့်မရလိုက်ဘူးလေ. . ဒါပေမဲ့ သွေးဆိုးတတ်တဲ့ သူ့ညာဉ်အတိုင်း လူ့လောကကြီးမှာ အသက်ရှင်စဉ်ကလည်း လူတွေကို ဒုက္ခပေးတတ်သလို သူသေသွားတဲ့အခါမှာလည်း ကျုပ်တို့မိသားစုကို ဒုက္ခတွေပွေအောင် သူမီးပျိုးသွားခဲ့ပြန်ပြီလေ. . အဲဒါကတော့ သူသေဆုံးရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်သမက်ကို ထောင်မကျစေချင်တဲ့ ကျုပ်ရဲ့ဆန္ဒ၊ ဒါမှမဟုတ် ကျုပ်သမီး ရှင်ငြိမ်းရဲ့အလိုဆန္ဒအတိုင်း ဖြည့်စွက်လိုက်လျှောချင်တဲ့ ကျုပ်ရဲ့ဆန္ဒအမှားကြောင့် တစ်ခုပေါ် နှစ်ပူဆင့်ဆိုသလို သင်းတို မီးသဂြိုဟ်တဲ့နေ့မှာပဲ ပြဿနာက စခဲ့ပြန်ပြီလေ"

"ဦးစောမောင်ဆိုတာရှိပါသလား"

"ဟုတ်ကဲ့. . ရှိပါတယ်. . ဩော်. . ဗိုလ်ကြီးတို့ပဲ ကြွပါခင်ဗျာ"

ကျုပ်နာမည်မေးပြီး ခြံထဲဝင်လာတဲ့လူစုကို ကျုပ်မြင်တွေ့လိုက်ရတော့ ကျုပ် အကြီးအကျယ်တုန်လှုပ်သွားမိ





တယ်လေ. . အုတ်တွင်းရဲစခန်းက စခန်းမှူး ရဲအုပ်လှမြင့်ကိုယ်တိုင် နောက်လိုက်ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရွာလူကြီးတွေပါ ကျုပ်ခြံထဲဝင်လာကြပြီပဲ။

သူတို့ ဘာကြောင့်လာတယ်ဆိုတာ အပြစ်ရှိသူပီပီ ကျုပ်ကိုယ်တိုင် သိပြီးနေပါပြီ။ ဒါမေမဲ့လည်းပေါ့. . ။ ဟန်ကိုယ့်ဖို့ဆိုတဲ့အတိုင်း ကျုပ်လည်း အတတ်နိုင်ဆုံးဟန်ဆောင်ပြီး မသိကျိုးကျွံပြုလို့ စကားစမိလိုက်ပါတော့တယ်။

"ဘာအကြောင်းများရှိကြပါသလဲ ဗိုလ်ကြီးတို့"

"လာရင်းကိစ္စ တိုတိုပြောရရင်တော့ သေသွားတဲ့ ခင်ဗျားသား ဖိုးအေးကိစ္စ မရိုးဘူးလို့ ကျုပ်တို့ သတင်းရလို့ပဲ ဦးစောမောင်. . ခင်ဗျားသားကို ခင်ဗျားသမက်မောင်ထူးက [illegible]တယ်. . သေတဲ့သူကလည်းသေပြီ. . ပြန်မရှင်တော့ဘူး. . ကျန်တဲ့လူကို ထပ်ဒုက္ခမပေးချင်ဘူးဆိုပြီး ခင်ဗျားသမက်မောင်ထူးအတွက် ခင်ဗျားက အကာအကွယ်ပေးပြီး ဖိုးအေးကို အရက်မူးလွန်သေသလို သတင်းလွှင့်ပြီး မီးရှို့ဖျောက်ဖျက်ခဲ့တယ်. . လူသတ်မှုကို အမှန်အတိုင်းဝန်ခံရင် တစ်ယောက်တည်း အပြစ်ဒဏ်ကျခံရမယ်။

ဒါပေမဲ့ ခင်ဗျားတို့ အမှန်အတိုင်းဝန်မခံဘဲ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖုံးကွယ်ခဲ့တဲ့အပြင် အလောင်းကို မီးရှို့ဖျက်ဆီးခဲ့တယ်.. ဒါကြောင့် အပြစ်ကပိုကြီးသွားပြီ.. ခင်ဗျားသား ဖိုးအေးတို့ ရိုက်သတ်ခဲ့တဲ့ မောင်ထူးတစ်ယောက်တည်း အပြစ်ခံရမယ့်ကိစ္စ မှာ ခင်ဗျားကပါ အလိုတူအလိုပါ အမှုကိုဖုံးကွယ်ပေးခဲ့ပြီး အလောင်းကို မီးရှို့ဖျောက်ဖျက်ဖို့ စေခိုင်းခဲ့တယ်.. အမှုမှန်တို့ ဖုံးကွယ်ဖို့တောင်းဆိုခဲ့တဲ့ ခင်ဗျားသမီး ရှင်ငြိမ်းကလည်း ယောက်ျားဖြစ်တဲ့ မောင်ထူးအမှုကလွတ်ဖို့ အဖြစ်မှန်ကို ဖုံးကွယ် သူအဖြစ် အပြစ်ရှိတယ်.. ခင်ဗျားသားအငယ်ကောင်ကလည်း အဖြစ်မှန်ကိုသိလျက်နဲ့ ဖုံးခဲ့တဲ့အပြင် ကိုယ်တိုင်မီးရှို့ဖျက်ဆီးတဲ့ အထဲမှာ ပါဝင်ခဲ့တယ်.. ဒီအတွက် ခင်ဗျားတို့လေးယောက်လုံး အပြစ်ကျူးလွန်ပါဝင်ပတ်သက်သူတွေဖြစ်သွားပြီ”

ရဲအရာရှိစကားဆုံးတော့ ဦးစောမောင်တစ်ယောက် ခေါင်းငိုက်စိုက်ကျသွားပြီဖြစ်သည်။

“ဟုတ်ပါတယ် စခန်းမှူးဦးလှမြင့်ပြောသလိုပဲ... ကျုပ်ကိုယ်တိုင် စီစဉ်ဆုံးဖြတ်လိုက်တဲ့ ဒီကိစ္စအတွက် ကျုပ်သမက် တစ်ယောက်တည်း အပြစ်ခံရမယ့် ဒီကိစ္စမှာ အခုတော့ ကျုပ် တို့သားအဖလေးယောက် နောက်ထပ်အဆစ်ပါပြီး အပြစ်ရှိသူ တွေဖြစ်သွားကြပြီ”

သုံးနားညီစာပေ




“အခု ကျုပ်တို့မိသားစုကိုပဲကြည့်လေ.. ကျုပ် အတွက်မှားလိုက်တဲ့ ပုစ္ဆာတစ်ခုရဲ့ရလဒ်အဖြေဟာ ကျုပ်ရယ်၊ ကျုပ်သမက်ရယ်၊ ကျုပ်သမီးရယ်..ပြီးတော့ ကျုပ်ရဲ့သား အငယ်ကောင်ရယ်.. လူ့လောကမုန်တိုင်းဝဲယက်တစ်ခုထဲမှာ ချာလည်လည်နေရပါပြီကော”

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁၁

## ဘယ်သူ့ကြက်ဖနိုင်နိုင်

ကျွန်ုပ်တို့ငယ်စဉ်တောင်ကျေး ကလေးဘဝက ကဗျာကလေးတစ်ပုဒ် ရင်ထဲစွဲခဲ့ဖူး၏။

ထိုကဗျာကလေးမှာ -

ငါတို့ကြက်ဖနိုင်နိုင်
ရွှေဖလားနဲ့ကြက်သားကိုင်
သူတို့ကြက်ဖရှုံးရှုံး
ကြေးဖလားနဲ့ ကြက်ချေးတုံး

ဟူ၍ဖြစ်၏။

ကဗျာကလေး၏အဓိပ္ပာယ်ကား ရိုးစင်းလှချေ၏။

သုံးနှာညီတာပေ



ကြက်နှစ်ကောင်ခွပ်သောပွဲ၌ တစ်ကောင်နိုင်၍ ကျန်တစ်ကောင်ရှုံးလျှင် နိုင်သည့်ကြက်ဖက်မှ လောင်းသောသူများ သို့မဟုတ် ပိုင်ရှင်များက ပြုံးကြ၊ ပျော်ကြ၍ ရှုံးသော ကြက်ဖဘက်မှ ပိုင်ရှင်များမှာ မှိုင်တွေငေးမော၍ စိတ်အားပျက်ကြသည့် အကြောင်းအလေးကို ဖွဲ့ဆိုထားခြင်းဖြစ်တော့၏။

ကြက်ခွပ်ပွဲနှင့် အလားသဏ္ဍာန်တူရုံမျှပင် အခြားသော မည်သည့်ပြိုင်ပွဲများတွင်မဆို တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်ကြသည့်အခါတွင် နိုင်သည့်ဘက်မှ ပြုံးပျော်ရွှင်မြူးကြ၍ ရှုံးသည့်ဘက်မှ မှိုင်တွေချ စိတ်အားပျက်ကြမည်မှာ ဓမ္မတာပင် ဖြစ်တော့သည်။

သို့သော် အထက်ပါကဲ့သို့ ပြိုင်ပွဲများနှင့်မတူဘဲ စိတ်အလိုလိုက်၍ တစ်ဖက်နှင့်တစ်ဖက် ဒေါသချင်းယှဉ်ပြိုင်ကြသော ပြိုင်ပွဲမမည်သည့် သို့တည်းမဟုတ် ပြိုင်ပွဲတစ်ခုဟု မခေါ်ဆိုထိုက်သည့် အားစမ်းပွဲတစ်ခု၏ နောက်ဆုံးရလဒ်အဖြေမှာကား . .

■

www.burmeseclassic.com



"ဟော့. . ရဲဘော်တို့ ဟိုမှာ လူတွေ ရှုတ်ရှုတ်သဲသဲနဲ့ ဝိုင်းအုံနေတယ်. . အခြေအနေတစ်ခုခုတော့ ထူးခြားပြီထင်တယ်"

အချိန်ကား ည (၉)နာရီခွဲခန့်ရှိနေပေပြီ။ (၂၄)နာရီပတ်လုံး တာဝန်နှင့်ဝတ္တရားကို မအားမလပ်ရအောင် အချိန်ပြည့် တာဝန်ထမ်းဆောင်နေရသော ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တို့မှာ နေ့ခင်းဘက်ပိုင်း၌ ရဲစခန်းတွင် အမှုကိစ္စများ စစ်ဆေးခြင်း၊ အထက်အရာရှိအကြီးအကဲများသို့ တင်ပြအစီရင်ခံခြင်း၊ ရာဇဝတ်မှုခင်းများ ကျူးလွန်တတ်သူတို့အား မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းစုံစမ်းထောက်လှမ်းဖမ်းဆီးခြင်းတို့ကို ဆောင်ရွက်ကြရပြီး ယခုညပိုင်းအချိန် အများပြည်သူတို့ အိပ်စက်အနားယူကြစဉ် စိတ်အေးချမ်းသာလုံခြုံမှုအပြည့်အဝဖြင့် အိပ်စက်အနားယူနိုင်ကြစေရန် ကျွန်ုပ်တို့ရဲတပ်ဖွဲ့ဝင်များမှာ ပတ္တရောင်လှည့်ကင်းတာဝန်များ၊ ဝပ်ကင်းတာဝန်များ ဆောင်ရွက်၍ စောင့်ရှောက်ပေးကြရပြန်ပါ၏။

သို့မှသာ ညအမှောင်ကိုအားပြု၍ ရာဇဝတ်ပြစ်မှုကျူးလွန်တတ်ကြသည့် အမှောင်လောကသားများကို ကျွန်ုပ်တို့ရဲတပ်ဖွဲ့ဝင်များမှ စိုးမိုးအနိုင်ယူနိုင်မည်မဟုတ်ပါလော။





ရဲစခန်းအပိုင် နယ်မြေတစ်ခုလုံး ပတ္တရောင်လှည့်ကင်းတာဝန်ဆောင်ရွက်ရန် ထွက်ခွာလာသော ကျွန်ုပ်မှ တပည့်များအား ကျွန်ုပ်တို့ရှေ့ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးတစ်နေရာ၌ သဘာဝထက်လွန်ကဲသော လူစုလူဝေးလူအုပ်ကြီးတစ်ခုကို မြင်တွေ့လိုက်ရသဖြင့် သတင်းစုံစမ်းရန်ညွှန်ကြားလိုက်ပြီး ကျွန်ုပ်ကိုယ်တိုင်ပင်ဦးဆောင်၍ အခင်းဖြစ်နေရာသို့ သွားလိုက်သည်။

"ဟော့. . ဘာတွေဖြစ်နေတာလဲ။ ဘာဖြစ်နေတာလဲ"

မြို့လယ်လမ်းမကြီးပင်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မီးပျက်နေသည့်အချိန်နှင့်ကြုံသဖြင့် လမ်းမီးများမှောင်နေ၍ ကျွန်ုပ်တို့သည် လက်နှိပ်ဓာတ်မီးများဖြင့် နေရာအနှံ့ထိုးကြည့်ပြီး ကျွန်ုပ်က မေးလိုက်၏။

"ရဲတွေလာနေပြီ။ ရဲတွေလာနေပြီ"

ကျွန်ုပ်လိုချင်သောမေးခွန်း၏အဖြေကို ပြန်လည်ဖြေကြားမည့်သူများ စိုးစဉ်းမျှထွက်ပေါ်မလာဘဲ လက်နှိပ်ဓာတ်မီးရောင်အောက်တွင်မြင်တွေ့နေရသော လောဘ၊ ဒေါသ၊ မောဟ၊ စိုးရိမ်သောက စသည့် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဆေးဆိုးထားသောမျက်နှာပိုင်ရှင် လူအချို့ထံမှ မတိုးမကျယ် 'ရဲတွေလာနေပြီ' ဟူသောစကားဖြင့် သတိပေးသံလိုလို၊ အသိပေးသံ



www.burmeseclassic.com

www.burmeseclassic.com



လိုလိုများပြောရင်း စပ်စပ်စုစုနိုင်လှသောလူအုပ်ကြီးမှာ တဖြည်းဖြည်းနှင့် အခင်းဖြစ်နေရာမှ ဖဲကျဉ်သွားကြတော့၏။

"လူတွေကလည်း မေးနေရင် ဖြေမယ့်သူမရှိဘူး.. ခက်တော့တာပဲ.. ဒီနားမှာ ရပ်ကွက်လူကြီးတွေ မရှိဘူးလား"

"ရှိပါတယ်ဗိုလ်လေး.. ကျွန်တော်ပါပဲ"

ကြိုရာမရသည့်အဆုံး ရပ်ကွက်လူကြီးခေါင်းစဉ်တပ်၍မေးတော့မှသာ ကျွန်ုပ်လိုချင်သောအဖြေကို နီးစပ်မှုရှိလာ၏။

"ဘာဖြစ်နေကြတာလဲ"

"လူငယ်တွေ ရန်ဖြစ်ကြတာပါ ဗိုလ်လေး.. ဓားနဲ့ထိုးတယ်ပြောတာပဲ"

"ဟာ..ဘယ်သူက ဘယ်သူ့ကို ထိုးတာလဲ"

ကျွန်ုပ် ရင်ထဲထိတ်သွားမိ၏။ ဓားထိုးမှုသည် အတိုင်းအဆခန့်မှန်းရခက်သည်မဟုတ်ပါလော။

"အချင်းချင်းတွေလို့လည်းပြောတာပဲ.. အထိုးခံရတဲ့သူက ဟိုခြံထဲမှာ.."

ရယကညွှန်ပြရာခြံထဲသို့ ကျွန်ုပ် ဝင်သွားလိုက်၏။

"ဟော့..ဓားနဲ့ထိုးခံရတာ ဘယ်သူလဲ"





"ဒီမှာပါ ဗိုလ်လေး..စကားမပြောနိုင်ဘူး"

"သူ့နာမည် ဘယ်သူလဲ.. ဘယ်ကလဲ"

"ညောင်လေးပင်ကပါ.. မောင်ကျော်လို့ခေါ်ပါတယ်"

"ဓားဒဏ်ရာက ဘယ်မှာလဲ"

"ဘယ်ဘက်ရင်အုံမှာပါ"

"မင်းက ဘယ်သူလဲ.. သူနဲ့ ဘာတော်လဲ"

"ကျွန်တော်က ပျဉ်းမနားက ဝင်းဆွေပါ.. မောင်ကျော်ရဲ့ သူငယ်ချင်းပါ"

"ကိုင်း..ကိုင်း..လူနာကို ဆေးရုံပို့ဖို့အရေးကြီးတယ်.. ကျန်တာ နောက်မှဆက်မေးမယ်.. ဟော့..ရဲဘော်..ခေန်းကို စက်နဲ့သတင်းပို့လိုက်ကွာ.. ငါတို့ ဒီမှာရှိနေမယ်.. လူနာကို လုံလောက်တဲ့အင်အားနဲ့ ဆေးရုံပို့လိုက်တယ်ဆိုတဲ့အကြောင်းရယ်၊ အခင်းဖြစ်နေရာကို တရားခံနောက်လိုက်ဖို့ အင်အားထပ်ဖြည့်ပေးဖို့ပါ သတင်းပို့လိုက်ကွာ"

ကျွန်ုပ်သည် တပ်ဖွဲ့ဝင်တစ်ဦးအား လိုအပ်သော ညွှန်ကြားမှုပြုပြီး ကျန်တပ်ဖွဲ့ဝင်အချို့အား လူနာကို ဆေးရုံသို့ လိုက်ပို့ခိုင်းလိုက်၏။ ကျွန်ုပ်မှာမူကား ဓားနှင့်ထိုးသူ တရားခံသည် သူမည်ဝါဖြစ်ကြောင်း စုံစမ်း၍ တရားခံများနောက်သို့ လိုက်ရပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အနည်းငယ်အတွင်းမှာပင် စခန်းမှူးနှင့်အဖွဲ့ သည် အခင်းဖြစ်နေရာ၌ ရှိနေသော ကျွန်ုပ်ထံသို့ရောက်လာ တော့၏။

"ဆရာစန်းမောင် ဘယ်လိုဖြစ်တာတဲ့လဲ"

"သူငယ်ချင်းအချင်းချင်းတွေဆရာ.. တစ်ဖက်နဲ့ တစ်ဖက် စကြ.. နောက်ကြရင်း ဘီယာဘူးခွံနဲ့ ပစ်ပေါက်တာ ကနေ ဓားထိုးမှုဖြစ်ရတာလို့ ပြောကြတယ်ဆရာ.. အထိုးခံရ တာကတော့ တစ်ချက်တည်းပါပဲ.. ဒါပေမဲ့ ချက်ကောင်းဒီ သွားပုံရတယ်.. လူနာက စကားမပြောနိုင်ဘူး"

"လူနာရဲ့သူငယ်ချင်း ဝင်းဆွေဆိုတဲ့ကောင်လေးပြော စကားအရကတော့ မြို့ခံအချို့နဲ့ အပေါင်းအပါလေးယောက် က ဝိုင်းလုပ်တယ်လို့ဆိုတယ်ဆရာ.. ဒါပေမဲ့ ဓားက ဘယ်သူ့ ဓားလဲ.. ထိုးတာက ဘယ်သူလဲဆိုတာ မပြောနိုင်ကြဘူး.. ဒြ တော့ တရားခံလို့ယူဆနိုင်တဲ့ လေးယောက်လုံး ပျောက်နေတယ် ဆရာ"

"ကောင်ပြီလေ ဆရာစန်းမောင်.. အခင်းဖြစ်စဉ်က ပါဝင်တဲ့လူတွေရဲ့လိပ်စာတွေ ရနိုင်သလောက်ယူထားပြီး ကျွန် တော်တို့ လူစုခွဲရှာလိုက်ရင် ချက်ချင်းမိပါလိမ့်မယ်.. ဘူတာရုံ





ကားဂိတ်နဲ့ သူတို့သွားလာတတ်တဲ့နေရာတွေကို ချက်ချင်းလိုက် ရှာမှဖြစ်မယ်.. တရားခံကို အချိန်ပေးလို့မဖြစ်ဘူး"

"ဟုတ်တယ်ဆရာ.. ကျွန်တော်လည်း ဒါကြောင့် သူတို့လေးယောက် လိပ်စာတွေကို ရသလောက် စုဆောင်းနေ တာ.. ဒီမှာပါဆရာ.. သူတို့လိပ်စာတွေ"

ကျွန်ုပ်သည် စုံစမ်းသိရှိထားသမျှ သထင်းအချက် အလက်များနှင့် တရားခံဖြစ်နိုင်သူ လူလေးယောက်၏လိပ်စာ များ ရေးမှတ်ထားသော မှတ်တမ်းစာအုပ်ကို စခန်းမှူးသို့ ပေး အပ်လိုက်၏။ စခန်းမှူးသည် ကျွန်ုပ်ရေးမှတ်ထားသည်များကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်၍ အသေအချာမှတ်သားပြီး အဖွဲ့ငယ်များ ချက်ချင်းဖွဲ့စည်း၍ စနစ်တကျ တာဝန်ပေးအပ် ကာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားသော တရားခံများအား အလျင်အမြန်ဖမ်းဆီးရမိနိုင်ဂရေးအတွက် ညွှန်ကြားလိုက်ပါတော့သည်။

ညဥ့်လွှာရှုံ အမှောင်ထုအောက်၌ အများပြည်သူတို့ နှစ်ခြိုက်စွာ အိပ်မောကျနေကြချိန်၌ ကျွန်ုပ်တို့ရဲတပ်ဖွဲ့ဝင်များမှာ လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားမကျန် ဘူတာရုံနှင့် ကား ဂိတ်များအနှံ့ ခြေရာချင်းထပ်သည်အထိ တရားခံများပုန်းခို



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည့်အရပ်ဒေသဟူသမျှအား ပိုက်စိပ်တိုက်၍ မွှေနှောက်ရှာဖွေနေကြရပါတော့သည်။

ညမင်းသားလူမည်းကြီးသည် အလှည့်ကုန်ဆုံးသဖြင့် ကမ္ဘာတစ်ခြမ်း၌ လျှောင်းစက်အနားယူသွားရာ နေ့မင်းသားကိုလူချောအလှည့်ရောက်လာချေပြီ။ နေရောင်နီပျိုးရာမှ ထဖြည်းဖြည်း နေမြင့်လာသည့်တိုင် ကျွန်ုပ်တို့ရဲတပ်ဖွဲ့ဝင်များမှာ အနားမယူနိုင်သေးဘဲ တရားခံများနောက်သို့ ခြေရာကောက်၍ မွှေနှောက်ရှာဖွေနေဆဲဖြစ်၏။

တရားခံဆိုသည်မှာလည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဦးနှောက်ရှိသော လူစားများဖြစ်ရကား ရှောင်တတ်၊ တိမ်းတတ်၊ ပုန်းတတ်ကြသဖြင့် လွယ်လင့်တကူတော့ ရှာမရနိုင်ပါချေ။ သို့ရာတွင် မည်သို့သော ရာဇဝတ်သားမဆို နောက်ဆုံးတွင် ကျွန်ုပ်တို့လက်တွင်း ဖမ်းဆီးခံရစမြဲပင်ဖြစ်၏။

အကြောင်းမူကား ကျွန်ုပ်တို့ရဲတပ်ဖွဲ့ဝင်များမှာ အများပြည်သူတို့ အကျိုးအတွက် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မှုခင်းကျဆင်းရေးကို ဆောင်ရွက်နေကြသူများဖြစ်သောကြောင့်ပင်တည်း။

■



"ဆရာ. . အနက်ကယ်ဝမ်းက ဆက်သွယ်ပါတယ်. . တရားခံသုံးယောက်ကို မကြာခင်လာပို့မယ်လို့ ပြောပါတယ်"

"အိုး. . ဝမ်းသာလိုက်တာ. . ဟိုတစ်ယောက်ကိုလည်း မကြာခင်လာပို့မယ်လို့ ရယကတွေဆီက အကြောင်းကြားချက်ရထားတယ် ဆရာတင်ဦးရေ. . ဝမ်းသာစရာပဲ. . လူခွဲစစ်လိုက်ရင် ဓားနဲ့ထိုးတာဘယ်သူလဲဆိုတာ သိရပြီပေါ့"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်ဦး၏ပြောစကားကိုကြားရသော စခန်းမှူးမှာ ဆွေမျိုးအရင်းအချာနှင့်ဆုံတွေ့ရသူပမာ လွန်စွာဝမ်းမြောက်သွားပါတော့၏။

ကျွန်ုပ်တို့ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ကိုင်တွယ်ဖြေရှင်းရသော ရာဇဝတ်မှုမှ တရားခံများကို ဖမ်းဆီးရမိပြီဆိုပါက ခံစားရသော ပီတိသည် ဆွေမျိုးအရင်းအခြာများနှင့်နှစ်ပေါင်းများစွာဝေးကွာနေကြရာမှ ပြန်လည်ဆုံစည်းရသည့်အလား အလွန်အမင်း ဝမ်းသာကြရသည်မှာ မွေတာပင်ဖြစ်တော့၏။

နံနက်(၁၀)နာရီခန့်အချိန်တွင် အနက်ကယ်ဝမ်းဆိုသူသည် တရားခံ မောင်ဌေး၊ မောင်ထွေးနှင့် ဝင်းကိုဆိုသူ သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်အား ကားတစ်စီးပေါ်တင်ခေါ်၍ ရဲစခန်းသို့ လာရောက်ပို့အပ်ပါတော့၏။

ထို့အတူ တရားခံဝင်းအေးဆိုသူအား ရယကလူကြီးများမှ လာရောက်၍ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ပို့အပ်ခဲ့ပါတော့သည်။ တစ်ညလုံး ကျွန်ုပ်တို့ရဲတပ်ဖွဲ့ဝင်များမှ ပိုက်စိပ်တိုက်မွှေနှောက်ရှာဖွေခဲ့မှုကြောင့် တရားခံများမှာ ပြေးပေါက်ပိတ်ပြီး ၎င်းတို့ဆွေမျိုးသားချင်းများမှလည်း အကာအကွယ်မပေးရဲကြတော့သဖြင့် ရဲတပ်ဖွဲ့ဝင်ထံ အညံ့ခံခြင်းဖြစ်ကြောင်း ပြောပြကြလေ၏။

ကျွန်ုပ်တို့သည် တရားခံများအား ချက်ချင်းပင် လူစုခွဲပြီး စစ်ဆေးမေးမြန်းမှုများပြုကြရာ မောင်ကျော်အား ဓားနှင့်ထိုးသူမှာ ဝင်းအေးဆိုသူဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း အဖြေကိုရရှိခဲ့သည့်နည်းတူ ဝင်းအေးကိုယ်တိုင်မှလည်း ဟုတ်မှန်ကြောင်းဝန်ခံလေသည်။

“ကဲ..ဝင်းအေးရေ..မောင်ကျော်ကို ဘယ်လို ဓားနဲ့ထိုးခဲ့တာလဲ.. အဲဒီဓားကရော အခုဘယ်မှာလဲ”

“မောင်းပြန်ဓားနဲ့ထိုးခဲ့တာပါဆရာ.. ဓားက သူများဓားပါ.. ကျွန်တော်ငှားထားတာ အချိန်စေ့လို့ ပြန်ပေးမလို့





သွားလာရင်းက မထင်မှတ်ဘဲ ရန်ဖြစ်ရာက ပါလာတဲ့ဓားနဲ့ ထိုးမိလိုက်တာပါ.. ဓားက ကျွန်တော် အိမ်ရှေ့မြောင်းထဲမှာပါခင်ဗျာ”

“ကဲ..သက်သေလူကြီးတွေခေါ်ပြီး သူ့ဓားကို သွားသိမ်းမယ်ဟေ့.. ဆရာစန်းလွင်က သတင်းထောက်ကိုသွားခေါ်ပြီး နောက်ကလိုက်ခဲ့ ကျွန်တော်တို့သွားနှင့်မယ်”

“ဟုတ်ကဲ့ဆရာ.. ကျွန်တော် သတင်းထောက်ကို သွားခေါ်ပါ့မယ်”

■

“ဘယ့်နှယ်..ကိုဆွေ..ခင်ဗျားက အခုမှရောက်လာတယ်.. ဒီမှာက မစောင့်နိုင်တော့လို့ တခြား ဓာတ်ပုံဆရာနဲ့ ရိုက်ထား..ရိုက်ရတယ်”

“မပြောချင်ဘူးဆရာရေ..”

“ဒါဆိုလည်း မပြောနဲ့တော့ဗျာ..ဟဲ..ဟဲ..”

“မပြောလို့လည်းမဖြစ်ပြန်ဘူးဆရာတို့ရေ..ဆရာစန်းလွင်ပေါ့..မြို့ထောင့်ကျောင်းဆိုလို့ မြောက်မြို့ထောင့်၊ တောင်မြို့ထောင့်၊ ဇေတဝန်ကျောင်းတွေကို စုံနေတာပဲ နေရာအနှံ့လိုက်ရှာတာ..



www.burmeseclassic.com

www.burmeseclassic.com



ဆရာတို့အဖွဲ့ကိုမတွေ့တဲ့အဆုံး စခန်းကိုပြန်ပြီးမေး တော့မှ ဒီနေရာဆိုတာသိရတာ. . ဒါကြောင့် အခုမှရောက်လာ တာ. . ဟောဟဲ. . ပြောရတာတောင် မောသွားပြီ. . ကဲ. . ကဲ. . ဆိုပါဦး ဆရာတို့ရယ်. . ဖြစ်ကြောင်းကုန်စင်ဇာတ်လမ်း အစုံကလေးကို. . ”

မိကျောင်းသားနှင့် ဆွေမျိုးတော်ဟန်တူသော သတင်း ထောက်အား ကျွန်ုပ်သည် အခင်းဖြစ်ဇာတ်လမ်းနှင့်ပတ်သတ် ၍ ရှင်းလင်းပြောကြားပြရန် တာဝန်ရှိလာပြီဖြစ်၍-

“ဒီလိုဗျ ကိုဆွေရဲ့ ဒီကောင်လေး ဝင်းအေးနဲ့ ဓားထိုး ခံရတဲ့ မောင်ကျော်တို့တွေက တစ်ဦးနဲ့တစ်ဦး သိနေကြတယ် ဗျ။ မောင်ကျော်တို့မှာ အုပ်စုဖွဲ့သူငယ်ချင်းတွေရှိသလို ဝင်းအေး မှာလည်း မောင်ဌေး၊ မောင်ထွေး၊ ဝင်းကို ဆိုတဲ့ သူငယ်ချင်း အုပ်စုကလေးတွေ ရှိကြတယ်ဗျ. . အားလုံးဟာ သက်တူရွယ်တူ တွေဖြစ်တာမို့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မပြောပလောက် တဲ့ ဂုဏ်တုဂုဏ်ပြိုင်ကလေးတွေ ရှိကြတာပေါ့ဗျာ. . အဲ. . မနေ့ ည ကိုးနာရီလောက်မှာတော့. . ”

ဦးချစ်လက်ဖက်ရည်ဆိုင်ရှေ့ ဗိုလ်မှူးဖိုးကွန်းလမ်းမ ကြီးမှာ မီးပျက်နေ၍ မှောင်မည်းနေ၏။





သို့ရာတွင် ညဉ့်အမှောင်အောက်၌ လုပ်သားပြည်သူ တို့မှာ ကိုယ့်အကြောင်းနှင့်ကိုယ် ပုံမှန်သွားလာနေမှုများရှိ သကဲ့သို့ လူငယ်လူရွယ်များမှာလည်း ကိုယ့်အဖွဲ့နှင့်ကိုယ် ဂီတာ တီး၍ သီချင်းဆိုသူက ဆို၊ လမ်းဘေးပလက်ဖောင်းတွင် ထိုင် ၍စကားပြောသူကပြောနှင့် ညတစ်ည၏ဘဝသရုပ်ကို ဖော် ကျူးအလှဆင်နေကြ၏။

“သီချင်းသံက နားကလောတယ်ကွာ”

“ဟုတ်တယ်ကွ. . အဲဒီကောင် အကောင်လုပ်နေတာ”

လမ်းတောင်ဘက်ခြမ်း ပလက်ဖောင်း၌ စကားထိုင် ပြောနေသော ဝင်းအေးတို့အဖွဲ့မှ မောင်ဌေးနှင့် မောင်ထွေးတို့ မှ လမ်းမြောက်ဘက်ခြမ်း ခြံဝင်းတစ်ခုအတွင်း ဂီတာတီးနေ သော မောင်ကျော်တို့အဖွဲ့မှ သီချင်းဆိုနေသူ ဇော်မောင်ဆိုသူ အား ဝေဖန်လိုက်၏။

“ဘယ်အကောင်လဲကွ”

“အဲဒီအကောင်လေကွာ”

မောင်ဌေးနှင့် မောင်ထွေး ဝေဖန်နေသည်ကို ဝင်း အေးမှ မသိဟန်ပြု၍မေးလိုက်ရာ မောင်ထွေးမှ အဲဒီအကောင်

www.burmeseclassic.com



လေကွာဟုဆိုကာ လက်တွင်းကိုင်ထားသော ဘီယာဘူးခွံတစ်ခု ဖြင့် မောင်ကျော်တို့ဂီတာဝိုင်းဘက်သို့ လှမ်းပစ်ပေါက်လိုက်၏။

“ဂလောက်. . ဂလောက်. . ဂလောက်. . ”

“ဘယ်ကောင်လဲကွ. . တို့ကိုပစ်တာ. . ဟေ့ကောင်. . ဝင်းကို မင်းပစ်တာလား”

“မသိဘူး. . ငါမပစ်ဘူး. . ဟေ့ကောင်တွေ ဇော်မောင် မေးနေတယ်. . ဘယ်သူပစ်တာလဲတဲ့”

“ဘာတွေလာရောင်းနေတာလဲ. . မဝယ်သေးဘူး ပြောလိုက်ကွာ”

“မလိုပါဘူးကွာ. . ငါ့နာမည် ဇော်မောင်တဲ့. . ကြားဖူးလား”

“ဘာလုပ်ရမှာလဲ. . ဖုတ်စားရမှာလား၊ ပြုတ်စားရမှာလား. . ဝါး. . ဟား. . ဟား. . ဟား. . ”

“သတ္တိရှိတဲ့ကောင် ထွက်ကွာ”

“ဟေ့. . ဖိုးဇော် မလုပ်နဲ့”

“မောင်ကျော်. . မင်းမပါနဲ့. . ဒီကောင်တွေ ငါရှင်းမယ်”





“မင်းက ဇော်မောင်၊ ငါက ဝင်းကို ပြောမရရင် လာခဲ့”

အခြေအနေက တမဟုတ်ချင်း ရှုပ်ထွေးသွားချေပြီ။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်စောင်နေခဲ့ကြရာမှ မပြောပလောက်သော ဘီယာဘူးခွံဖြင့်ပေါက်သည့်ကိစ္စ အကြောင်းပြု၍ ဇော်မောင် နှင့်မောင်ဌေး၊ မောင်ထွေးတို့ ရန်မီးပျိုးရာမှ ဘေးလူများဖြစ် သော ဝင်းကိုနှင့် ဇော်မောင်ဘက်မှ မောင်ကျော်တို့ ပါဝင်လာ ချေပြီ။ ထို့ကြောင့် ရန်မဖြစ်စေလိုသော ဇော်မောင်အား အခြား တစ်ဦးမှ ပြန်ဆွဲခေါ်သွားရာ လမ်းလယ်ခေါင်အမှောင်ထဲ၌ မောင်ကျော်တစ်ယောက်တည်း မောင်ဌေး၊ မောင်ထွေး၊ ဝင်းကို၊ ဝင်းအေးတို့နှင့် ရန်းရင်းဆန်ခတ်ဖြစ်ကာ ကျန်ခဲ့၏။

“အား. . ငါ့ကို ဓားနဲ့ထိုးမိသွားပြီ”

မောင်ကျော့်ထံမှ စူးစူးဝါးဝါးအော်ဟစ်သံ ထွက်ပေါ် လာပြီးနောက် မောင်ဌေး၊ မောင်ထွေး၊ ဝင်းကို၊ ဝင်းအေးတို့မှာ အခင်းဖြစ်ပွားရာမှ ဝေးရာသို့ ထွက်ပြေးသွားကြချေပြီ။

■

“အဲဒါပဲ ကိုဆွေရေ. . ဘာမှမဖြစ်လောက်တဲ့ဒေါသ စိတ်ကို ရှေ့တန်းတင်၊ လူငယ်တွေအတွေးမှာ အဟုတ်ကြီးထင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒေါသချင်းပြိုင်ခဲ့ကြတာ. . ဟော. . အခု တစ်ဖက်က မောင်ကျော်လည်း သေပြီ. . မောင်ကျော့်မိသားစုမှာ တန်ဖိုးဖြတ်မရတဲ့ဆုံးရှုံးမှုကြီးတစ်ခုကို ရင်ဆိုင်ခဲ့ရပြီ”

“အဲသလိုပဲ ဝင်းအေးကလည်း မောင်ကျော်ကိုသတ်မှုနဲ့ ထောင်ကျရဦးမယ်. . အဲဒီအခါကျရင် ဝင်းအေးရဲ့မိဘတွေ အနေနဲ့လည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ နေ့စဉ်နဲ့အမျှ ကြုံတွေ့ရပြီး မောင်ကျော့်မိဘတွေလိုပဲ အဖိုးမဖြတ်နိုင်တဲ့ ဆုံးရှုံးမှုကြီးတစ်ရပ်ကို ထပ်တူထပ်မျှ ခံစားရဦးမှာ”

(မှန်ပါသည်။ ကျွန်ုပ်ပြောသကဲ့သို့ပင် ဝင်းအေးမှာ မောင်ကျော်ကိုသတ်မှုဖြင့် ထောင်ဒဏ် (၁၀)နှစ် အပြစ်ပေးခံခဲ့ရပေသည်။)

“ပြီးတော့. . ကိုဆွေရယ်၊ နိုင်ငံတော်အတွက်လည်း ဒီလူငယ်နှစ်ယောက် အကယ်၍များ ဒီအဖြစ်မျိုးတွေမကြုံခဲ့ရင် နောင်တစ်ချိန်မှာ တိုင်းပြည်ရဲ့တာဝန်တွေကို အသီးသီးထမ်းဆောင်နိုင်တဲ့ လူတော်လူကောင်းတွေဖြစ်နိုင်တာမို့ အခုလို အဖြစ်မျိုးဖြစ်ခဲ့တော့ နိုင်ငံတော်အတွက်လည်း အဖိုးမဖြတ်နိုင်တဲ့ ဆုံးရှုံးမှုကို ကြုံရသလိုပါပဲ”





“ဒါကြောင့်ဗျာ. . အခုလို ဒေါသချင်းများပြိုင်ကြလို့ တစ်ယောက်ကသေ၊ တစ်ယောက်က ဥပဒေအရ အပြစ်ကျခဲ့တဲ့ ဒီဖြစ်ရပ်မျိုးမှာ ဘယ်သူများ အနိုင်ရတာရှိပါသလဲလို့ ကျွန်တော် မေးစမ်းချင်တယ် ကိုဆွေရယ်. . ဘယ်သူကများ အနိုင်ရပါသလဲလို့”

ကျွန်ုပ်သည် ပင့်သက်ကို မသိမသာချလျက် သတင်းထောက်အား မေးခွန်းထုတ်လိုက်မိပါတော့သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# မြစ်လေလေရာ ကဝဝိုင်းမှားများ

မောင်ခေ့
(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်လေရာ ဘဝတိုင်းမှာဗျာ

သီဟိုဠ်ပင်စိုက်ခင်းတွေဘေးက မြေကွက်လပ်ကျယ်ကြီးထဲမှာ လူတွေဟာ သူ့အုပ်စုနဲ့သူ စိတ်ဝင်စားမှုကြောင့် အုတ်အုတ်ကျက်ကျက်ဖြစ်နေလေရဲ့။

အရိပ်ကောင်းတဲ့ အပင်ကြီးတွေအောက်မှာတော့ တောက်တိုမယ်ရ စားသောက်ဖွယ်ရာ၊ ကွမ်းယာနဲ့ဆေးလိပ် စသည်အားဖြင့် ရောင်းချနေကြတဲ့ ဈေးသည်တွေရယ်၊ လိပ်ခေါင်း၊ ကျား၊ ယုန်၊ ဂေါက်ဂက်ခုံ သုံးခုံလောက်ရယ် အသီးသီးနေရာယူထားကြတယ်လေ။

ဒါပေမဲ့ ဒီပွဲက သူတို့ပွဲမဟုတ်ပါဘူး။ ဒီပွဲက ကျုပ်တို့ရဲ့ပွဲပါ။ သူတို့က အမြှောင်အကပ်လိုက်ချောင်းနေကြတဲ့လူတွေပေါ့။





ကျုပ်တို့ပွဲ ဘယ်နေရာပဲရောက်ရောက် သူတို့တစ်တွေ တ တကောက်ကောက်နဲ့ လိုက်ပြီးပါနေကျပဲ။

ကျုပ်တို့ပွဲမှာ ရှုံးသွားတဲ့ကစားသမားဟာ လက်ကျန်ငွေစအနည်းငယ်နဲ့ ဂေါက်ဂက်ခုံမှာသွားထိုင်ပြီး ဘိုင်ပွတ်ပွတ်တော့တာပဲ။ အဲဒီကတစ်ချို့ ရှုံးပြန်ရင် လင်းတမှိုင်မှိုင်ပြီး ကွမ်းယာဆိုင်ကြား သွားထိုင်လို့ ကွမ်းမြုံ့နေတော့တာပဲ။

ဒီနယ်မှာတော့ ဒီလောင်းကစားပွဲဟာ အကြီးကျယ်ဆုံးပဲ။ တကယ်ကြီးကျယ်သလားဆိုတော့ ဒီလိုလည်းမဟုတ်သေးဘူး။ ကျုပ်တို့နေရတာက မြို့ပေါ်ရပ်ကွက်။ ကျုပ်ရဲ့သခင် အားသန်တာက ကြက်တိုက်လောင်းကစားတဲ့အလုပ်။ မြို့ပေါ်ရပ်ကွက်ဆိုတာက သိတဲ့အတိုင်း ဥပဒေစက်ကွင်းမလွတ်ကင်းတဲ့နယ်မြေဆိုတော့ ဘယ်လိုလောင်းကစားမျိုးမှ ခိုးလုပ်လို့ မရဘူး။

ဒီတော့ ဝါသနာဖျောက်မရတဲ့ ကျုပ်ရဲ့သခင်က ကျုပ်ကို လက်သပ်မွေးပြီး မြို့နဲ့သုံးမိုင်လောက်ဝေးတဲ့ တောရွာတွေ၊ နွားစားကျက်တွေ၊ မြေကွက်လပ်တွေမှာချိန်းပွဲလုပ်ပြီး လောင်းကစားဝိုင်းကို သက်ဆိုင်ရာအာဏာပိုင်တွေမသိအောင် ခိုးလုပ်တယ်ပေါ့။

ခိုးလုပ်ရတဲ့ လောင်းကစားဝိုင်းဆိုတော့ ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြီးကျယ်မှာလဲ။ ဒါပေမဲ့ အဲဒီလို ခိုးလုပ်တဲ့ပွဲမျိုးကိုပဲ ကျုပ်သခင် ပါဝင်ဦးဆောင်တဲ့ပွဲမျိုးဟာ အကြီးကျယ်ဆုံးပဲလို့ ဆိုနိုင်တယ်လေ။

ကျုပ်လား. . ကျုပ်နာမည်ကို သခင်ကခေါ်တတ်တာ မဲလေးတဲ့။ ကျုပ်ရဲ့လည်ဆံမွေးမှာ အမည်းရောင်လဲည်ဆံမွေးက အရစ်လိုက်ခွေနေတာမို့ မဲလေးလို့ အမည်ပေးတယ်ဆိုပဲ။

ကျုပ်က တိုက်ကြက်အမျိုးအစားဝင် ကြက်ဖတစ်ကောင်ပေါ့။ ဥခွံကကျွတ်ပြီး အမွေးအတောင်စုံလို့ အထီးအမကွဲပြားလာပါပြီဆိုကတည်းက ရွယ်တူဆို ဗိုလ်မထားဘဲ ခွပ်အားသန်တဲ့ ကျုပ်အကျင့်ကို မျက်စိကျတဲ့ ကျုပ်သခင်က ကျုပ်ရဲ့ပိုင်ရှင်အဟောင်းဆီမှာ ဈေးကောင်းကောင်းပေးဝယ်ပြီး ခွပ်လက်ပုတ် (နည်းစနစ်တကျကြက်ခွပ်နည်း) လေ့ကျင့်ပေးတော့တာပဲ။

ဒီသခင်အသစ်လက်ထဲရောက်ကာမှ ကျုပ်ကို ခြေစ်အောင်ဆိုပြီး ဝါးကိုင်းသေးသေးလေးပေါ်မှာ အိပ်ခိုင်းတယ်။ မထမတော့ ကျုပ် ခြေကုပ်အား ဘယ်မြဲပါ့မလဲ။ ကြက်အိပ်ကြက်နိုးအဆင့်မဟုတ်တော့ဘဲ အိပ်လို့ကို မရတော့ဘူး။ နောက်တော့ ကောင်းကောင်းကျွမ်းကျင်သွားတယ်။

အဲဒီအကျိုးကျေးဇူးကြောင့် ပြိုင်ဘက်တစ်ကောင်နဲ့





ရင်ဆိုင်တဲ့အခါ ခြေယိုင်တယ်ဆိုတာ မရှိတော့ဘူး။

သခင်အသစ်လက်ထဲရောက်မှ ကြက်အခွင့်အရေးတွေ အများကြီးဆုံးရှုံးရတယ်။

ဟုတ်တယ်လေ. . ကြက်ဆိုတာ အစာကို ယက်ပြီးစားသောက်ရမှ ကျေနပ်တဲ့သတ္တဝါမျိုးမဟုတ်လား။ အခု ကျုပ်က ဒီသခင်အသစ်လက်ထဲရောက်မှ အစာကိုလည်း ယက်ပြီးမရှာရဘူး။ ဒါပေမဲ့ စပါးအစေ့ကောင်းချည်းပဲ စားရတယ်။

ပြီးတော့ ကြက်ဖတို့ရဲ့သဘာဝအရ ကြင်ဖက်ရှာချင်တယ်။ ဒီသခင်အသစ်က ကျုပ်ကို အဲဒီလိုအခွင့်အရေးကို ပိတ်ပင်ထားတယ်။

ညဆို သူ့အိပ်ရာနံဘေးမှာ ခြင်ထောင်တစ်လုံးနဲ့ သပ်သပ်အိပ်တန်းတက်ရတယ်။

အမြဲတမ်း လက်ပူတိုက်၊ ကျပ်ထုပ်ထိုးပေးတယ်။ ကြာတော့လည်း ကြက်ဖြစ်တဲ့ကျုပ်ဟာ စိတ်ညစ်လာတယ်ဗျာ။ ကြက်တစ်ကောင်ရဲ့လွတ်လပ်ခွင့်တွေကို ပြန်လိုချင်လာတယ်။

ခက်တာက ကျုပ်က အတိုက်အခိုက်ဝါသနာကြီးတာမို့ ဒီသခင်အသစ်လက်ထဲရောက်မှ အနယ်နယ်အရပ်ရပ်က ကြက်ဖပေါင်းစုံနဲ့ ခြေရည်စမ်းခွင့်ရခဲ့တယ်လေ။ ခြေရည်စမ်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်ဆိုပေမယ့်လည်း သူ့သေကိုယ်သေခွပ်ကြရတဲ့ပွဲတွေ ချည်းပါပဲ။

အဲသလို တိုက်ခိုက်မှုဝါသနာကြီးတဲ့ကျုပ်ကို အရင်းပြု ပြီး အလောင်းအစားဝါသနာကြီးတဲ့ ကျုပ်သခင်အသစ်က အမြဲ တမ်း ကြေးကြီးကြီးနဲ့ လောင်းလေ့ရှိတယ်။

အဲသလိုနဲ့ပဲ ခွပ်ချင်လှတဲ့ကျုပ်နဲ့ အလောင်းအစား ကြီးတဲ့ ကျုပ်သခင်တို့ဟာ အပြန်အလှန် ခင်မင်တွယ်တာခဲ့ တယ်လေ။

ကျုပ်ဘဝမှာ ရှုံးပွဲဆိုလို့ ပထမဦးဆုံးစခွပ်ကြတဲ့ ကြက် တိုက်ပွဲကြီးတစ်ပွဲပဲရှိတယ်။ ကျုပ်အတွက်က ငွေကြေးနဲ့လောင်း ကြေးထပ်ပြီး ခွပ်ကြတဲ့ အဲဒီလိုပွဲမျိုးမှာ အဲဒီလောက်လူတွေ များပြားတဲ့ပွဲမျိုးကို တစ်ခါမှမကြုံဖူးတော့ ပွဲလန့်တာလည်းပါ တာပေါ့။

ဒါပေမဲ့ အဲဒီတုန်းက ကြက်ကြက်ချင်းခွပ်လို့ ဒီလောက် မနာပါဘူး။ စည်းအပြင်ထွက်ပြေးမိလို့ ရှုံးသွားတဲ့ကျုပ်ကို မြေ ထောက်နဲ့ပိတ်ကန်ခံလိုက်တာ ခံရလို့ နာလိုက်တာမပြောပါနဲ့ တော့။ တစ်ခါမှ အဲဒီလိုဝေဒနာမျိုး မခံစားဖူးဘူး။ ဒါနဲ့ပဲ အဲဒီအချိန်က စပြီး ကြက်ပွဲတိုင်း ကျုပ် နိုင်အောင်ခွပ်တော့





တာပဲ။ ကျုပ်သခင်ကို တစ်ခါတည်းနဲ့ လန့်သွားပြီလေ။

ကြက်ပွဲနိုင်တဲ့နေ့ဆိုရင် ကျုပ်သခင်ဟာ အကြီးအကျယ် အောင်ပွဲခံတဲ့နေ့ပေါ့။ သူ့အပေါင်းအသင်းတွေနဲ့ ဘီယာဆိုင်မှာ သောက်လိုက်စားလိုက် ပျော်လိုက်ပါးလိုက်ကြနဲ့ပေါ့။ ကျုပ် အတွက်ကတော့ ထုံးစံအတိုင်း အကောင်းစားစပါးစေ့နဲ့ သောက်ရေသန့်ပဲပေါ့။

■

"မဲလေးနဲ့ဘက်ရှိရင် ဒီမှာ ငွေလာထပ်။ မဲလေးတဲ့ကွ။ ဒီနယ်မှာ တစ်ကောင်တည်းရှိတယ်။ ကြက်ချင်းတူရင် ဗိုလ် မထားဘူး။ ကြိုက်တဲ့ကြက်လာခဲ့။ ဖေ့သားကြီးရေ. . မဲလေး အသံလေးကို ကြက်တိုင်းကကြားရအောင် တွန်ပြလိုက်စမ်း"

ကျုပ်သခင်ရဲ့စကားအဆုံးမှာ အကင်းပါးစွာနဲ့ပဲ ကျုပ် ဟာ ရင်ကိုကော့ ခေါင်းကိုမော့ပြီး ကောင်ပံကိုထဖျပ်ဖျပ် ရိုက် ခတ်လိုက်ပြီး အောင်မြင်ခန့်ညားစွာ တွန်ကျူးလိုက်ပါတော့ တယ်။

'ဖြန်း. . ဖြန်း. . ဖြန်း. . "

"အောက် အီး အီး အွတ်"

အသံရှည်မဆွဲဘဲ အသံပြတ်နဲ့တွန်ချလိုက်တဲ့တွေ့ရသံ

www.burmeseclassic.com



ကြောင့် အမျိုးတူကြက်ဖ အချင်းချင်းသာမက ကြက်ထိန်း၊ ကြက်သခင်တွေပါ ကျုပ်အရည်အသွေးကို အကဲခတ်မိသွားကြတာမို့ အားလုံးဟာ ကျုပ်ဆီကို အကဲခတ်တဲ့မျက်လုံးတွေနဲ့ ကြည့်လာကုန်ကြပါတော့တယ်။ ဒါကြောင့် ကျုပ်ဟာ ကိုယ့်ကိုယ်ကိုယ် သဘောကျစွာနဲ့ ကြက်တို့ရဲ့ သဘာဝအတိုင်း ရယ်လိုက်မိပါတော့တယ်။

"ကတော့. . ကတော့. . ကတော့. ."

နေက ထန်းတစ်ဖျားသာသာကျော်လာပါပြီ။ ကြက်ဝိုင်းဟာ နေမြင့်လာတာနဲ့အမျှ အလောင်းအစားလုပ်မယ့် ပရိသတ်တွေ တဖြည်းဖြည်း ပိုမိုများပြားလာပါတယ်။

ဒီလိုနဲ့ပဲ ကျုပ်နဲ့ပြိုင်ဘက် ကြက်တစ်ကောင်ပေါ်ထွက်လာပါတယ်။ တိုက်ကြက်အမျိုးအစားပါပဲ။ ပျဉ်းမနားဘက်က လာတယ်လို့ ဘေးလူတွေက ပြောကြတာပဲ။ ပုံစံကြည့်ရတာတော့ အတွေ့အကြုံအတော်ရင့်တဲ့ပုံပါပဲ။

ခေါင်းပိုင်းက လည်ပင်းအထိ မွေးနုတွေ တစ်ပင်မှ မရှိတော့ဘဲ ထိပ်ပြောင်နေတဲ့လူကြီးလို ပြောင်သလင်းခါနေတယ်။

သူ့နာမည်က ဖော်လေးတဲ့။ ဖော်လေးနဲ့ မဲလေး။





ပျဉ်းမနားသားနဲ့ တောင်ငူသား တွေ့ကြပြီပေါ့ဗျာ။ ကျုပ်သခင်နဲ့ သူ့သခင် လောင်းကြေးညှိလို့အဆင်ပြေသွားတာနဲ့ ကျုပ်တို့နှစ်ကောင်ကို ပထမအချီ လွှတ်ပေးလိုက်တယ်။

ပျဉ်းမနားကဖော်လေးဆိုတဲ့အကောင်ကလည်း ဘယ်ခေလို့လဲ။ လွှတ်လွှတ်ချင်း ကျုပ်ကို တန်းကြုံးတော့တာပဲ။ ကျုပ်ရဲ့ဉာဉ်က တစ်ဖက်သားကို အကဲခတ်ပြီး ဟာကွက်ပျော့ကွက်ကိုတွေ့တာနဲ့ တစ်ပြိုင်နက် အပိုင်ခွပ်လေ့ရှိတာမို့ နောက်ကိုတစ်လှမ်းဆုတ်ရှောင်ပေးရင်း ခေါင်းကိုပါ တစ်ပြိုင်တည်း ငုံ့ပေးလိုက်တယ်။

ပြေးဝင်လာတဲ့ ပြိုင်ဘက်ဟာ သူ့အရှိန်သူမထိန်းနိုင်ဘဲဖြစ်နေတုန်းဆိုတဲ့ ပျဉ်းမနားကကြွတ်ဦးခေါင်းကို ကျုပ်ရဲ့ ..သီးနဲ့ 'ဆတ်ခနဲ' အပိုင်ဆိတ်ပြီး ခြေစုံနဲ့ 'ဖြောင်းခနဲ' ..ည်အောင် ပစ်ကြုံးလိုက်တယ်။ ကျုပ်ရဲ့ခြေစုံရိုက်ချက်ဒဏ်တာ ဖော်လေးရဲ့လည်မြိုကို ထိထိမိမိကြီး ခွပ်ပစ်လိုက်နိုင်တယ်ပေါ့။

ဒီမှာတင် ကျုပ်ရဲ့တိုက်ခိုက်မှုကိုမခံနိုင်တဲ့ ဖော်လေးခမျာ ချာလည်ချာလည်ဖြစ်နေတုန်း သူ့သခင်က ရေပေးဖို့ ပွဲကို ခဏဆိုင်းခွင့်တောင်းပါတော့တယ်။

"ဟေး. . မဲလေးကွ. . တောင်ငူမဲလေး. ."



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားဝါသနာရှင်ပရိသတ်ကြီးက ဝေါခနဲ မြည်အောင် ဩဘာပေးလိုက်တဲ့အချိန်မှာပဲ ကျုပ်သခင်က လည်း ရေပေးဖို့ ကျုပ်ကို တယုတယကောက်ယူလိုက်တယ်လေ။ ကျုပ်လည်း ဘာပြောကောင်းမလဲ။ တစ်ဖက်သားမခံချင်အောင် အောင်နိုင်သူအသံနဲ့ သခင့်လက်ထဲကနေ ဝင့်ဝင့်ကြွားကြွား တစ်ခါတွန်ပြလိုက်တယ်။

"အောက်အီးအီးအွတ်"

ဒုတိယအချီ ကျုပ်နဲ့ဖော်လေးဆိုတဲ့ ပျဉ်းမနားကကြက် တို့ စည်းဝိုင်းထဲမှာ နောက်တစ်ခါထပ်တွေ့ကြပြန်ပြီလေ။

ဒီတစ်ချီမှာတော့ ဖော်လေးဟာ ပထမအချီက ကျုပ် ရဲ့ခြေ ဘယ်လောက်ပြင်းတယ်ဆိုတာသိသွားဟန်တူပါရဲ့။ အရမ်းမဝင်ရဲတော့ဘူး။ ချိန်ကာဆကာနဲ့ သူတစ်ပြန် ကိုယ် တစ်ပြန် ခွပ်ကြရင်း အပိုင်ခွပ်နိုင်မယ့်အချိန်ကို စောင့်မျှော် လို့ ခွပ်နေပါတော့တယ်။

ကျုပ်ကလည်း ဖော်လေးကို ထပ်ပြီး အပိုင်ခွပ်နိုင်ဖို့ အခွင့်သာမယ့်အချိန်ကို သတိကြီးစွာနဲ့ စောင့်ပြီးခွပ်လို့ ကောင်း နေတုန်း ဗြုန်းဆို အသံနက်ကြီးနဲ့ လူတစ်ယောက် ဗူးဗူးဝါးဝါး အော်ဟစ်သတိပေးလိုက်သံက ကျုပ်တို့ကြက်ဝိုင်းရှိနေတဲ့ နယ်





မြေတစ်ခုလုံးကို ဖုံးလွှမ်းသွားပါတော့တယ်။

"ရဲတွေလာနေပြီဟေ့. . ပြေးကြ. . ပြေးကြ"

ဒီအော်ဟစ်သံကြီးရဲ့နောက်ဆက်တွဲက ကျုပ်အတွက် အကုသိုလ် အတုံးလိုက်အတစ်လိုက်ဝင်လာမယ့် နိမိတ်ဆိုး ကြီးဆိုတာ မသိခဲ့ဘူး။

ရဲတွေလာနေပြီ ပြေးကြလို့ သတိပေးလိုက်တဲ့အသံ မဆုံးခင်မှာပဲ ကျုပ်တို့ကြက်တိုက်ပွဲကို လာရောက်ကြည့်ရှု နေကြတဲ့လူတွေအကုန်လုံး သတ္တိကောင်းစွာနဲ့ ခြေဦးတည့်ရာ ပြေးလိုက်ကြတာ လဲသူလဲ၊ ကွဲသူကွဲ၊ ပြိုသူပြို၊ ငိုသူငိုနဲ့ အဲဒီ နယ်မြေမှာတော့ ဧရိပ္ပက်သလိုပါပဲ။

ကျုပ် တရားကျမိတယ်။ ဩော်. . လူတွေ. . လူတွေ မတရားမှန်းသိလျက်နဲ့ ခွင့်ပြုမိန့်ရသလို လောင်းကစားဝိုင်း တွေလုပ်ကြပြီး တကယ်တမ်း ရဲကလာဖမ်းတော့လည်း ကြောက် လိုက်ကြတာ တုန်လို့။

ကျုပ်ကတော့ ကြက်ပဲ။ ကြောက်ရမှန်း ဘယ်သိပါ့ မလဲ။ လူတကာတွေ ပြေးလွှားနေပေမယ့် ကျုပ်နဲ့ဖော်လေး ကတော့ ဘတစ်ပြန် ကျားတစ်ပြန် ခွပ်လို့ကောင်းနေတုန်း အဲဒီမှာတင်ပဲ. .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ရဲဘော်တို့. . ကြက်တွေကို မိအောင်ဖမ်း။ အဲဒါ လောင်းကစားသက်သေခံပစ္စည်းတွေပဲ။ အရေးကြီးတယ်"

အရာရှိဖြစ်ဟန်တူသူရဲ့အမိန့်သံအဆုံး ကျုပ်နဲ့ဖော်လေးကို ရဲနှစ်ယောက်က တစ်ယောက်တစ်ကောင်စီ ဒိုင်ဝင်ထိုးပြီး ဖမ်းကြပါတော့တယ်။ ရဲတွေဟာ လက်ကြမ်းကြီးတွေနဲ့ မညှာမတာ ကျုပ်တို့ကို ဖမ်းလိုက်တော့ ကျုပ်မှာ နာလွန်းလို့ အကျယ်ကြီးအော်လိုက်မိတယ်။

"ကတော့"

■

"ဩော်. . ဒုက္ခ. . ဒုက္ခ. . ကြက်ဖြစ်ရတဲ့ဘဝမှာတောင် အချုပ်ထဲရောက်ရသေးတယ်နော်။ ဘယ်လိုများ အတိတ်ဘဝကအကုသိုလ်များခဲ့လို့ပါလိမ့်"

လည်ပင်းမှာ ကင်မရာတစ်လုံးကိုလွယ်ပြီး ကျုပ်ဆိုတဲ့မဲလေးနဲ့ ဖော်လေးဆိုတဲ့ ဖျဉ်းမနားကြက်နှစ်ကောင်ထည့်ထားတဲ့ အချုပ်ခန်းကို လှည့်ပတ်ကြည့်ရင်းက ကြီးကြီးကျယ်ကျယ်ပြောနေတဲ့ သတင်းထောက်ဆိုတဲ့လူကို တော်တော် မြင်ပြင်းကပ်မိပါရဲ့။





ဘယ့်နှယ့်ဗျာ၊ နေ့လယ်ကတည်းက လူတွေနဲ့အတူရောပြီးအဖမ်းခံရတဲ့အပြင် လူတွေလိုပဲ အချုပ်ခန်းထဲရောက်နေတဲ့ ကျုပ်တို့နှစ်ကောင်ကို အစာလာကျွေးမယ့်လူမရှိ၊ ရေတိုက်မယ့်လူလည်းမရှိ။ လူတွေလို ဗိုက်ဆာနေပြီလို့ ပြောလို့လည်းမတတ်။ ကြက်တို့ရဲ့သဘာဝအတိုင်း ဗိုက်ဆာတယ်၊ ကတော်. . ကတော်. . အော်တော့လည်း ဘယ်သူမှနားမလည်။ အစာငတ် ရေငတ်ဖြစ်နေလို့ ဒေါသဖြစ်နေရတဲ့အထဲ အဲဒီမှုခင်းသတင်းထောက်ဆိုတဲ့လူက တင်တင်စီးစီးစကားကို ပြောနေသေးတယ်။

အဲ. . ဒါပေမဲ့ မှောင်ရီပျိုးချိန်မှာတော့ ဂါတ်စာရေးကြီးရောက်လာတယ်ဗျ။ သူ့လက်ထဲမှာလည်း ကျုပ်တို့နှစ်ကောင်စားဖို့ ညစ်ထေးထေးဆန်နည်းနည်းနဲ့ ရေခွက်တစ်ခွက်လည်း ပါလာခဲ့တယ်။

ဒါပေမဲ့ ကျုပ်သခင်က ကျုပ်ကို စပါးအကောင်းစားတွေနဲ့ အကျင့်ဆုပ်ပြီး ကျွေးခဲ့တာဆိုတော့ ကျုပ် ပထမတော့ မစားဘဲနေကြည့်သေးတယ်။ နောက်တော့ ကိုယ့်သခင်ဆီမှာမှ မဟုတ်ဘဲ အချုပ်ထဲမှာဆိုတော့ ဒီလိုပဲစားရမှာပေါ့ဆိုပြီး ကြိတ်မှိတ်စားရတော့တာပဲ။ ရေဆိုလည်း ဒီလိုပေါ့။ ကျုပ်သခင်ဆီ

www.burmeseclassic.com



မှာတုန်းက ရေသန့်သောက်နေခဲ့တာ။ ဒီကျတော့ ဖြစ်သလို ကြုံသလိုရေနဲ့ နှစ်ပါးသွားရတော့တာပေါ့။

ဒါပေမဲ့ လူတွေကတော့ ကျုပ်တို့ကြွက်တွေနဲ့ မတူပါဘူး။ အချုပ်ထဲမှာနေတာချင်းအတူတူ လူတွေက ရေသန့် မှာသောက်လို့ရတယ်။ ကြိုက်တာမှာစားလို့ရတယ်။ အချုပ်ထဲမှာ လက်ထိတ်အခတ်မခံရဘူး။

ကျုပ်တို့ကြွက်တွေကျတော့ ရေသန့်လည်း တိုက်မယ့်သူမရှိဘူး။ စပါးစေ့လည်း လာကျွေးမယ့်လူမရှိဘူး။ ခုဟာတွေတောင်မှ ဂါတ်စာရေးကြီးကျွေးလို့ စားနေသောက်နေရတာ။ သူ့ကိုတောင် ကျေးဇူးတင်ရဦးမယ်။ မောင်မင်းကြီးသား ဂါတ်စာရေးကြီး ဦးမောင်ကို ရာထူးများများတိုးပါစေ။

အဲ. . လူတွေက အချုပ်ထဲမှာ လက်ထိတ်အခတ်မခံရပေမယ့် ကျုပ်တို့ကြွက်နှစ်ကောင်ကျတော့ ကြိုးတန်းလန်းနဲ့ အချည်ခံထားရတယ်လေ။ အချုပ်ထဲမှာတောင် ကြိုးနဲ့အချည်ခံထားရတဲ့ ကျုပ်တို့တိရစ္ဆာန်ဘဝဟာ ဘယ်လောက်များ ရင်နာစရာကောင်းသလဲ။ ပိုဆိုးတာက ကြွက်ဝိုင်းကဖမ်းမိတဲ့လူတွေက အာမခံကိုယ်စီနဲ့ အလျှိုအလျှို အချုပ်ထဲကလွတ်သွားကြပေမယ့် ကျုပ်တို့နှစ်ကောင်ကိုတော့ အာမခံပေးလို့မရဘူးတဲ့လေ။





လောင်းကစားကိရိယာအဖြစ်အသုံးပြုတဲ့ သက်သေခံပစ္စည်းမို့လို့တဲ့။ ကိုင်း. . ဘယ်လောက်တရားကျဖို့ကောင်းသလဲ။

တကယ်ဆို ကျုပ်တို့ကြွက်တွေကို လူတွေကခိုင်းလို့ ခွပ်ကြရတာပါ။ ကြွက်ပွဲမှာနိုင်လို့လည်း အဲဒီလောင်းကြေးငွေရဲ့အရသာကို ကျုပ်တို့ကြွက်တွေ မခံစားရပါဘူး။ အဲ. . ရှုံးတဲ့အခါကျရင်သာ ရက်ရက်စက်စက်ရိုက်သတ်ပြီး ချက်စားတာခံရသေးတာ။

သတင်းထောက်ပြောသွားတာ ကျုပ် သဘောပေါက်နားလည်သွားပြီ။ ဟုတ်ပါတယ်လေ။ အတိတ်ကံအကြောင်းမကောင်းခဲ့လို့ တိရစ္ဆာန်ဖြစ်ရတဲ့ ဒီဘဝမှာတောင် အချုပ်ထဲမှာ အာမခံမရတဲ့အပြင် ကြိုးနဲ့တုပ်နှောင်ချည်ထားခံရသေးတယ်။

ဒါကြောင့် ဖြစ်လေရာဘဝတိုင်းမှာ သံသရာကမလွတ်သေးသရွေ့ အချုပ်ထဲ ထောင်ထဲရောက်ရတဲ့အဖြစ်ဆိုးမှ ကင်းလွတ်ရပါလို၏လို့ ကျုပ် ဟစ်ကြွေးဆုတောင်းမိလိုက်ပါတယ်။

"အောက်အီးအီးအွတ်. . ."

■

မောင်ဆွေ(တောင်ငူ)

www.burmeseclassic.com